www.burmeseclassic.com

သိန်းမင်းစာပေ



လုံးချင်းဝတ္ထုသစ်

# မုဍာလျှရိုး ၆၀

## တားဆီးမရတဲ့သံယောဇဉ်တွေ

မန်းနှီသိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၈၁/ ၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက် ၈၄၄/ ၂၀၀၃ (၇)

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ
အုပ်ရေ ၂၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ကွန်ပျူတာ
Dream City

မှိုဇာလျှမ်းဝေ

# တားဆီးမရတဲ့ သံယောဇဉ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

"တားဆီးမရတဲ့ သံယောဇဉ်တွေ"

မည်သူကိုမျှ မရည်ရွယ်ပါ။ တိုက်ဆိုင်မှုနှင့် အမှားအယွင်း ရှိလျှင် ခွင့်လွှတ်ပါရန်. .

လေးစားချစ်ခင်လျက်

မိုဇာလျန်းဝေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

တရိပ်ရိပ်ပြေးလွှားနေသော အဲယားကွန်းဘက်(စ်) ကားပေါ်တွင် သွယ်လျချောမောလှပသော မိန်းမချောလေး သက်နှင်းဝေကား ငေးမောတွေးတော၍ ငြီးလိုက်ပါလာသည်။

တစ်ချက်တစ်ချက် ငိုက်မျဉ်းသွားပြီး ပြန်လည်နိုးထလိုက်တိုင်း သူ့အတွေးထဲမှာ စိုးမိုးနိုင်စားပြီး လွှမ်းမိုးထားခဲ့သည်က နံ့သာမြိုင်ပါပဲ။

ငယ်စဉ်ကလေးဘဝ သိတတ်သည့်အရွယ်ကတည်းက မခင်ကြီး ဦးမောင်မောင်ထံမှ မကြာခဏကြားရ ယဉ်ပါးခဲ့ရသော နံ့သာမြိုင်ဂေဟာကြီးသည် အိပ်မက်ထဲက ရဲတိုက်ကြီးပါပဲ။

"ဖေဖေသိပ်မြတ်နိုးတမ်းတခဲ့တဲ့ နံ့သာမြိုင်ဆီကို သမီးသွားနေပါပြီ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်တွေ့နိုင်တဲ့ဘဝကနေ သမီးအတွက် ဖေဖေစိတ်ချမ်းသာပါ စိတ်ချပါနော်"

ဘဝတစ်ပါးသို့ပြောင်းသွားပြီဖြစ်သော ချစ်လှစွာသော ဖခင်ကြီးကို တမ်းတမိစဉ်ခိုက်မှာ သင်နှင်းဝေရဲ့ နှလုံးသားထဲမှာ မခံမရပ်နိုင်လောက်အောင် စူးရှ၍ကျင်သွားသည်။

"ဖေဖေ့ကို သမီး အရမ်းသတိရတယ်"

မျက်ဆန်ဖြူဖြူပြာလဲ့လဲ့၊ မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ စို့တက်လာသည်။ ဘေးက ခရီးသည်မသိအောင် စို့တက်လာသော မျက်ရည်တွေကိုကျိတ်ပြီး သုတ်သိမ်းလိုက်သည်။

"ဖေဖေရယ် . . နံ့သာမြိုင်ကို ဖေဖေနဲ့သာ အတူသွားရရင် သမီးအရမ်းကိုပျော်မှာပဲ"

အသက်သာ သေဆုံးသွားသည့် နံ့သာမြိုင်ကို နှစ်နှစ်ဆယ်ကျော်ခြေချခွင့်မရခဲ့သော ဖခင်ရဲ့အဖြစ်ဆိုးကိုတွေးပြီး ရင်မှာ တသိမ့်သိမ့် ဆွေးမြည့်ရပြန်သည်။

သူနှင့် ယှဉ်တွဲပြီးထိုင်နေသော ခပ်ဝဝအမျိုးသမီးကြီးက မကြာခဏ သူ့ကိုစူးစမ်းသောအကြည့်တွေနှင့် ကြည့်နေသဖြင့် သက်နှင်းဝေက သူ့မျက်နှာကို အတတ်နိုင်ဆုံး ပြတင်းပေါက်ဘက်လှည့်ပြီး အပြင်သို့သာ ငေးနေသည်။

ထိုသို့ငေးနေရင်း ခြေခုံပေါ်သို့ တစ်စုံတစ်ခုပြုတ်ကျသည်ကို





ခံစားပြီး၍ ငုံ့ကြည့်လိုက်တော့ ဘေးခုံက ခပ်ဝဝအဒေါ်ကြီးရဲ့ ပိုက်ဆံအိတ်ပါ။

ထိုအဒေါ်ကြီးက ပိုက်ဆံအိတ်ကိုကုန်းပြီး ကောက်ယူသော်လည်း ပူဖောင်းနေသော ဗိုက်ကြီးခံနေ၍ ထင်တိုင်းမပေါက်ဘဲရှိနေသည်။ သက်နှင်းဝေက သွက်လက်စွာ ပိုက်ဆံအိတ်ကိုကောက်ပြီး အဒေါ်ကြီးကိုပေးလိုက်သည်။

"ကျေးဇူးပါပဲကွယ်"

"ရပါတယ် အန်တီ"

တစ်ဖက်က ကျေးဇူးတင်စကားကို သက်နှင်းဝေက ခပ်ပြုံးပြုံးနှင့် တုန့်ပြန်လိုက်သည်။

"မိန်းကလေးက တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"အန်တီက သားပါတယ် . . ဟိုးထိုင်ခုံမှာလေ"

နောက်ဖက်က ထိုင်ခုံဆီသို့ အဒေါ်ကြီးက လှမ်း၍ ညွှန်ပြသည်။ သက်နှင်းဝေကြည့်လိုက်စဉ် ငယ်ရွယ်ပြီး ခေါ့ချမောသော ယောကျာ်းပျိုတစ်ယောက်ကို တွေ့လိုက်ရသည်။

"လက်မှတ်ဝယ်တာ နောက်ကျလို့ သားအမိနှစ်ယောက် တစ်ခုံတည်း ဆက်လျက် မရဘူးလေ"

"ဪ . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စကားပြောဆိုနေရင်း ကားများရပ်သွားပြီး ခရီးသည်များစားသောက်သည့်နေရာသို့ ရောက်သည်။ ခရီးသည်များ ကားပေါ်က ဆင်းသည်မို့ သက်နှင်းဝေပါ ဆင်းလိုက်သည်။

"တူမတစ်ယောက်တည်းမဟုတ်လား.. အန်တီတို့နဲ့ လာထိုင်လေ"

ခရီးသွားဖော်တွေမို့ သက်နှင်းဝေ ထိုအဒေါ်ကြီးနှင့် တစ်စားပွဲတည်း ထိုင်လိုက်သည်။ သူတို့စားပွဲဆီသို့ အဒေါ်ကြီးရဲ့သားက ရောက်လာသည်။

"သားရေ ဘာစားမလဲ မှာလေ"

"မေမေရော ဘာစားမှာလဲ"

စားသောက်ဖွယ်ရာများ အမြန်မှာစားပြီး အဒေါ်ကြီးက စတင်မိတ်ဆက်သည်။

"စကားသာပြောနေတယ်၊ တစ်ယောက်နာမည် တစ်ယောက်မသိရသေးဘူးနော်"

"ဟုတ်ကဲ့ အန်တီ.. ကျွန်မက သက်နှင်းဝေပါ"

"နာမည်လေးက လှလိုက်တာ.. အန်တီ့နာမည်က ဒေါ်မေလင်းပါ.. သားနာမည်က ကျော်ကျော်လင်းပါ"

"ဟုတ်ကဲ့.. သိရတာ ဝမ်းသာပါတယ်"

"သက်နှင်းဝေက မန္တလေးမှာနေတာလား"

"မဟုတ်ပါဘူး.. ရွာတောင်ကိုသွားမလို့ပါ"





"ဟင်.. ဟုတ်လား.. ရွာတောင်မှာ ဘယ်သူရှိလို့လဲ"

"ကြီးတော်ပါ"

"အန်တီတို့လဲ စစ်ကိုင်းကပဲလေ.. သက်နှင်းဝေရဲ့ ကြီးတော်နဲ့ သိမှာပဲ.. သူက ဘယ်သူလဲ"

"နှံ့သာမြိုင်က ဒေါ်မာယာကြွယ်ပါ"

"ဟင် မာလာကြွယ်ရဲ့ တူမကိုး"

ဒေါ်မေလင်းရဲ့မျက်နှာက ခပ်မှဲ့မှဲ့ဖြစ်သွားသည်။ သက်နှင်းဝေကို စေစေ့ကလောက် ခင်မင်မှုမရှိတော့သောအကြည့်တွေနှင့် ကြည့်လိုက်သည်။

"အန်တီက ကြီးကြီးနဲ့သိလို့လားဟင်"

"အင်း သိတော့သိခဲ့ကြပါတယ်"

ဒေါ်မေလင်းက စကားနည်းသွားသလို သက်နှင်းဝေကို သိမ်ပြီး အဖတ်မလုပ်တော့ပါ။ သားဖြစ်သူ ကျော်ကျော်လင်းကသာ ရွှန်းလဲ့သောအကြည့်များနှင့် သက်နှင်းဝေကိုကြည့်နေသည်။

သက်နှင်းဝေက အစားအသောက်ကို မြန်မြန်စားလိုက်ပြီး ကျသင့်ငွေကို ရှင်းကာ ဒေါ်မေလင်းတို့ကို ဝတ်ကျေတမ်းကျေ နှုတ်ဆက်ပြီး ကားပေါ်ပြန်တက်ခဲ့သည်။

"အင်း.. ဒေါ်မေလင်းနဲ့ ကြီးကြီးက မတည့်ကြဘူးထင်တယ်၊ ကြီးကြီးနာမည်ပြောလိုက်ရော.. ငါ့အပေါ်ဆက်ဆံရေးက ကွဲသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . အဲဒါပဲကောင်းပါတယ်. . တစ်ချိန်လုံး စကားပြောပြောနေတာ နားပြီးတယ်"

ကားထွက်ခါနီးမှ ဒေါ်မေလင်းတို့သားအမိ ကားပေါ်သို့တက်လာသည်။ ဒေါ်မေလင်းက သက်နှင်းဝေရဲ့ဘေးမှာ ဝင်ထိုင်ရင်း အသက်မပါသော အပြုံးတစ်ခုကို ပြုံးလိုက်သည်။

"သက်နှင်းဝေက နေ့သာမြိုင်ကိုသွားလည်တာလား"

ခပ်တန်းတန်းနေမည်ဟု စိတ်ကူးမိသော်လည်း ဒေါ်မေလင်းက စပ်စုချင်သောစိတ်ကို မထိန်းနိုင်၍ သက်နှင်းဝေကိုမေးလိုက်သည်။

"အပြီးသွားနေမှာပါ"

"ဩော်"

အလွန်ချစ်စရာကောင်းသော သက်နှင်းဝေကိုကြည့်ပြီး ဒေါ်မေလင်းက အလိုမကျစွာ တွေးလိုက်သည်။

"သက်နှင်းဝေသာ မာယာကြွယ်ရဲ့တူမမဟုတ်ရင် သိပ်ကောင်းမှာပဲ"

သက်နှင်းဝေကို သားဖြစ်သူအတွက် မျက်စိကျနေသဖြင့် ဒေါ်မာယာကြွယ်နှင့် မပတ်သက်လျှင် ဘယ်လောက်များကောင်းလိမ့်မလဲဟု တွေးလိုက်မိသည်။

ထမင်းကို အဝစားခဲ့သော ဒေါ်မေလင်းက ကားထွက်ပြီး





အကြာမှာ ငိုက်မျဉ်းလာပြီး အိပ်ပျော်သွားသည်၊ တခေါခေါနှင့် အိပ်ပျော်ရင်း သက်နှင်းဝေထံသို့ သူ့ရဲ့လေးပင်သော ကိုယ်ကြီးက စောင်းပြီး ပိလာသည်။

သက်နှင်းဝေက တစ်ဖက်သို့ ကိုယ်ကို တိုးရွှေ့လိုက်သော်လည်း ဖိထားသော ကိုယ်ခန္ဓာအလေးချိန်က လျော့မသွားပါ။ ဒေါ်မေလင်းရဲ့ တခေါခေါဟောက်သံနှင့်အတူ လေးပင်သော ဖိအားကို သက်နှင်းဝေက စိတ်ပျက်လက်ပျက်ကြီး ခံစားနေရသည်။

ပတ်ဝန်းကျင်က အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာသည်။ ကားထဲမှာ အဲယားကွန်းဖွင့်ထား၍ အအေးဓာတ်ကလည်း ပိုပါသည်၊ ဒေါ်မေလင်းရဲ့ ခန္ဓာကိုယ်ကြီးကို သာယာလေးပြန်တွန်းလိုက်သည်။

ဒေါ်မေလင်းက နိုးသွားပြီး သူ့ကိုကြည့်သည်။ ပြီးတော့ အားနာသည့်ဟန်နှင့် ပြောသည်။

"အန်တီအိပ်ပျော်သွားတယ် Sorry နော်"

"ရပါတယ်. . ကျွန်မ အနွေးထည်ဝတ်ချင်လို့ အန်တီ့ကို ဖယ်လိုက်မိတာပါ"

"ရပါတယ်ကွယ်"

သက်နှင်းဝေက အားကုန်အားနာဖြစ်သည့်ပုံစံနှင့်ပြောလိုက်သဖြင့် ဒေါ်မေလင်းက သက်နှင်းဝေရဲ့ စိတ်ဓာတ်ကို သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးမစိတ်ဓာတ်က နူးညံ့သိမ်မွေ့ပုံရတယ်"

သက်နှင်းဝေက အန္တွေးထည်ကိုဝတ်ပြီး ကားက ဖွင့်ပြနေသော ဗီဒီယိုဇာတ်လမ်းကို အပျင်းပြေကြည့်လိုက်သည်။ ဗီဒီယိုနှစ်ခွေပြပြီး ရပ်နားလိုက်သဖြင့် ကားထဲမှာ အားလုံးလိုလို အိပ်နေကြပြီ။

သက်နှင်းဝေတစ်ယောက်သာ ပိန်းပိန်းမှောင်နေသော အပြင်ထုကို ငေးလိုက်၊ မှိန်းလိုက်၊ တွေးလိုက်နှင့် ရှည်လျားသော ညတာကို ဖြတ်သန်းကျော်လွှားနေသည်။

တစ်ညတာအချိန်ကုန်ဆုံးလွန်မြောက်သွားပြီး တစ်နေ့တာရဲ့ အရှက်ဦးက ထွန်းပေါ်လို့လာပါပြီ။ ရောင်ခြည်ပျိုး၍ သာယာနေသော ပတ်ဝန်းကျင်ကို ကားမှန်ပြတင်းကနေတစ်ဆင့် သက်နှင်းဝေက ကြည့်နေသည်။

"ဒီလိုသာယာတဲ့ နံနက်ခင်းလို ငါ့ဘဝမှာလဲ လင်းရောင်ခြည်တွေ ထပ်ပြီး ထွန်းတောက်ပါစေ"

သူ့ဘဝအတွက် မျှော်လင့်ကြီးစွာတောင့်တမိသည်။ သူ့ရဲ့ သွေးသားများတည်ရှိနေရာ နံ့သာမြိုင်သည် သူ့ကို နွေးထွေးစွာ ကြိုဆိုပါစေလို့ မျှော်လင့်နေသည်။





နောက်တစ်နေ့ နံနက်မိုးလင်းသည့်အချိန်မှာ မျက်နှာသစ်သန့်စင်ပြီး အပေါ့အပါးသွားရန် ကားက ရပ်ပေးသည်။ နံနက်စာကို ဒါ ရပ်သည့်အချိန်မှာ တစ်ပါတည်းစားသောက်ရသည်။

သင်နှင်းဝေက ဒေါ်မေလင်းတို့နှင့်အတူ မစားလို၍ တစ်ဦးတည်းသီးခြားစားပွဲတွင် သွား၍ ထိုင်ကာ စားသောက်သည်။ ကားပေါ်ပြန်ရောက်သည့်အခါ ဒေါ်မေလင်းနှင့် တစ်ခွန်းစ နှစ်ခွန်းစလောက်သာပြောဖြစ်သည်။

မန္တလေးသို့ နံနက်ရှစ်နာရီကျော်မှရောက်သည်။ စစ်ကိုင်းသွားမည့်ဂိတ်ဆီသို့ သွားပြီး ကားပြောင်းစီးခဲ့ရသည်။ ထိုသို့ ကားပြောင်းစီးသည့်အခါ ဒေါ်မေလင်းနှင့် ဝေးနိုင်သမျှ ဝေးအောင် သက်နှင်းဝေက နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေ . . တစ်ခရီးတည်း အတူသွားမှာပဲဟာ. . ကျွန်တော်တို့အနားလာထိုင်ပါလား"

"ရပါတယ်"

"စစ်ကိုင်းရောက်ရင် နံ့သာမြိုင်ကို ကျွန်တော်လာလည်ခွင့်ရှိလားဟင်"

"အဲဒါတော့ ကျွန်မ မပြောတတ်ပါဘူး. . ကျွန်မက နံ့သာမြိုင်ကိုရော နံ့သာမြိုင်က အဒေါ်တွေကိုရော တစ်ခါမှ မဆုံသေးတော့ ကျွန်မနေရမယ့် အနေအထားကိုလဲ မသိသေးလို့ပါ"

သူ့ကို သိပ်ပြီး တရေးတယူနှင့် အရောဝင်ချင်ပုံရသော ကျော်ကျော်လင်းကို သက်နှင်းဝေက စိတ်ပျက်သွားရန် အဖြစ်မှန်အတိုင်း ပြောသည်။

"လေးသွယ်နဲ့ ကျွန်တော် ငယ်ငယ်က အတော်ခင်ခဲ့ကြပါတယ်"

"ဩော်"

သက်နှင်းဝေရဲ့ ညီမဝမ်းကွဲလေး လေးသွယ်ကို ကျော်ကျော်လင်းက ခင်မင်ရင်းနှီးသည်ဟု ဆိုလာပြန်သည်။ ကျော်ကျော်လင်းနှင့် စကားကို သိပ်မပြောချင်သော်လည်း အားနာပါးနာနှင့်ပြောနေရသည်။ ကားထွက်တော့မည်ဆိုမှ ကျော်ကျော်လင်းက သူ့အပါးမှ ထွက်သွားသည်။





ဒေါ်မေလင်းကိုကြည့်ရသည်မှာ သူ့သား သက်နှင်းဝေနှင့် အရောတဝင်နေသည်ကို မနှစ်သက်ပုံရနေသည်။

"ဒေါ်မေလင်းက ဖြစ်နေလိုက်တာ. . ငါကလဲ သူ့သားကို စိတ်မဝင်စားပါဘူး"

ဒေါ်မေလင်းရဲ့ အကြောင်းက အရေးမပါလှသဖြင့် ဦးနှောက်ထဲကနေ ပြန်ထုတ်လိုက်သည်။ ရွာတောင်ကို မြန်မြန်ရောက်ချင်လှပါသည်။

သူ့ရဲ့ ဖခင်က တသသပြောခဲ့သော နံ့သာမြိုင်ဝေဟာကိုမြင်လိုလှပါသည်။ ပြီးတော့ ဦးမောင်မောင်ဇင်သိပ်ခင်တွယ်သော အစ်မငယ်ဒေါ် သီရိသွယ်ကိုလည်း တွေ့လိုလှပါသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၂)

မရောက်ဖူးသော ဒေသသစ်ရဲ့ ပတ်ဝန်းကျင်သစ်၊ အမြင်သစ်တွေကို ငေးမောပြီး သက်နှင်းဝေက လိုက်ပါလာသည်။ စစ်ကိုင်းသို့ ရောက်ပါပြီ။ ကားဂိတ်မှာ ဆင်းလိုက်သည်။

ဒေါ်မေလင်းနှင့် သားကျော်ကျော်လင်းက ကားဂိတ်ရောက်ပြီး သူ့ကိုနှုတ်ဆက်ကာ ထွက်ခွာသွားသည်။ သက်နှင်းဝေက အသီးသီး အလျှိုလျှိုကားဂိတ်ကထွက်ခွာသွားသော ခရီးသည်တွေကိုကြည့်ပြီး ကျန်ရစ်ခဲ့သည်။

ရွာထောင်တွင်ရှိသော နှံ့သာမြိုင်ဂေဟာကြီးကို အလွန်နေချင်၍ ထွက်လာခဲ့သည်။ သူ့ရဲ့ တစ်ဦးတည်းသော ခိုကိုးရာနှံ့သာမြိုင်သည် သူ့ကို နွေးထွေးစွာ ကြိုဆိုပါမလားဟု စိုးရိမ်စိတ်နှင့် တွေးမိပြန်သည်။





ခေါင်းရှက်ဈေးသည် အဒေါ်ကြီးတစ်ယောက် သူ့အနားက ဖြတ်သွားစဉ် သက်နှင်းဝေက ခပ်လောလောလေးမေးလိုက်သည်။

"အဒေါ် ရွာထောင်ကို ဒီကနေ ဘာစီးသွားရမလဲဟင်"

"ဒီကနေ အတော်ဝေးတာ . . အစွန်အဖျားလောက်မှာရှိကာ"

"ဟင် . . ဟုတ်လား"

"ကလေးမက ဘယ်သွားမလို့လဲ"

"နှံ့သာမြိုင်ဂေဟာကိုပါ . . အဒေါ်သိလားဟင်"

"အင်း . . သိတယ်"

အဒေါ်ကြီးက ဘေးဆီသို့ဝေ့ဝဲကြည့်ပြီး 'သူ့မျက်နှာမှာ ဝမ်းသာသည့်ရောင်ခြည်သန်းသွားသည်။

"ဟော ဟိုမှာ ဆရာကျော်သူရိန်"

လက်ထဲမှာ ဆေးအိတ်တစ်လုံးဆွဲပြီး လျှောက်လာသော အရပ် ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်တည်ကြည်သန့်ပြန့်သော အလွန်ကြည့်ကောင်းသည့်သူတစ်ယောက်ကို သက်နှင်းဝေတွေ့လိုက်ရသည်။

"ဆရာ"

ဈေးသည်အဒေါ်ကြီးက ဒေါက်တာကျော်သူရိန်ကိုခေါ်လိုက်သည်။ ဒေါက်တာကျော်သူရိန်က အဒေါ်ကြီးကို ပြုံးချိုစွာ နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းလား အဒေါ်"

"ဆရာကုပေးလို့ ကောင်းသွားပါပြီရှင်"

"နေကောင်းတယ်ဆိုလို့ ဝမ်းသာပါတယ်"

"ဆရာရယ် ဒီကလေးမ နံ့သာမြိုင်ကိုသွားမလို့တဲ့. . လမ်းကြုံရင် ဆရာခေါ်သွားပေးပါလား ရှင်"

ဒေါက်တာကျော်သူရိန်ရဲ့အကြည့်က သက်နှင်းဝေထံသို့ ရောက်လာသည်။ သက်နှင်းဝေကို စူးစမ်းသောအကြည့်တွေနှင့်ကြည့်သည်။

ပြီးတော့ ခေါင်းကို ဆတ်ခနဲညိတ်ပြီး ပြောသည်။

"ရပါတယ်. . အပန်းမကြီးပါဘူး လိုက်ခဲ့ပါ"

"ကျေးဇူးတင်ပါတယ်ရှင်"

အပြုံးအရယ်တွေ သူ့မျက်နှာပေါ်တွင်ရှိမနေသော်လည်း ဒေါက်တာကျော်သူရိန်သည် စိတ်ထားကောင်းသော လူတစ်ယောက်လို့ သက်နှင်းဝေက ယုံကြည်သည်။

"ကျွန်တော့်ကားက ဟိုရှေ့မှာ ရပ်ထားတာ. . လိုက်ခဲ့နော်"

ထိုသို့ပြောရင်း သက်နှင်းဝေရှေ့ကထွက်သွားသည်။ ပြီးမှ နောက်ပြန်လှည့်အကြည့် သက်နှင်းဝေက လက်ဆွဲအိတ်ကြီးနှစ်လုံးကို မနိုင်မနင်း သယ်နေသည်ကို တွေ့ပြီး လှည့်ကာပြောသည်။

"အဲဒီအိတ် ကျွန်တော့်ကိုပေး"





"ရပါတယ် ဆရာ"

သူ့ရဲ့ အဝတ်အစားအိတ်တွေမို့ သက်နှင်းဝေက အားနာစွာ ပြောသည်။

"မင်းမှမနိုင်တာ ပေးပါ"

သက်နှင်းဝေရဲ့လက်ထဲကနေ အိတ်ကိုဆွဲယူသွားပြီး ရှေ့ကနေ ခပ်သုတ်သုတ်တားဆီသို့ လျှောက်သွားသည်။

သက်နှင်းဝေက သူ့ခြေလှမ်းကျဲကြီးများနောက်သို့ အမီလိုက်ရလေတော့သည်။ ကားရဲ့နောက်ဖုံးကိုဖွင့်ပြီး သက်နှင်းဝေရဲ့အိတ်ကို ထည့်သည်။ ပြီး သက်နှင်းဝေရဲ့လက်ထဲကအိတ်ကိုပါ ယူပြီး ထည့်လိုက်သည်။

သက်နှင်းဝေကို ကားရဲ့နောက်ခန်းတံခါးကိုဖွင့်ပေးသည်။ သက်နှင်းဝေက မငြင်းမရဲနှင့် ကားထဲဝင်ထိုင်လိုက်သည်။ ဒေါက်တာကျော်သူရိန်က ကားကို စက်နှိုးပြီး မောင်းထွက်ခဲ့သည်။

သက်နှင်းဝေက ငြိမ်သက်စွာ လိုက်ပါလာသည်။ လမ်းဘေးမြင်ကွင်းကိုငေးကြည့်ပြီး လိုက်ပါလာသည်။ အိမ်ခြေစိပ်သောနေရာမှ နည်းနည်းကျဲသောနေရာသို့ရောက်ပါပြီ။ ခြံဝန်းကျယ်ကြီးတစ်ခုရှေ့သို့ အရောက် ခြံဝက ဆိုင်းဘုတ်ကိုကြည့်လိုက်တော့ နံ့သာမြိုင်ဂေဟာဆိုသော ကြေးဆိုင်းဘုတ်ခပ်ဟောင်းဟောင်းကို တွေ့လိုက်သည်။

ထိုအမည်ကိုတွေ့လိုက်စဉ် သက်နှင်းဝေရဲ့ နှလုံးသားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြုံးပြုံးလေးလှုပ်ခတ်သွားသည်။ ခါတ်ပုံထဲမှာသာ ဆုံတွေ့ခဲ့ဖူးသော အဒေါ်နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရမှာ ရင်ခုန်နေသည်။

ဒေါက်တာကျော်သူရိန်က တစ်လမ်းလုံး စကားမပြောသော်လည်း ခြံထဲချိုးဝင်လိုက်သည်နှင့် မေးခွန်းတစ်ခု သူ့ထံမှထွက်လာသည်။

"မင်းက နံ့သာမြိုင်နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ကျွန်မက ဒေါ်မာလာကြွယ်တို့ရဲ့ တူမပါ"

"မင်းက ဦးလေးမောင်မောင်ဇင်ရဲ့ သမီးလား"

"ဟုတ်ပါတယ်. . ဆရာက ဖေဖေ့ကိုသိလို့လားဟင်"

"အဖေ့ဆီက မင်းအဖေရဲ့အကြောင်းတွေ ကြားဖူးပါတယ်"

"ဆရာ့အဖေက ဖေဖေနဲ့ ခင်လားဟင်"

"အင်း"

ဆရာဝန်ရဲ့ အဖေနှင့် သူ့ရဲ့ဖခင်ရင်းနှီးသည်ဆို၍ သက်နှင်းဝေက ဝမ်းသာသွားသည်။ ဖခင်ရဲ့ မိတ်ဆွေရင်းချာတွေနှင့် သက်နှင်းဝေ ဆုံတွေ့လိုလှပါသည်။

ဒေါက်တာ ကျော်သူရိန်က ကားကို ကြီးမားကျယ်ဝန်းသော ရှေးတိုက်အိုအိုကြီးရဲ့ ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။

"ကဲ. . မင်းဆင်းလို့ရပြီ"

သက်နှင်းဝေက ကားပေါ်မှဆင်းလိုက်သည်။ ကျော်သူရိန်





က ကားနောက်ဖုံးထဲက သက်နှင်းဝေရဲ့အိတ်တွေကိုယူပြီး ချပေးသည်။

"မင်းကို အိမ်ထဲအထိ လိုက်မပို့တော့ဘူးနော်"

"ဟုတ်ကဲ့ ရပါတယ်. . ကျေးဇူးတင်ပါတယ်"

"အန်တီမာလာ့မေးရင် လူနာတစ်ယောက်သွားကြည့်စရာရှိလို့ မဝင်တော့ဘူးလို့ပြောပေးပါ"

"ဟုတ်ကဲ့"

ကျော်သူရိန်က ကားပေါ်ခပ်သွက်သွက်မောင်းပြီး ပြန်ထွက်သွားသည်။ သက်နှင်းဝေက ပိတ်ထားသော တံခါးကို မျက်နှာချင်းဆိုင်လိုက်သည်။ နှစ်ချပ်ကျွန်းတံခါးကြီးမှာ ကြေးကွင်းကြီးနှစ်ခုကိုတွေ့၍ ကွင်းတိုရိုက်လိုက်ပြီး တံခါးခေါက်လိုက်သည်။ တံခါးခေါက်သံကြားပြီး မှေးမနှောင်းမှာပင် လေးလံသော ကျွန်းတံခါးကြီးတစ်ချပ်က ပွင့်သွားသည်။

သက်နှင်းဝေတွေ့လိုက်ရသည်က အသက်နှစ်ဆယ်လောက်ရှိသည့် ခပ်ငယ်ငယ်မိန်းကလေးပါ။ ထိုမိန်းကလေးရဲ့ ဝတ်စားပုံကိုကြည့်ပြီး သူ့ညီမဝမ်းကွဲ လေးလေးသွယ်တော့ မဖြစ်နိုင်အူးဟု တွက်ဆလိုက်သည်။

ထိုမိန်းကလေးကလည်း သက်နှင်းဝေရဲ့ ချောမောလှပကြော့ရှင်းသည့် ပုံစံကို ခပ်ငေးငေးလေးကြည့်ပြီး မေးသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးမာလာကိုပြောပေးပါ . . သက်နှင်းဝေရောက်နေပြီလို့"

"ဟင် . . ဒါဆို ကြီးကြီးတူမပေါ့ . . ဝင်ပါ . . အိမ်ထဲဝင်ပါ"

သက်နှင်းဝေရောက်လာမည်ဆိုတာကို ဒေါ်မာလာကြွယ်က တစ်အိမ်သားလုံးကိုပြောထားသဖြင့် သိနေကြပြီးပါ။

"ကျွန်မနာမည် သဲသဲပါ . . ဒီနေ့မနက်မှလာပြီး အိမ်အလုပ်တွေ ကူလုပ်ပေးတာပါ"

"ဟုတ်လား"

သဲသဲက သက်နှင်းဝေရဲ့ အိတ်နှစ်လုံးကို ခပ်ပေါ့ပေါ့လေး ပင် ဆွဲပြီး ဧည့်ခန်းထဲသို့ ဝင်ခဲ့သည်။

"မမသက်နှင်းဝေ ဒီမှာထိုင်နေဦးနော် . . ကြီးကြီးကို ကျွန်မ သွားခေါ်လိုက်ဦးမယ်"

"ကောင်းပါပြီ"

ခဏအကြာမှာ ဧည့်ခန်းဆီသို့ ခပ်ပိန်ပိန်မျက်နှာထား တင်းတင်းမိန်းမကြီးတစ်ဦးနှင့် ထိုမိန်းမထက်ငယ်ပြီး မျက်နှာချိုချို ဝဝ ကစ်ကစ်မိန်းမတစ်ဦးရောက်လာသည်။ သက်နှင်းဝေကို နှစ်ယောက်စလုံး စူးစိုက်အံ့သြစွာ ကြည့်နေသည်။

ခပ်ဝဝမိန်းမကြီးရဲ့ မျက်ဝန်းထဲမှာ အံ့သြဝမ်းသာမှုတွေပေါ် လွင်နေသည်။





"ဟယ် . . မောင်မောင်ရဲ့သမီးလေးက မောင်မောင်နဲ့တူလိုက်တာ"

ဝဝကစ်ကစ်နှင့် မျက်နှာချည်ထားသော အဒေါ်က သင်နှင်းဝေဆီသို့ လက်ဆန့်တန်းပြီး ရောက်လာကာ ထွေးပွေ့လိုက်သည်။

"ကြီးကြီးက သမီးရဲ့ ကြီးကြီး သီရိနွယ်လေ"

"ဟုတ် . . ဟုတ်ကဲ့ကြီးကြီးနွယ် . . နှင်းဝေကို ခုလိုကြိုဆို လက်ခံတာ ကျေးဇူးတင်တယ် . . ဝမ်းလဲသာပါတယ်"

သက်နှင်းဝေက တည်ငြိမ်သောမျက်နှာနှင့်ကြည့်နေသော အဒေါ်ထံသို့ အကြည့်ကို ပို့လိုက်ပြီး ချိုသာစွာ ပြောသည်။

"ဒါဆို ဟိုဟာကြီးကြီးမာလာနွယ်ပေါ့နော်"

"ဟုတ်တယ်"

"သက်နှင်းကို နံ့သာမြိုင်မှာ လက်ခံပေးတဲ့အတွက် သက်နှင်း သိပ်ကို ကျေးဇူးတင်ပါတယ် ကြီးကြီးမာလာ"

"အေး ညည်းလိမ်လိမ်မာမာနေရင်တော့ နံ့သာမြိုင်က ညည်း အတွက် ထာဝရအရိပ်ဖြစ်မှာပေါ့"

မျက်နှာထားတင်းသလို လေသံကလည်း ခပ်မာမာပြတ်ပြတ် ပါပဲ။ ဒေါ်မာလာကြွယ်သည် ပြောလျှင်ပြောသလိုလုပ်တတ်သည့် သူစားဖြစ်မည်ဟု သက်နှင်းဝေက ထင်သည်။

"နံ့သာမြိုင်ကို ကားဂိတ်ကနေ ဘာနဲ့လာခဲ့တာလဲ"

"ဈေးသည်အဒေါ်ကြီးတစ်ယောက်က ကူညီပြီး ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရိန်နဲ့ယှဉ်ပေးလိုက်ပါတယ်၊ သူ့ကားနဲ့ နှင်းဝေလိုက်ခဲ့တာပါ"

"ဒါဆို သူ လိုက်ပို့ပေးတာပေါ့၊ သူရော"

"လူနာတစ်ယောက်ကြည့်စရာရှိလို့ မဝင်တော့ဘူးလို့ ကြီးကြီးမာလာကိုပြောသွားပါတယ်"

"သမီး လေး နွယ်ကို ဝင်မကြည့်သွားဘူး.. ဘယ်လောက်များ အရေးကြီးနေတယ်မသိဘူး"

"လူနာက တကယ်အရေးကြီးနေလို့နေမှာပေါ့ မမကြီးရယ်"

"နင့်ကို ဘယ်သူက ရှေ့နေလိုက်ခိုင်းနေလို့လဲ"

ဒေါ်သီရိနွယ်ကို ဒေါ်မာလာကြွယ်က လှမ်းဟန့်လိုက်သည်။ ဒေါ်သီရိနွယ်ပါးစပ်လေးပိတ်သွားသည်။ အခြေအနေကိုကြည့်ခြင်းအားဖြင့် ဒေါ်မာလာကြွယ်ကို ဒေါ်သီရိနွယ်ကြောက်ရွံ့ရသည်မှာ ပေါ်လွင်နေသည်။

"သက်နှင်းဝေကို သူ့အခန်းကိုပို့လိုက်.. ပြီးရင် သူ့ကို သမီးလေးဆီခေါ်လာခဲ့"

"ဟုတ်ကဲ့ မမကြီး"

"လာ ကလေးမ"

ဒေါ်သီရိနွယ်က သင်နှင်းဝေရဲ့လက်ကိုဆွဲပြီး အပေါ်ထပ်ဆီသို့ ခေါ်ခဲ့သည်။ အတွင်းရောက်မှ အိမ်ကြီးသည် အလွန်ကျယ်ဝန်းသည်ကိုတွေ့လိုက်ရသည်။

အခန်းတံခါးတစ်ချပ်ကို ဒေါ်သီရိနွယ်က ဖွင့်ပေးသည်။ သက်





နှင်းဝေက သူနှင့်အတူ အခန်းထဲသို့ဝင်လိုက်သည်။ အခန်းက မကျဉ်းမကျယ်နှင့် ရှင်းလင်းသပ်ယပ်စွာပြင်ဆင်ထားသည်။

"ကလေး.. ဒီအခန်းကိုကြိုက်ရဲ့လား"

အခန်းတွင်းပစ္စည်းများသည် ဖုန်တွေကင်းစင်နေသော်လည်း ခေတ်မရှိသော ခပ်ဟောင်းဟောင်းပုံစံတွေပါ။

"ကြီးကြီးသီရိရယ်.. နှင်းဝေကြိုက်ပါတယ်.. နို့သာမြိုင်မှာ ဒီလိုလုံလုံခြုံခြုံနေရတာ နှင်းဝေအတွက် မမျှော်လင့်ရဲခဲ့တဲ့ အခြေအနေတစ်ခုပါ"

"မမကြီးက ကလေးကို လက်ခံလိုက်လို့ တော်ပါသေးရဲ့.. ကလေးဒီကိုရောက်လာတာ ကြီးကြီးသီရိအရမ်းဝမ်းသာတာပဲသိလား"

"နှင်းဝေကလဲ ဝမ်းသာပါတယ်.. ဖေဖေက ကြီးကြီးသီရိကို သိပ်ပြီး တမ်းတခဲ့တာပါ"

"ဟုတ်မှာ"

ဒေါ်သီရိနွယ်ရဲ့ မျက်ဝန်းထဲမှာ မျက်ရည်စတွေကို တွေ့လိုက်ရသည်။

"မောင်မောင်နဲ့ ကြီးကြီးသီရိက အထက်အောက်ဆိုတော့ သိပ်ချစ်တာ"

သက်နှင်းဝေက ဖခင်ရဲ့မျက်နှာကို ပြန်လည်မြင်ယောင်ပြီး ငိုချင်စိတ်တွေ ဖိစီးလာသည်။ မျက်ရည်တွေတွေကျနေသော သက်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေကို ဖက်ပြီး ဒေါ်သီရိနွယ်က ချွေးသိပ်လိုက်သည်။

"ဝမ်းနည်းစရာတွေ တွေးပြီး မငိုပါနဲ့ကွယ်"

"ဖေဖေ့ကို သတိရလွန်းလို့ပါ"

"မမကြီးက လွမ်းဆွေးပြနေရင် ကျေနပ်တာမဟုတ်ဘူး၊ ဒီမှာမြဲနေချင်ရင် သူ့စကားကို နားထောင်နော်"

"ဟုတ်ကဲ့ပါ၊ ကြီးကြီး သီရိ"

"ကဲ လာလိုက်ခဲ့ဦး"

တူအရီးနှစ်ယောက် သက်နှင်းဝေရဲ့အခန်းမှ ပြန်ထွက်လာခဲ့ကြသည်။ အပေါ်ထပ်ကများ မြောင်လှသောအခန်းတွေကို ဖြတ်ကျော်ခဲ့သည်။

သက်နှင်းဝေက သူတို့ဘိုးဘေးတို့နေခဲ့ပြီး ဆွေစဉ်မျိုးဆက်ပိုင်ဆိုင်ခဲ့သော နံ့သာမြိုင်ဂေဟာကြီးကို အလွန်အံ့ဩစွာ ဓငဲကြည့်သည်။

"ဒီနံ့သာမြိုင်က ထုကြီးထည်ကြီးနဲ့ ဆောက်ထားတာနော်. . ကြီးကြီးသီရိ"

"ဟုတ်တယ်ကွယ်. . ဒါကြောင့်လဲ နှစ်တွေဒီလောက်ကြာပြီ ခိုင်ခံ့နေတုန်းပေါ့"

တူဝရီးနှစ်ယောက် လက်တွဲပြီး လျှောက်ခဲ့ကြသည်။

◆◆◆





(၃)

ဒေါ်သီရိနွယ်က သက်နှင်းဝေကို အခန်းကျယ်တစ်ခုအတွင်းသို့ခေါ်သွားသည်။ ထိုအခန်းထဲတွင် ဒေါ်မာလာကြွယ်ရှိနေသည်။

"လာ. . သက်နှင်းဝေ"

သက်နှင်းဝေက ဒေါ်မာလာကြွယ်အနားသို့လျှောက်သွားရင်း ခုတင်ပေါ်က သူတို့သတိထားမိသည်။

"သီရိ. . သက်နှင်းဝေကို ထားခဲ့. . လုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့ မမကြီး"

ဒေါ်မာလာကြွယ်ရဲ့ အမိန့်သံဆန်သော စကားကို ဒေါ်သီရိနွယ်က တစ်ချက်လေးမှ ခွန်းကုံမပြန်ရဲဘဲ အခန်းထဲမှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြီးကြီးမာလာရဲ့သမီး . . မင်းရဲ့ ညီမလေး လေးသွယ်"

"ဒီနားကိုလာဦး . . မမသက်နှင်းဝေ"

ခုတင်ပေါ်က အသံသေးသေးနှင့်ခေါ်လိုက်၍ ထိုအနားကို သက်နှင်းဝေက တိုးကပ်သည်။ ပိန်လှီဖျော့တော့နေသော အလွန်လှပသည့်မျက်နှာလေးနှင့် လေးလေးငယ်ကို တွေ့လိုက်ရသည်။

"လေးငယ်ကိုကြည့်ရှု အဖော်လုပ်ပေးဖို့ မမသက်နှင်းဝေ ရောက်လာတာဆို"

"ဟုတ်ပါတယ်ကွယ်"

"လေးငယ်က တစ်ယောက်တည်း ပျင်းနေတာ၊ မမသက်နှင်းဝေရောက်လာတော့ အရမ်းဝမ်းသာတယ်"

"မမနှင်းဝေလဲ လေးငယ်နဲ့တွေ့ရတာ အရမ်းဝမ်းသာပါတယ်ကွယ်"

မွေးချင်းမောင်နှမ မရှိသလို ဆွေမျိုးလည်း ရှားပါးသော သက်နှင်းဝေက လေးလေးငယ်ကို မြင်မြင်ချင်းချစ်သွားသည်။

"မမနှင်းဝေက လေးငယ်ကို အလိုလိုက်မှာလား"

လေးလေးငယ်က သက်နှင်းဝေကို မမနှင်းဝေဟု ခေါ်ပြီး ချစ်စဖွယ်လေးပြောသည်။

"အလိုလဲ လိုက်မယ် . . ချစ်လဲ ချစ်မယ်"

လေးလေးငယ်က သဘောကျစွာရယ်နေသည်။ ဒေါ်မာလာကြွယ်ရဲ့ မျက်နှာက အပြုံးရယ်မရှိ တည်ငြိမ်နေသည်။





"မမနှင်းဝေ . . ဒီမှာလာထိုင်ပါဦး"

လေးလေးငယ်က သူ့ခုတင်ပေါ်မှာ သက်နှင်းဝေကို ထိုင်ခိုင်းသည်။

"မမနှင်းဝေ . . ဒီမှာအမြဲနေမှာလား"

"အဲဒါ ကြီးကြီးမာလာရဲ့ သဘောပါကွယ်"

ဒေါ်မာလာကြွယ်ကို မဝံ့မရဲနှင့် သက်နှင်းဝေက လှမ်းကြည့်ပြီးပြောသည်။

"သက်နှင်းဝေ . . သမီးလေးနဲ့ နေလိုက်ဦး"

ဒေါ်မာလာကြွယ်က ပြောဆိုပြီး ထွက်သွားသည်။ ခရီးပန်းလာသော သက်နှင်းဝေကို နားရန် လုံးဝစကားမဟသွားပါ။ သက်နှင်းဝေကလည်း သည်အိမ်မှာထားရာနေ စေရာသွားရမည်ဆိုတာ သဘောပေါက်လက်ခံထားသည်မို့ နာခံလိုက်သည်။

"ရန်ကုန်မှာ နေရတာ ပျော်မှာပေါ့နော်"

"ဖေဖေရှိတုန်းကတော့ ပျော်ပါတယ်"

"မမနှင်းဝေရဲ့ ဖေဖေဆုံးသွားတာ ကြာပြီလားဟင်"

"တစ်နှစ်ကျော်ပြီ"

"ဦးဦးဆုံးသွားပြီး မမနှင်းဝေက ဘယ်သူနဲ့နေနေတာလဲ"

"ဘဘသော်တာတို့နဲ့လေ"

"ဘဘသော်တာဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေပေါ့. . ခု ဘဘသော်တာရဲ့ အစ်မကြီး ဒေါ်မြင့်ဆုံးသွားလို့ လေးငယ်တို့နဲ့ လာနေတာ"

"ဦးဦးမရှိကတည်းက လာနေရင် ပြီးရော"

"အဲဒီတုန်းက ကြီးကြီးမာလာဆီ စာမရေးရဲလို့ မဆက်သွယ်ဘဲ နေလိုက်တာပါ"

"မေမေကပြောတယ်. . မမနှင်းဝေက အင်္ဂလိပ်စာ သိပ်တော်တာဆို"

"အင်္ဂလိပ်အထူးပြုနဲ့ မမနှင်းဝေဘွဲ့ရခဲ့တာပါ"

"ဒါကြောင့် လေးငယ်ကို မမဆီက အင်္ဂလိပ်စာသင်ရမယ်တဲ့"

"လေးငယ်သင်ချင်ရင် သင်ပေးမှာပေါ့ကွယ်"

"မေမေက သင်ခိုင်းတာ. . လေးငယ်က ပျင်းတယ်"

"လေးငယ်မပျင်းရအောင် သင်ပေးမှာပေါ့ကွယ်"

"အင်း. . မပျင်းအောင် သင်ပေးမယ်ဆိုရင် စိတ်ဝင်စားသား"

လေးလေးငယ်က အလွန်ကလေးဆန်ပြီး အလွန်လည်း အလိုလိုက်ခံထားရသည်ဆိုတာကို သက်နှင်းဝေက တွေ့လိုက်ရသည်။

လေးလေးငယ်နှင့် စကားပြောရင်းနှင့် အိပ်ချင်လာသည့်စိတ်ကို မနည်းကြီးမျိုသိပ်နေရသည်။ အချိန်တွေ တရွေ့ရွေ့ကုန်သွားသည်။

သက်နှင်းဝေတ လေးလေးငယ်အခန်းမှာပဲ ရှိနေပါသော





သည်။ စူးစမ်းစိတ်ကြီးမားစွာနှင့် လေးလေးငယ်မေးသမျှကို ဖြေကြားနေရသည်။

သဲသဲက အခန်းဝက ရပ်ပြီး သူတို့နှစ်ယောက်ကို လာခေါ်သည်။

"မမလေး အောက်ထပ်ကိုဆင်းခဲ့ပါ. . ထမင်းစားဖို့ ကြီးကြီးမာလာခေါ်ခိုင်းပါတယ်"

"အေး. . လာခဲ့မယ်"

လေးလေးငယ်က သဲသဲကိုပြန်ဖြေပြီး ခုတင်ပေါ်က ဆင်းလိုက်သည်။

"လာ. . မမနှင်းဝေ. . ထမင်းသွားစားကြရအောင်"

သက်နှင်းဝေရဲ့လက်ကိုဆွဲပြီး လေးလေးငယ်က ခေါ်ခဲ့သည်။ အောက်ထပ်သို့ဆင်းခဲ့ကြသည်။ ထမင်းစားခန်းကြီးထဲသို့ သက်နှင်းဝေ ရောက်ပါပြီ။ ကျွန်းစားပွဲအရှည်ကြီးက ထမင်းစားခန်းထဲမှာရှိနေပါသည်။

သဲသဲက ဒေါ်မေဆိုသော ထမင်းချက်ကြီးနှင့်အတူ ထမင်းစားပွဲကိုပြင်ဆင်နေသည်။ ဒေါ်သီရိနွယ်က ဒေါ်မေနှင့် သက်နှင်းဝေကို မိတ်ဆက်ပေးသည်။

ဒေါ်မာလာကြွယ်နှင့် ရွှယ်ကူနီးပါးလောက်ရှိနေပြီဖြစ်သော ဒေါ်မေက သက်နှင်းဝေရဲ့ မျက်နှာကို ပြုံးချိုစွာကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး မောင်မောင်ဇင်ရဲ့သမီးဆိုတာ မပြောဘဲနဲ့ကို သိသာပါတယ်"

ဒေါ်မေက ပြုံးချိုသောမျက်နှာနှင့် သက်နှင်းဝေကိုကြည့်နေသည်။ သက်နှင်းဝေကိုမြင်ရတော့ သူ့အပေါ်ခင်တွယ်ပြီး နောက်ပြောင်တတ်သော သဘောကောင်းသည့် ဦးမောင်မောင်ဇင်ရဲ့ အမူအရာများကို ပြန်လည်သတိရနေသည်။

ဦးမောင်မောင်ဇင်သည် အဆင့်အတန်းခွဲသည့်စိတ်မာတ်မရှိဘဲ အလွန်စိတ်ဓာတ်နူးညံ့ပျော့ပျောင်းသူတစ်ယောက်ဖြစ်သည်။ ဦးမောင်မောင်ဇင်ရဲ့ သမီးဖြစ်သော သက်နှင်းဝေသည်လည်း ဖခင်လို စိတ်ထားမျိုးရှိမည်ဟု ဒေါ်မေက ယုံကြည်သည်။

အသင့်ပြင်ထားသော ထမင်းဝိုင်းမှာ အားလုံးဝင်ထိုင်လိုက်သည်။ လေးလေးငယ်က စားပွဲပေါ်က ဟင်းတွေကို လိုက်ကြည့်ပြီး မေးသည်။

"ဒေါ်မေဘာဟင်းတွေချက်ထားလဲဟင်"

"ကြက်သားကြော်. . တလေးအတွက် ကြက်သား ရိုး(စ်)ပြီးတော့ ပဲတီချဉ်သုပ်. . ခရမ်းချဉ်သီးငါးပိချက်. . မုန်ညင်းရွက်ကြော်. . ဘူးသီးဟင်းခါး. . အတို့အမြုပ်တွေလဲ လုပ်ထားတယ်"

"ဟင်. . ကြက်သားကြီးလား"

"တလေးပဲ. . ကြက်သားကြော်စားချင်တယ်ဆို"





"လေးငယ်စားချင်တာ ဒီလိုမဟုတ်ဘူး. . အကောင်လိုက် အစာသွတ်ပြီး ကြော်တာ"

"ဟုတ်လား. . ဒေါ်မေက ဒီလိုစားချင်တယ်ထင်လို့ နောက်နေ့ ကလေးစားချင်သလိုလုပ်ပေးမယ်နော်"

"လေးငယ်က ဒီနေ့စားချင်တာဆိုမှ"

လေးလေးငယ်က ခြေဆောင့်ပြီး ငိုသံကြီးနှင့်ပြောသည်။ ဒေါ်မာလာကြွယ်က သမီးကိုကြည့်ပြီး ဒေါ်မေကို မာန်လိုက်သည်။

"မမေကလဲ သမီးစားချင်တာကို သေသေချာချာမမေးဘူး၊ စွတ်လုပ်နေတာပဲ"

"မသိလို့ပါ မမရယ်. . နောက်နေ့လုပ်ပေးပါ့မယ်"

"ကဲပါ သမီးလေးရယ်, . ဒီနေ့ ဒီဟင်းနဲ့စားလိုက်. . နောက်နေ့ကျရင် သမီးစားချင်တာလုပ်ပေးမယ်"

"လေးငယ်က မကြိုက်တဲ့ဟင်းနဲ့ဆို လုံးဝစားချင်တာမဟုတ်ဘူး"

လေးလေးငယ်က ပြဿနာလုပ်နေ၍ အားလုံး ထမင်းမစားရသေးပါ။ ဟင်းတွေကိုကြည့်ပြီး သက်နှင်းဝေက ဗိုက်အလွန်ဆာပြီး စားချင်သော်လည်း မစားရသေးပါ။

လေးလေးငယ်သည် အလို အလွန်လိုက်ထား၍ တမင်ဆိုးနေသည်ဆိုတာ သက်နှင်းဝေက သိသည်။ ထမင်းမြန်မြန်စားချင်ရေးကို ကြံစည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားကြီး ဒီလိုချက်ထားတာ မစားချင်ပါဘူးဆိုနေ"

"နေဦး. . လေးငယ်စားချင်အောင် မမနှင်းဝေလုပ်ပေးမယ် ခဏစောင့်"

"မမနှင်းဝေက ဘာလုပ်ပေးမှာလဲ"

"ဒီကြက်သားကြော်ကို လေးငယ်ခံတွင်းတွေ့အောင် မမနှင်းဝေသုပ်ပေးမယ်"

"အင်း. . အသုပ်ဆိုရင် နည်းနည်းစိတ်ဝင်စားတယ်"

လေးလေးငယ်က တလေးတစ်ယောက်လို ခပ်ဆိုးဆိုးပုံစံတွေ လုပ်နေသည်။ သက်နှင်းဝေက ကြက်သားကြော် ပန်းကန်ကို စားပွဲပေါ်က ယူသွားသည်။

မီးဖိုဆောင်အတွင်းသို့ ဝင်သည်။ သဲသဲကို ကြက်သွန်အခွံသင်ပြီး ပါးပါးလှီးခိုင်းသည်။ သူက ကြက်သားများကို အသားမျှင် လိုက်သည်။ ဒေါ်မေက သက်နှင်းဝေကျွမ်းကျင်သွက်လက်စွာလုပ်နေသည်ကို ပြုံးပြုံးကြီးကြည့်နေသည်။

"လေးငယ်က အရမ်းအလိုလိုက်ထားတော့ အဲလိုပဲ ဆိုးတယ်"

"ဒေါ်ဒေါ်မေ. . စကားကိုကြည့်ပြော. . ကြီးကြီးမာလာက ကြားလို့ ကောင်းကောင်းအဆူခံနေရဦးမယ်"

သဲသဲက ကြက်သွန်လှီးရင်းနှင့် ဒေါ်မေကိုသတိပေးလိုက်သည်။





"လေးငယ်အကြောင်းမသိသေးလို့ ပြောရတာလေ"

"ပြောစရာမလိုပါဘူး. . ဒီအိမ်မှာ တစ်နာရီလောက်နေလိုက်ရင် ဒီအိမ်အကြောင်း အကုန်သိသွားမယ်"

"မမနှင်းဝေ မြန်မြန်လုပ်ခဲ့နော်"

ထမင်းစားခန်းထဲက လေးလေးငယ်ရဲ့ အသံစာစာကိုကြားရသည်။

"ရတော့မယ်ညီမလေး. . ခဏလေးစောင့်နော်"

သက်နှင်းဝေက ပဲမှုန့်ဆီချက်၊ သံပရာသီးတို့ကို သည်ပြီး ကြက်သားသုပ်ကို မြန်မြန်သုပ်ပြီး ထမင်းစားခန်းဆီသို့ ယူခဲ့သည်။

"ရပြီလား. . မမနှင်းဝေ"

"ရပါပြီ. . စားကြည့်ပါဦးကွယ်"

လေးလေးငယ်ရဲ့ရှေ့မှာ ကြက်သားသုပ်ပန်းကန်ကို ချပေးလိုက်သည်။ လေးလေးငယ်က တစ်ဇွန်းခပ်စားကြည့်သည်။

"ဟာ. . ကောင်းတယ်"

"ကောင်းရင် အဲဒါနဲ့ထည့်ထား. . ဟဲ့ ထမင်းကုန်အောင်စားလိုက်နော်"

"ကုန်အောင်စားကြည့်မယ်လေ"

လေးလေးငယ်က ကြက်သားသုပ်ကို ခုံခုံမင်မင်စားနေသည်ကို ကြည့်ပြီး ဒေါ်မာလာကြွယ်ရဲ့ ရင်ထဲမှာ ကျိတ်ပြီး ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေကိုကြည့်ရတာ သဘောထား နူးညံ့မယ့်ပုံပဲ. . သမီးလေးအတွက် သူ့ကို အဖော်လုပ်ခိုင်းတာ. . ငါ မမှားဘူးထင်တယ်"

"စားလို့ကောင်းလိုက်တာ မမနှင်းဝေရယ်"

"အဲ့လိုထမင်းစားမှ. . သမီးလေး နေ့တိုင်းအဲ့လိုစားသင့်တာပေါ့"

"လေးငယ်မကြိုက်တဲ့ဟင်းဆိုရင် မစားချင်ပါဘူး"

"လေးငယ်စားချင်တာပြောလေ. . မမနှင်းဝေချက်ပေးမှာပေါ့"

"တကယ်လား"

"တကယ်ပေါ့"

သက်နှင်းဝေလည်း လေးလေးငယ်ထမင်းစားတော့မှ သိမ်းကို ဆာနေသော သူ့ဝမ်းကိုဖြည့်ရပါတော့သည်။

◆◆◆





(၄)

နံနက်စာစားသောက်ပြီး လေးလေးငယ်က စကားတွေပြော သေး၍ သက်နှင်းဝေက မနားရသေးပါ။ အစားဝသွားပြီး လေးငယ် ခြည်းအိပ်ပျော်သွားမှ သက်နှင်းဝေလည်း သူ့အခန်းပြန်ပြီး နားရ သည်လေ။

တစ်ညလုံးယမ်းခရီးတွင် နှစ်ခြိုက်စွာ မအိပ်ခဲ့ရသော သက် ဝေက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။ နိုးလာသည့်အချိန်ကို ကြည့်လိုက်တော့ သုံးနာရီပင်ထိုးပြီးပြီမို့ အိပ်ရာက လူးလဲထလိုက် သည်။

လေးလေးငယ်အခန်းကိုသွားကြည့်တော့ လေးလေးငယ်က ပျော်နေဆဲပါ။ သူ့အခန်းကိုပြန်ပြီး ရေချိုးချင်၍ ရေချိုးခန်းကို သည်။ အပေါ်ထပ်နောက်ဘက်စွန်းမှာ ရေချိုးခန်းက ရှိနေသည်မို့ ချိုးပြီး အဝတ်အစားလဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးချိုး သနပ်ခါးလိမ်းပြီး လေးလေးငယ်ရဲ့အခန်းကို ပြ
ခဲ့တော့ လေးလေးငယ်က အိပ်ရာကနိုးနေသည်။

"မမနှင်းဝေက ရေတောင်ချိုးပြီးပြီကိုး"

"ဟုတ်တယ်. . လေးငယ်ရော ချိုးတော့မလား"

"ခဏနေမှချိုးမယ်"

သူတို့နှစ်ယောက် စကားပြောနေစဉ် ဒေါ်သီရိနွယ်က နေ
လယ်စာအစားအသောက်ဗန်းနှင့် အခန်းထဲရောက်လာသည်။

"ကြီးကြီးသီရိရယ်. . ကိုယ်တိုင်ယူခဲ့ရတယ်လို့ နှင်းဝေ
ပြောရ လာယူမှာပေါ့"

"ဒါ ကြီးကြီးသီရိလုပ်နေကျပါတွယ်"

လူငယ်ကို လူကြီးက လုပ်ပေးနေရသောအဖြစ်ကိုကြည့်
သက်နှင်းဝေက စိတ်မကောင်းပါ။ လေးလေးငယ်ကို အားလုံးက ဝိုင်း
ဝန်းလုပ်ကိုင်ပေးနေရသည်ကို သက်နှင်းဝေသဘောပေါက်နေသည်

"မမနှင်းဝေ. . ရော့ စားလေ"

"လေးငယ်စားပါ. . မမနှင်းဝေအောက်မှာပဲ သွားစားမယ်"

"ဒါဆို. . မြန်မြန်စားပြီး ပြန်ခဲ့နော်"

"ကောင်းပါပြီ လေးငယ်"

"လာတူမကြီး. . အောက်ထပ်ကိုလိုက်ခဲ့နော်"

ဒေါ်သီရိနွယ်က သက်နှင်းဝေရဲ့လက်ကိုဆွဲပြီး အခန်းပြင်
ခေါ်ခဲ့သည်။





"ကြီးကြီးသီရိ"

"ဘာလဲ တူမကြီး"

"လေးငယ်ကို ဒီလိုပဲ အားလုံး ကြီးကြီးသီရိတို့က လုပ်ကိုင်
ပေးရတာပဲလား"

"ကြီးကြီးသီရိတင်မကဘူး. . တစ်အိမ်လုံးက လုပ်ကိုင်ပေး
နေရတာပါကွယ်"

"ကြီးကြီးသီရိတို့က လေးငယ်ဆို အရမ်းအလိုလိုက်ထားကြရ
တာပေါ့နော်"

"ဟုတ်တယ်. . ကျန်းမာရေးက မကောင်းတော့ မမက အလို
လိုက်ထားတာပဲ. . အားလုံးကိုလဲ လေးငယ်ကို အလိုလိုက်ရမယ်တဲ့. .
ဒီအိမ်မှာ အားလုံးလေးငယ်ရဲ့ သဘောချည်းပဲ"

"ဟုတ်လား"

သက်နှင်းဝေက တွေးလိုက်သည်။ နံ့သာမြိုင်တွင် လေးလေး
ငယ်ရဲ့ သဘောချည်းပဲဟုဆိုလျှင် သူလည်း နံ့သာမြိုင်မှာ မှီခိုနေသည့်
အတွက် လေးလေးငယ်ကို အလိုလို အကြိုက်ဆောင်ရမည်ဆိုတာကို
သဘောပေါက်သွားသည်။

"တူမကြီးကို ကြီးကြီးသီရိမြင်မြင်ချင်း သံယောဇဉ်တွယ်မိ
သွားတယ်ကွယ်. . မောင်မောင်ရဲ့ကိုယ်ပွားလေးမို့ မောင်မောင့်လိုပဲ ချစ်
မိတယ်"

"နှင်းဝေကို ခုလိုသဘောထားတာ ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးသီရိရယ်"

"တူမကြီးကို ဒီအိမ်မှာမြဲစေချင်တယ် . . ဒါကြောင့် အစစ အရာရာ သည်းခံပြီး လေးလေးငယ်နဲ့ မမစိတ်တိုင်းကျနေပေးပါကွယ်"

"စိတ်ချပါကြီးကြီးသီရိရယ် . . ဖေဖေကလဲ ဆုံးမခဲ့ဖူးပါတယ်၊ လူ့အောက်ကျို့လို့မသေဘူးတဲ့"

"အင်း . . မောင်မောင်က စိတ်သဘောထားနူးညံ့သိမ်မွေ့တယ် . . သူ့ရဲ့သွေးဖြစ်တဲ့ တူမကြီးလဲ မောင်မောင်လိုပဲ နေမှာပါ"

"ကြီးကြီးသီရိခိုင်းစရာရှိတာ နှင်းဝေကိုခိုင်းနော် . . အိမ်အလုပ်တွေ နှင်းဝေကောင်းကောင်းလုပ်တတ်ပါတယ်"

"အေးပါကွယ်"

ထမင်းစားခန်းအဝကနေ ဒေါ်မာလာကြွယ်စားပွဲမှာ ထိုင်နေသည်ကိုတွေ့ပြီး နှစ်ယောက်စလုံး စကားတွေရပ်သွားသည်။

ဒေါ်သီရိနွယ်သည် ဒေါ်မာလာကြွယ်ရှေ့သို့ရောက်လျှင် ကျားရှေ့ရောက်သော သိုးငယ်လေးလို ကြောက်ရွံ့သွားသည့်အဖြစ်ကို သက်နှင်းဝေက သတိပြုမိသည်။

"ကြီးကြီးမာလာကို ကြီးကြီးသီရိက အတော်ကြောက်ရတာပဲ"

"နံ့သာမြိုင်အိမ်ကြီးမှာ ကြီးကြီးမာလာရဲ့ ဩဇာသာ လွှမ်းမိုးနေတာ သေချာတယ်"

"သက်နှင်းဝေ . . သမီးလေးနိုးပြီလား"





"နိုးပါပြီ ကြီးကြီးမာလာ"

"နောက်ဆိုရင် သမီးလေးနဲ့ အဖော်လုပ်ပြီး သွားစား"

"ဟုတ်ကဲ့ . . နှင်းဝေသွားစားလိုက်ပါ့မယ်"

"နေဦး . . အခုမသွားနဲ့ ထိုင်ဦး . . ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

စားပွဲတွင် သက်နှင်းဝေက ဝင်ထိုင်လိုက်သည်။ ဒေါ်သီရိနွယ်က သက်နှင်းဝေကို ကော်ဖီငှဲ့ထည့်ပေးသည်။

"ဒီအိမ်မှာ သက်နှင်းဝေကိုလက်ခံလိုက်တာ အဓိက က သမီးလေးကြောင့်ဆိုတာ နားလည်တယ်နော်"

"ဟုတ်ကဲ့ပါ"

"သမီးလေးက ကျန်းမာရေးသိပ်ချူချာတယ် . . အဖော်မရှိဘူး . . သမီးလေးအတွက် အဖော်ကောင်းဖြစ်အောင် နေပါ . . သမီးလေးစိတ်ချမ်းသာအောင်ထားနော်"

"ဟုတ်ကဲ့ပါ"

"မင်းကြောင့် သမီးလေးစိတ် အနှောင့်အယှက်တစ်ခုခုဖြစ်ရင် ဒီအိမ်ကနေ မင်းထွက်သွားရမယ်ဆိုတာကို သေသေချာချာမှတ်ထား"

"ဟုတ်ကဲ့ စိတ်ချပါ . . ကြီးကြီးမာလာ"

လောကကြီးအလယ်မှာ တစ်ကောင်ကြွက်တစ်မျက်နှာငယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရေစပ်တည်ရသောကြောင့် သက်နှင်းဝေက ဒေါ်မာလာကြွယ်ရဲ့ အမိန့်တွေကို သည်းခံ၍ နားထောင်လိုက်သည်။

နံ့သာမြိုင်သာလျှင် သူ့ရဲ့ ခိုကိုးရာ ဆွေးရင်းသားရင်းများရှိရာနေရာဖြစ်သည်။ နံ့သာမြိုင်တွင် သည်းခံခြင်းတရားတွေကို ပိုက်ပြီး နားခိုနေရမည်ဖြစ်သည်။

"အားရင် အိမ်အလုပ်တွေကိုလဲ ဝိုင်းကူပေါ့.. ဒီမှာ အားလုံး ဝိုင်းလုပ် ဝိုင်းစားပဲ"

"ဟုတ်ကဲ့ပါ ကြီးကြီးမာလာ"

"စားသောက်ပြီး သူနဲ့သွားနေလိုက်ဦး.. ရေနွေးနဲ့ ရေချိုးပေးလိုက်နော်"

"ဟုတ်ကဲ့"

သက်နှင်းဝေက မြန်မြန်စားသောက်ပြီး လေးလေးငယ်အခန်းဆီသို့ ပြန်တက်ခဲ့သည်။

"လေးငယ် ရေချိုးတော့မလား"

"အင်း.. ချိုးမယ်လေ"

"ကြီးကြီးမာလာက ရေနွေးနဲ့ ရေချိုးပေးလို့ မမကို မှာလိုက်တယ်"

"ဟုတ်တယ်.. အအေးမိမှာစိုးလို့ ဆိုပြီး အမြဲရေနွေးနဲ့ ချိုးရတာ"





"ဒါဆို.. ခဏစောင့်နော်.. မမရေချိုးခန်းမှာ အသင့်လုပ်ပေးမယ်"

သက်နှင်းဝေက ဒေါ်သီရိနွယ်ကိုရှာပြီး လေးလေးငယ်ရေချိုးရန်အတွက် ပြင်ဆင်ပုံကိုမေးသည်။ အပေါ်ထပ်ရေချိုးခန်းမှာ ရေနွေးနှင့် ရေအေးကို စပ်ပြီးမှ လေးလေးငယ်ကိုခေါ်လိုက်သည်။

"လေးငယ်.. ရေချိုးရအောင်"

"လာပါပြီ မမနှင်းဝေ"

နှစ်ယောက်သား ရေချိုးခန်းဆီသို့ ထွက်လာခဲ့သည်။ လေးလေးငယ်က စပ်ထားသော ရေကို စမ်းကြည့်ပြီး ချေးထူသေးသည်။

"ရေက ပူလိုက်တာ"

"လေးငယ်ကို ခပ်နွေးနွေးပဲ ချိုးရမယ်လို့ ကြီးကြီးမာလာက ပြောထားတယ်လေ"

"ရပါတယ် မမနှင်းဝေရယ်.. ရေအေး နည်းနည်းထပ်ထည့်ပေးပါဦး"

လေးလေးငယ်ရဲ့အလိုကျ ရေအေးကို ထပ်ထည့်ပေးလိုက်သည်။ ရေပူရေအေးပိုက်မရှိသော ရေချိုးခန်းမှာ ရေနွေးနှင့် ရေအေးကို ပလပ်စတစ်ဇလုံကြီးထဲထည့်ပြီး စပ်ပေးထားရခြင်းဖြစ်သည်။

လေးလေးငယ်ရေချိုးပြီး ကလေးတစ်ယောက်လို မျက်နှာသုတ်ပဝါကြီးကြီးနှင့် ကိုယ်ကိုပတ်ပေးပြီးမှ သူ့အခန်းကိုခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ သနပ်ခါးသွေးပေးမယ်. . လိမ်းလိုက်နော်"

"သနပ်ခါးကို လေးငယ်မကြိုက်ဘူး"

"သနပ်ခါးက ကိုယ်ခန္ဓာကိုအေးစေတယ်. . ဆေးဖက်လဲ ဝင်တယ်. . မွှေးလဲ မွှေးတယ်. . လိမ်းပါ လေးငယ်ရယ်"

"လေးငယ်က သနပ်ခါးကို ချေးထူတယ်ထင်လို့ လုံးဝမလိမ်းဘူး"

"လိမ်းကြည့်ပါ. . နေလို့ကောင်းလို့ နောက်ဆို အကျင့်ဖြစ်သွားရင် လေးငယ်မလိမ်းဘဲကို နေနိုင်မှာမဟုတ်ဘူး"

"မမနှင်းဝေကရော အမြဲတမ်း လေးငယ်ကို သနပ်ခါးသွေးပေးမှာလား"

"သွေးပေးမှာပေါ့လေးငယ်ရယ်"

"မမနှင်းဝေကို အခုမှတွေ့ရပေမဲ့ လေးငယ်ခင်တယ် သိလား"

"မမကလဲ ခုမှတွေ့ရတဲ့ ညီမလေးကို မြင်မြင်ချင်းပဲ ချစ်သွားတယ်သိလား"

"ဟုတ်လား. . ပျော်စရာကြီးပေါ့. . နှံ့သာမြိုင်ကို လေးငယ်ကို အလိုလိုက်မယ့်သူတစ်ယောက်တိုးပြီပေါ့"

လေးလေးငယ်က သဘောကျစွာ ရယ်လိုက်သည်။

"မနေ့က သဲသဲက ဇာတ်လမ်းအသစ်ထွက်လို့ဆိုပြီး ဗွီဒီယို ခွေငှားခဲ့တယ်. . ကြည့်မလား မမနှင်းဝေ"





"လေးငယ်ကြည့်ချင်ကြည့်ပါ"

"ဒီအိမ်မှာ ဗွီဒီယိုကိုတစ်ယောက်တည်း ကြည့်ရတာ လေးငယ်ပျင်းတယ်. . အားလုံးက မအားကြတာနဲ့ စိတ်မဝင်စားကြတာနဲ့ အမြဲတစ်ယောက်တည်းကြည့်ရတာ"

အဖော်မရှိရှာသော လေးလေးငယ်ကို သနားကြင်နာစွာ သက်နှင်းဝေက ကြည့်လိုက်သည်။

"လေးငယ်မှာ သူငယ်ချင်းတွေ မရှိဘူးလား"

"ရှိတော့ရှိတယ်. . မေမေက လေးငယ်ကို ဘယ်ကိုမှ သိပ်ပြီး မသွားစေဘူး. . နေမကောင်းမှာစိုးလို့ဆိုပြီး အိမ်မှာပဲ နေခိုင်းတာ များတယ်"

"သူငယ်ချင်းတွေကရော လေးငယ်ဆီလာမလည်ဘူးလား"

"သူတို့က နှံ့သာမြိုင်ကို ရှေးကရဲတိုက်ကြီးနဲ့တူတယ်. . လာလည်ရတာ ပျင်းတယ်တဲ့"

"အော်"

"လေးငယ်ကို ခေတ်နောက်ပြန်ပြေးနေတဲ့ ပုံပြင်ထဲက မင်းသမီးတဲ့. . လေးငယ်မြင်ရတာ စိတ်ပျက်လို့ဆိုပြီး သိပ်မလာကြဘူး"

ဒေါ်မာလာကြွယ်သည် လေးလေးငယ်အား အစိုးရိမ်လွန်ပြီး ပိုးမွေးသလိုမွေးထားသည်ဆိုတာကို သက်နှင်းဝေတ သဘောပေါက်နေသည်။

www.burmeseclassic.com



"တစ်ခါက သူတို့ခေါ်လို့ စစ်ကိုင်းတောင်ကိုသွားတယ်. . တစ်နေ့တည်းပဲ. . နောက်နေ့ကျတော့ လေးငယ်အရမ်းနေမကောင်း ဖြစ်တယ်လေ"

"လေးငယ်က အပင်ပန်းမခံနိုင်ဘူးထင်တယ်"

"လေးငယ်နေမကောင်းလို့ဆိုပြီး မေမေက သူငယ်ချင်းတွေကို စိတ်ဆိုးတယ်၊ နောက်ပိုင်း သူတို့နဲ့ ဘယ်ကိုမှ မသွားရတော့ဘူး"

"ဟုတ်လား. . လေးငယ်နေမကောင်းဖြစ်လို့ စိတ်ညစ်မှာပေါ့"

"လေးငယ်က နေမကောင်းဖြစ်တာ စိတ်မညစ်ပါဘူး"

"ဟင်. . ဘာလို့လဲ"

အထူးအဆန်းဖြစ်နေသော လေးလေးငယ်ရဲ့စကားကြောင့် သက်နှင်းဝေက မေးလိုက်သည်။

"နေမကောင်းဖြစ်မှ ကိုကိုသူရိန်က လေးငယ်ဆီကို လာတယ်၊ ပြီးတော့ လေးငယ်ကို ဂရုစိုက်တယ်"

"ကိုကိုသူရိန်ဆိုတာ ဘယ်သူလဲ"

"ကိုကိုသူရိန်ဆိုတာ ဒေါက်တာကျော်သူရိန်. . လေးလေးငယ်တို့နဲ့ ငယ်ငယ်ကတည်းက ခင်တာ. ပြီးတော့ လေးငယ်ရဲ့ မိသားစုဆရာဝန်လေ"

"ဪ"

ဒေါက်တာကျော်သူရိန်ဆိုသူကို လေးလေးငယ် အတော်ခင်ရှာသည်လို့ သက်နှင်းဝေက ယူဆသည်။

"လေးငယ်နေမကောင်းရင် ကိုကိုသူရိန်က သိပ်ပြီး စိုးရိမ်တာ. . အရမ်းလဲ ဂရုစိုက်တယ်"

"လေးငယ်ကို တစ်အိမ်လုံးက ဂရုစိုက်ကြပါတယ်"

"အားလုံးထက် ကိုကိုသူရိန်ဂရုစိုက်တာကို လေးငယ်ကလိုချင်တာ"

"ခြံထဲလမ်းလျှောက်ချင်လား လေးငယ်"

"မမနှင်းဝေနဲ့လျှောက်ရမှာ အဖော်ရှိလို့ ခါတိုင်းလို လမ်းလျှောက်မပျင်းတော့ဘူး"

"ဒါဆို လျှောက်မှာလား"

"အင်း"

"လာ. . သွားစို့"

လေးလေးငယ်ရဲ့အခန်းကနေထွက်ခဲ့သည်။ အောက်ထပ်သို့ဆင်းခဲ့ပြီး ခြံထဲတွင် လမ်းလျှောက်သည်။

လမ်းလျှောက်ရင်းနှင့် သင်းပျံ့သော သနပ်ခါးပန်းအနံ့နှင့် သင်မွှေးကြိုင်သော နှင်းဆီ၊ စံပယ်နံ့တို့ကို ရလိုက်သည်။

"ဒါကြောင့် ဒီအိမ်ကြီးဟို နံ့သာမြိုင်လို့ မှည့်တာနေမှာ"

"ပန်းပင်တွေစုံလို့. . ဒီယိုဒယားသနပ်ခါးပင်လေးတွေ ဆယ့်နှစ်ရာသီပွင့်တော့ အမြဲမွှေးနေမှာပေါ့"

သက်နှင်းဝေက တစ်ယောက်တည်းတွေးလိုက်သည်။ သင်း






www.burmeseclassic.com

www.burmeseclassic.com



ခွဲ ဝန်းရန့်တွေကို ရှိုက်၍ ရှုလိုက်သည်။

"ဝန်းလေးတွေက မွှေးပြီး ရင်ထဲကို အေးသွားတာပဲနော်"

"ဟုတ်တယ် မမနှင်းဝေ . . အဲဒီအပင်တွေကို ကြီးကြီးသ

တ အရမ်းဝရှစိုက်တာ"

"သနပ်ခါးပင်ကြီးတွေကလဲ အကြီးကြီးတွေနော်. . ပြိုင်ပွ

တဲ့အချိန်ဆို အရမ်းမွှေးမှာ"

"ဟုတ်တယ်. . အဲဒီသနပ်ခါးပန်းဝါဝါလေးတွေရဲ့ အနံ့

လေးငယ်ကြိုက်တယ်"

"မမနှင်းဝေလဲ သိပ်ကြိုက်တာပဲ"

"ယုဇနတွေပွင့်တဲ့အချိန်ကျရင် အမွှေးနံ့က စူးလွန်းလို့ ခေါ

တောင်ကိုက်တယ်"

"ဟုတ်တယ်. . ယုဇနရဲ့ မွှေးရနံ့က စူးရှတယ်. . တချို့

မကြိုက်ကြဘူး"

"မမနှင်းဝေရောကြိုက်လား"

"ကြိုက်တော့ကြိုက်တယ်. . ဒါပေမဲ့ သနပ်ခါးအနံ့လော

မကြိုက်ဘူး"

ညီအစ်မနှစ်ယောက်လက်ချင်းတွဲပြီး ခြံထဲမှာ စကားပြော

လမ်းလျှောက်သည်။ ညောင်းတော့ ခြံထဲက ထိုင်ခုံမှာ ထိုင်လိုက်သည

◆◆◆





(၅)

ဒေါ်မာလာကြွယ်က သူတို့အနားကိုရောက်လာသည်။ မျက်

ားကလည်း အလိုမကျသည့်ပုံစံနှင့်ပါ။

"သက်နှင်းဝေဘာပြုလို့ သမီးလေးကို ခြံထဲမှာ အကြာကြီး

ခိုင်းရတာလဲ"

"ရှင်"

"သမီးလေးက သိပ်ပြီး အအေးခံလို့မရဘူးဆိုတာ မင်းသိထား

"ဟုတ်ကဲ့"

"မေမေရယ်. . မမနှင်းဝေက လေးငယ်အကြောင်းမသိသေး

သူ့ကို မဆူပါနဲ့. . လေးငယ်ကိုက ထိုင်ချင်လို့ ထိုင်နေတာပါ"

"သမီးလေးကိုကြည့်ရှုဖို့ သူ့ကိုခေါ်ထားတာ. . သမီးလေး

သက်ရင် သူသိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကြီးကြီးမာလာ. . နောက်ဆိုရင် လေးငယ်နဲ့ ဖတ်သတ်တာမှန်သမျှ နှင်းဝေသိအောင်လုပ်ထားပါ့မယ်"

"ဒီနေ့မှရောက်လာတာဆိုတော့ ရှိပစေ. . နောက်ကို ဒါမျိုး မဖြစ်စေနဲ့"

"ဟုတ်ကဲ့ပါ"

"သမီးလေးအိမ်ပေါ်တက်တော့"

လေးလေးငယ်ကိုပြောသည့်လေသံနှင့် သူ့ကိုပြောသည့် လေသံက ခြားနားလွန်းသည်။ ဖော့ဖယောင်းနှင့် သံမဏိလိုပါပဲလား။

သူ့အပေါ် သွေးရင်းသားရင်းတစ်ယောက်ထက် ခိုင်းစေရသည့် သူတစ်ယောက်လို သဘောထားနေသည်ဆိုတာကို သက်နှင်းဝေသိ လိုက်ပြီး ဝမ်းနည်းလာသည်။

အရာရာကို အကောင်းမြင်တတ်သည့်အကျင့်ကောင်းကြောင့် ဝမ်းနည်းစိတ်ကို ချက်ချင်းဖြေဖျက်လိုက်သည်။

"ကြီးကြီးမာလာက တွေ့စမို့ ငါ့ကို စိမ်းနေလို့နေမှာ တဖြည်း ဖြည်းတော့ တစ်ယောက်သဘောတစ်ယောက်နားလည်လာမှာပါ"

ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူ့ရဲ့ဘဝ ဒေါ်မာလာကြွယ်တို့ရဲ့ အရိပ်အောက်မှာပဲ ရှင်သန်ရပါတော့မည်။

"ဆွေမျိုးဆိုးတယ်ဆိုတာ သူစိမ်းကောင်းသလောက်ပဲနေ ပါ"





ဒေါ်မာလာကြွယ်အပေါ် မြုံငြင်စိတ်မရှိအောင် သူ့ကိုယ်သူ ဆုံးမလိုက်သည်။ စိတ်ကိုကြည်လင်အောင်ထားသလို မျက်နှာကလည်း ကြည်လင်နေသည်။

ထမင်းစားတော့မည်ဖြစ်၍ အိမ်ပေါ်ရောက်သည်နှင့် သက် နှင်းဝေက ထမင်းကို ခူးခပ်ပြင်ဆင်ရာတွင် ကူလုပ်လိုက်သည်။

ထမင်းစားသောက်ပြီး လေးလေးငယ်က သူ့အခန်းခေါ်ထား သဖြင့် သက်နှင်းဝေက လိုက်သွားရသည်။ လေးလေးငယ်ကို အဖော်ပြု နေရင်း ဒေါ်သီရိနွယ်နှင့် စကားပြောလိုသော်လည်း ပြောခွင့်မရပါ။

လေးလေးငယ်အိပ်ပျော်မှ သူလွတ်လပ်ခွင့်ရသည်။ ဒေါ်သီရိ နွယ်ကိုသွားကြည့်တော့ အခန်းတံခါးပိတ်ထားသည်ကိုတွေ့ရသည်။

"ကြော်. , တစ်နေ့လုံး ပင်ပန်းနေပြီဆိုတော့ အိပ်ပြီထင်ပါရဲ့"

ဒေါ်သီရိနွယ်အခန်းကနေ ပြန်လာခဲ့သည်။ သူ့အခန်းထဲ ရောက်ပြီး အိပ်မပျော်သေးဘဲ သူ့ရဲ့ဘဝရှေ့ရေးကို ပူပင်စွာ တွေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာမြိုင်တွင် သားသမီးသုံးယောက်အနက် မောင်မောင်ဇင်သည် အငယ်ဆုံးဖြစ်သည်။ အစ်မနှစ်ယောက်ပြီးမှ သားလေးတစ်ယောက်ကို မွေး၍ မိဘတွေက အလိုလိုက်အကြိုက်ဆောင်ထားသည်။

မောင်မောင်ဇင်သည် မိဘနှင့်အစ်မနှစ်ယောက်ရဲ့ အလိုလိုက်ခြင်းကိုခံရသော်လည်း မဆိုးသွမ်းပါ။ လိမ္မာယဉ်ကျေးသည်။

မောင်မောင်ဇင်တွင် ငယ်စဉ်ကတည်းက ဝါသနာတစ်ခုကြီးမားစွာပါရှိလာသည်။ ထိုဝါသနာက ရုပ်ရှင်ဂီတကို ဝါသနာခြင်းဖြစ်သည်။

အနုပညာကို မခုံမင် မနှစ်သက်သော မိဘမောင်ဖွားတွေကြားတွင် မောင်မောင်ဇင်က ထူးခြားစွာ အနုပညာဗီဇပါလာလေသည်။

ဆယ်တန်းအောင်ပြီး မောင်မောင်ဇင်က တက္ကသိုလ်တက်သည်။ ဘွဲ့တစ်ခုကိုလည်း အသက်ငယ်ငယ်နှင့် ရရှိလိုက်သည်။

ဘွဲ့ရပြီး မိဘလက်ငုတ်လက်ရင်း ငွေထည်လုပ်ငန်းကို လုပ်ကိုင်စေသော်လည်း ဝါသနာမပါလှပါ။ တစ်နေ့ ဦးပိန်တံတားကိုသွားလည်ရင်းနှင့် ရုပ်ရှင်လာရိုက်သော အဖွဲ့နှင့်ဆုံသည်။

ရုပ်ရှင်ကို အလွန်ဝါသနာပါသော မောင်မောင်ဇင်က အလွန်ဝမ်းသာသွားသည်။ ရုပ်ရှင်အဖွဲ့နှင့် ရောရင်းနှင့် ဒါရိုက်တာနှင့်ပါခင်မင်သွားသည်။





သူ့ဌေးသားပီပီ ငွေပေါပေါနှင့် သူက သူ့မြို့ရောက်တုန်းဧည့်ခံပါရစေဆိုပြီး ဟိုတယ်မှာ ဒါရိုက်တာနှင့်အဖွဲ့ကို ကျွေးမွေးပြုစုသည်။

ရုပ်ရှင်ရိုက်သည့်ရက်တိုလေးနှစ်ပတ်အတွင်းမှာပဲ လူငယ်ဒါရိုက်တာနှင့် ရင်းနှီးသွားသည်။ သူ့ရဲ့ဝါသနာကိုလည်း ဒါရိုက်တာအားပြောပြသည်။

ဒါရိုက်တာကလည်း ချောမွေ့သော သူ့ပုံကိုကြည့်ပြီး အရံမင်းသားနေရာကနေ ရုပ်ရှင်လောကတည်း ခြေချဖို့ အကြံပေးသည်။

တဖြည်းဖြည်းခေါင်းဆောင်မင်းသားဖြစ်ရန် ကြိုးစားလျှင် သူ့တို ခေါင်းဆောင်မင်းသားတင်ပေးမည်ဟုပြောသည်။

ရုပ်ရှင်အဖွဲ့ပြန်သွားပြီး သူ့ဖခင်ထံတွင် မောင်မောင်ဇင်က ရုပ်ရှင်မင်းသားလုပ်မည်ဟု ခွင့်ပန်သည်။ ဖခင်နှင့် အစ်မကြီးမာလာတွယ်က အပြင်းအထန်ကန့်ကွက်သည်။ ဝါသနာအလွန်ကြီးလှသောမောင်မောင်ဇင်က မိသားစုရဲ့ တားမြစ်ချက်ကိုလွန်ဆန်ပြီး အိမ်ကနေထွက်လာခဲ့သည်။

ဖခင်နှင့်အစ်မကြီးက ဒေါသဖြစ်လွန်း၍ အိမ်က မဆင်းမီတည်းက အမွေပြတ်ဟု အပြတ်ပြောသည်။ သိပ်ကိုစိတ်ဓာတ်အားထက်ကြွလွန်း၍ ဝါသနာနှင့် မိသားစုကိုခွဲလိုက်သည်။

ရန်ကုန်ရောက်ပြီး အရန်မင်းသားဘဝနှင့် အောင်မြင်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ရသည်၊ ရန်ကုန်ရောက်ပြီး တစ်နှစ်ကျော်ကျော်လောက်မှ အိမ်ထောင်ကျသည်။ သမီးလေးသက်နှင်းဝေကို မွေးဖွားစဉ်က မိသားစုကို သတိရသည်။

သူ့ရဲ့ချစ်စရာကောင်းလှသော သမီးလေးကို မိသားစုထံသွားပြချင်၍ ဒေါ်မာလာကြွယ့်ထံ စာရေးခဲ့သော်လည်း လုံးဝစာမပြန်ပါ။

ဖခင်သေဆုံးသွားသည်ကိုသိသော်လည်း မောင်မောင်ဇင်က သွားခွင့်မရခဲ့ပါ။ သက်နှင်းဝေငါးနှစ်သမီးအရွယ်မှာ ဇနီးသည်သေဆုံးပြီး သမီးလေးကို သူတစ်ယောက်တည်းပြုစုပျိုးထောင်ခဲ့သည်။

နောက် အိမ်ထောင်မပြုဘဲ သမီးငယ်ကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဦးသော်တာ ဒေါ်မြင့်ဆိုသော လူပျို၊ အပျိုကြီး မောင်နှမနှင့် အိမ်နီးနားချင်းဖြစ်ခဲ့ခြင်းက ဦးမောင်မောင်ဇင်အတွက် အလွန်ကံကောင်းသွားသည်။ သူတို့မောင်နှမက သက်နှင်းဝေကို သမီးလေးတမျှချစ်သည်။

သက်နှင်းဝေကို ထိန်းကျောင်းပေးသည့်အတွက် ဦးမောင်မောင်ဇင်က လုပ်ငန်းခွင်သွားသည့်အခါ စိတ်ချလက်ချသွားနိုင်ခဲ့သည်။

သည်လိုနှင့် သက်နှင်းဝေလူလားမြောက်ပြီး အင်္ဂလိပ်စာအထူးပြုနှင့် ဘွဲ့ရသည်။ ဦးမောင်မောင်ဇင်သည် မချမ်းသာသော်လည်း သမီးလေးကို ပညာကောင်းမွန်စွာ သင်ပေးနိုင်ခဲ့သည်။

ဦးသော်တာရဲ့အစ်မ ဒေါ်မြင့်ကွယ်လွန်ပြီးသည့်နောက်





သက်နှင်းဝေက အဖေဖြစ်သူကိုရော၊ ဦးလေးရင်းတမျှခင်တွယ်နေသော ဦးသော်တာကိုရော ချက်ပြုတ်ကျွေးမွေးလုပ်ကိုင်ပေးသည်။

ဦးမောင်မောင်ဇင်က ရုတ်တရက် နှလုံးရောဂါနှင့် ကွယ်လွန်သွားသည့်အခါမှာတော့ သက်နှင်းဝေရဲ့ တစ်ခုတည်းမှီခိုရာ ရွှေတောင်ပြိုပျက်စီးပြိုလဲခဲ့ရပါသည်။

ဖခင်ရှိစဉ်ကတည်းက တဖွဖွပြောခဲ့သော နံ့သာမြိုင်ရဲ့ ဆွေမျိုးတွေကို တမ်းတမိသည်။ ဦးသော်တာကလည်း သက်နှင်းဝေကို သမီးလေးတမျှချစ်သော်လည်း သွေးရင်းသားရင်းတွေနှင့်အတူနေခြင်းသည်သာ သင့်တော်သည်ဟု အကြံပေးသည်။

သက်နှင်းဝေက ဖခင်အသက်ရှင်စဉ်က လုံးဝအဆက်အသွယ်မပြုခဲ့သော ဖခင်ရဲ့ဆွေမျိုးများထံ အကြောင်းကြားပြီး ဖခင်သေဆုံးသွားသည့်အကြောင်းနှင့် လောကကြီးအလယ်မှာ သူသည် တစ်ကောင်ကြွက်တစ်မျက်နှာအဖြစ် နေရသည်ကို ရေးသားခဲ့သည်။

ဒေါ်မာလာကြွယ်က သူ့တွင် လေးလေးငယ်ဆိုသည့် မမာသော သမီးတစ်ယောက်ရှိနေသည့်အကြောင်း ထိုသမီးကိုကြည့်ရှုစောင့်ရှောက်ပေးမည်ဆိုလျှင် သက်နှင်းဝေကို လက်ခံမည်ဟု စာပြန်သည်။

သွေးသားရင်း ဆွေမျိုးတွေကို တောင့်တလွန်းသော သက်နှင်းဝေက ဒေါ်မာလာကြွယ်နှင့် အပေးအယူမျှပြီး ငယ်စဉ်ကတည်းက တမ်းတမျှော်လင့်ခဲ့သော နံ့သာမြိုင်ကိုရောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးငယ်အား ကြည့်ရှုပေးရန်နှင့် အင်္ဂလိပ်စာသင် ရန် လိုလိုလားလားလက်ခံခဲ့သည်။ သည်ကမ္ဘာလောကကြီးထဲမှာ သည် တစ်ကောင်ကြွက်မဟုတ်၊ ဆွေမျိုးရင်းချာတွေရှိသေးသည် သော အသိဖြင့် အားတက်ဝမ်းသာမိသည်။

မွေးချင်းမရှိ၍လည်း ညီမဝမ်းကွဲတော်သော လေးလေး ကို ညီမလေးအရင်းတမျှ ချစ်ခင်ပြုစုမည်ဟူသော ဆုံးဖြတ်ချက် အတူ နံ့သာမြိုင်ကို ရောက်လာခဲ့ပါသည်။

နံ့သာမြိုင်ကိုရောက်ပြီး ကျန်းမာရေးချို့တဲ့ရှာသော လေး ငယ်ကိုတွေ့ရပြီး သနားစိတ်နှင့် လေးလေးငယ်ရဲ့ လိုအပ်ချက် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဟု ဆုံးဖြတ်သည်။

လေးလေးငယ်ကို မြင်မြင်ချင်း ညီမလေးဆိုသော အသိ ပို၍ ချစ်ခင်သွားသည်မို့ လေးလေးငယ်ရဲ့ လူငယ်သဘာဝပျော် လွတ်လပ်မှုတွေ ပျောက်ဆုံးနေသောအဖြစ်ကိုကြည့်ပြီး လွှ ကရုဏာသက်မိသည်။





နံနက်စောစောထလေ့ထတတ်ရှိသော သက်နှင်းဝေက စောစောအိပ်ရာကနိုးသည်။ မျက်နှာသစ်သန့်စင်ပြီး လေးလေးငယ် မနိုးမီ အောက်ထပ်သို့ဆင်းခဲ့သည်။

မီးဖိုထဲတွင် ဒေါ်သီရိနွယ်လှုပ်ရှားလုပ်ကိုင်နေသည်ကို တွေ့ရသည်။

"ဟင်. . ကြီးကြီးသီရိနိုးပြီလား"

"ဟုတ်တယ် တူမကြီးရယ်. . နေ့တိုင်း ကြီးကြီးသီရိက ဒီလိုပဲ စောစောထလုပ်ရတာ"

"ဒေါ်ဒေါ်မေရောဟင်"

"သူက အသက်ကြီးပြီလေ. . တစ်နေ့လုံး မနားဘဲ လုပ်နေရလို့ အိပ်ရာကို နည်းနည်းနောက်ကျမှ ထခိုင်းတယ်. . သဲသဲကလဲ ကိုးနာရီလောက်မှ လာတာလေ"

"ဟုတ်လား. . ဒါဆို နောက်နေ့ နှင်းဝေ စောစောထမယ်. . ကြီးကြီးသီရိထစရာမလိုဘူးနော်. . နှင်းဝေကို ဘာတွေလုပ်ထားရမယ် ဆိုတာ ညတည်းက ပြောထားနော်"

"ရပါတယ်ကွယ်. . ကြီးကြီးသီရိက လုပ်ခနကျပါ"

"နှင်းဝေရောက်နေပြီပဲ ကြီးကြီးရယ်. . နှင်းဝေလုပ်ပေးရမှာပေါ့"

ဒေါ်သီရိနွယ်က သက်နှင်းဝေကို ပြုံးပြီး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘစ်သတ်လုံး ပြုစုခွင့်မရခဲ့တဲ့ ကြီးကြီးတို့ကို နှင်းဝေပြုစုပါရစေ . . နှင်းဝေရဲ့ဘဝမှာ အားကိုးစရာဆိုလို့ ကြီးကြီးသီရိတို့ပဲရှိတာပါ"

"လိမ္မာလိုက်တဲ့ကလေး . . စိတ်သဘောထားက မင်းလေးရဲ့ အဖေအတိုင်းပါပဲလားကွယ်"

သက်နှင်းဝေကို ချစ်ခင်မြတ်နိုးစွာဒေါ်သီရိနွယ်က ဖက်လိုက်ပြီး ယောက်ျားလေးတန်မယ့် သူ့ကို အိမ်အလုပ်တွေကူလုပ်ပေးတတ်သော မောင်လေးမောင်ဇင်ကို သတိရနေသည်။

"မောင်မောင့်ကို သတိရလိုက်တာကွယ်"

ဒေါ်သီရိနွယ်ရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲသီပါပြီ . . တမ်းတကြေကွဲစွာပြောလိုက်သည်။

"နှင်းဝေလဲ ဖေဖေ့ကို သိပ်သတိရတယ် . . နံ့သာမြိုင်ကို ရောက်မှ ပိုပြီး သတိရတယ် . . ဖေဖေက သေဆုံးတဲ့အချိန်အထိ နံ့သာမြိုင်ကို တသွားတာ ကြီးကြီးသိရိရယ်"

"ဟုတ်မှာပါကွယ် . . မထားသင့်တဲ့ မာနတွေ ထားခဲ့ကြလို့ အခုလိုသေကွဲကွဲကြတာကို တွေးလိုက်တိုင်းကြီးကြီးရင်နာပါတယ်ကွယ်"

အဒေါ်နှစ်ယောက်အနက် ဒေါ်သီရိနွယ်သည် ပို၍ စိတ်ထားနူးညံ့သိမ်မွေ့သည်ဆိုတာကို သက်နှင်းဝေက တွေ့ရှိနေရသည်။





"စိတ်မကောင်းမဖြစ်ပါနဲ့ ကြီးကြီးသီရိရယ် . . ခုအချိန်မှာ ဖေဖေက မြင်တွေ့နေတဲ့ တစ်နေရာကနေ နံ့သာမြိုင်ကို နှင်းဝေရောက်လာလို့ ဝမ်းသာကျေနပ်နေမှာပါ . . နှင်းဝေဘဝလုံခြုံပြီမို့ စိတ်လဲချနေမှာပါ"

"ဟုတ်မယ် . . သူ သိပ်ချစ်တဲ့ အစ်မတွေဆီကို သူ့သမီးလေး ရောက်လာပြီမို့ စိတ်ချနေမှာပါ"

ဒေါ်သီရိကို ကူညီလုပ်ကိုင်ပေးသည်။ အိပ်ရာကနိုးလျှင် အားလုံးအသင့်စားသောက်နိုင်ရန် ပြင်ဆင်ပြီးမှ လေးလေးငယ်ထံသို့ သွားရန် စိတ်ကူးသည်။

"လေးငယ်နိုးပြီလား . . သွားကြည့်လိုက်ဦးမယ်နော်"

"အေးပါကွယ်"

သက်နှင်းဝေက အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ လေးလေးငယ်ရဲ့ အခန်းကိုဝင်လိုက်သည်။ လေးလေးငယ်မနိုးသေး၍ ထိုင်စောင့်နေလိုက်သည်။

အစစ အရာရာ မင်းသမီးလေးတစ်ပါးလို ပြည့်စုံစွာနေရသော လေးလေးငယ်တ ကျွန်းမာရေးတံခါသည်ကိုတွေးပြီး သနားနေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၆)

လေးလေးငယ်ကို နိုးချိန်တန်၍ မနိုးသဖြင့် ကိုယ်လေးကို ကိုင်ပြီး လှုပ်နှိုးရန် စိတ်ကူးသည်။ လေးလေးငယ်ရဲ့ လက်ကိုကိုင်စဉ် သက်နှင်းဝေအလွန်ထိတ်လန့်သွားသည်။

"ဟင်. . အရမ်းပူနေပါလား"

သက်နှင်းဝေက စိုးရိမ်ကြီးစွာနှင့် လေးလေးငယ်ရဲ့ နဖူးကို စမ်းသပ်ကြည့်လိုက်သည်။

"ဟာ. . ခြစ်ခြစ်တောက်ပူနေပါလား"

ဒေါ်မာလာကြွယ်ကို အမြန်ဆုံးသတင်းပို့မှဖြစ်တော့မှာမို့ လေးလေးငယ်အခန်းက အပြေးအလွှားထွက်ခဲ့သည်။

"အမယ်လေး"





အခန်းဝတွင် ဝင်လာသော ဒေါ်မာလာကြွယ်နဲ့တိုက်မိမလို ဖြစ်သွား၍ ကိုယ်ရှိန်သတ်လိုက်ရသည်။ ဒေါ်မာလာကြွယ်က သူ့ကို ကျေနပ်ဟန်မရှိမကျသော မျက်နှာတင်းတင်းကြီးနှင့်ရှိနေသည်။

"မိန်းကလေးကိုက ရှပ်ပျာပျာနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဟို. . လေးငယ်အရမ်း ကိုယ်တွေပူနေလို့ပါ"

"ဟင်. . ဟုတ်လား"

ဒေါ်မာလာကြွယ်က အသက်အရွယ်နှင့်မလိုက်အောင်ကိုပင် သွက်လက်စွာခြေလှမ်းနဲ့လေး လေးငယ်ရဲ့ ခုတင်နားဆီသို့ ရောက်သွားသည်။

စိုးရိမ်တကြီးနှင့် လေးလေးငယ်ရဲ့ နဖူးကိုစမ်းသပ်လိုက်သည်။ ကိုယ်အလွန်ပူနေသည်ကို သိရှိရပြီး အလွန်စိတ်ပူသွားသည်။

"သက်နှင်းဝေ. . သွားစမ်း. . မောင်သူရိန်ကို အိမ်ကို အမြန် ပြန်ခိုင်း"

"သူ့ဖုန်းနံပါတ် နှင်းဝေမသိဘူး"

"မသိလဲ. . သီရိကို မြန်မြန်သွားပြောလိုက်စမ်းပါအေ. . ဖုန်း ခေါ်ဆက်ပြီး အခုလာခဲ့ဖို့ပြောလိုက်"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

သက်နှင်းဝေကိုယ်တိုင်လည်း လေးလေးငယ်ကို စိတ်ပူနေ သဖြင့် အခန်းထဲက မြန်မြန်ပြေးထွက်ခဲ့သည်။ ထမင်းစားခန်းထဲမှာ ရှိနေသော ဒေါ်သီရိနွယ်ထံသို့ ပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး သီရိ"

"အမောတကောနဲ့ ဘာဖြစ်နေတာလဲကွယ်"

"လေးငယ် နေမကောင်းလို့. . ဆရာဝန်ဆီ အမြန်ဖုန်းဆက်ပေးပါ"

"ဟင်. . ဟုတ်လား"

ဒေါ်သီရိနွယ်က သူ့ရဲ့ဝကစ်သော ကိုယ်ခန္ဓာကို ပေါ့ပါးစွာ သယ်ပြီး တယ်လီဖုန်းဆီသို့ ရောက်သွားသည်။ သက်နှင်းဝေကလေး လေးငယ်အခန်းကို ပြန်တက်ခဲ့သည်။

"ဆရာဝန်ကိုခေါ်ပြီးပြီလား"

"ဟုတ်ကဲ့. . ကြီးကြီးသီရိဆက်နေပါတယ်"

"လေးငယ် ဘယ်လိုနေလဲ"

သက်နှင်းဝေက စိတ်ပူစွာနှင့် လေးလေးငယ်အနားသို့ ကပ်သွားပြီး ပူခြစ်ပိန်လှီနေသော လက်ကလေးတွေကိုကိုင်ရင်း မေးသည်။

"ခေါင်းသိပ်မူးတယ်"

"ခဏမှိန်းနေလိုက်ဦးနော်. . တော်ကြာ ဆရာဝန်ရောက်လာလိမ့်မယ်နော်"

"သမီးလေး မကြောက်နဲ့နော်. . တော်ကြာ မောင်သူရိန် ရောက်လာမယ်သိလား"

"ကိုကိုသူရိန်ကို မြန်မြန်ခေါ်ပေးပါ ခွမေ"





"အေးပါ. . သမီးရယ်"

"လေးငယ်ခေါင်းအရမ်းမူးတယ်"

"အေးပါကွယ်. . ဒီရှူဆေးလေးရှူလိုက်"

ဒေါက်တာကျော်သူရိန်က ဖုန်းဆက်ပြီး ငါးမိနစ်ကျော်ကျော်မှာ ရောက်လာသည်။ ဒေါ်သီရိကျော်က သူ့ကို အပေါ်ထပ်သို့ ခေါ်ခဲ့သည်။

"လေးငယ်ဘာဖြစ်လို့လဲ အန်တီ"

"မောင်သူရိန်ရယ်. . ကိုယ်တွေအရမ်းပူပြီး ခေါင်းမူးတယ် ချည်းပဲပြောနေတာပဲ"

သိပ်ကို စိတ်ပူနေသော ဒေါ်မာလာကြွယ်ကိုကြည့်ပြီး ကျော်သူရိန်က ဖြေသည်။

"ကျွန်တော်ရောက်ပြီပဲ. . စိတ်မပူပါနဲ့တော့ အန်တီမာလာ"

ကျော်သူရိန်က အဖျားတိုင်း၊ စမ်းသပ်ပြီး ဆေးထိုးမည်ဟု ပြောသည်။

"လေးငယ် ဆေးမထိုးဘူးနော် ကိုကိုသူရိန်"

"လေးငယ်ကလဲ ဆေးထိုးမှ သက်သာမှာပေါ့. . မနာအောင် ထိုးပေးမယ်နော်"

ကလေးဆိုးကြီးလို ဆိုးနေသော လေးလေးငယ်ကိုကျော်သူရိန်က စိတ်ရှည်လက်ရှည်ချော့မော့ပြီး ဆေးထိုးပေးသည်။ စားဆေးများကိုလည်း အချိန်နှင့်တိုက်ရန် မှာကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေဆေးတွေ မှတ်ထားပြီး သေသေချာချာတိုက်နော်"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

"သမီးလေးက စိုးရိမ်ရသလား၊ မောင်သူရိန်"

ဒေါ်မာလာကြွယ်က သမီးအတွက် စိတ်ပူပင်ခြင်းလွန်ကဲစွာနှင့် မေးသည်။

"အဆုတ်အအေးမိသွားတာပါ. . စိတ်မပူပါနဲ့ အန်တီမာလာ၊ သုံးလေးရက်အတွင်း ကောင်းသွားမှာပါ"

ကျော်သူရိန်က လေးလေးငယ်ကို ကလေးတစ်ယောက်လို ချော့မြူပြောဆိုပြီး ပြန်သွားသည်။ ညနေတွင် တစ်ခေါက်လာကြည့်ပေးမည်ဟု ပြောသွားသည်။

ကျော်သူရိန်ပြန်သွားပြီး ဒေါ်မာလာကြွယ်က သက်နှင်းဝေကို ဆူသည်။

"သမီးလေးက အအေးမခံရဘူးဆိုတာသိလျက်နဲ့ မင်းက ခြံထဲမှာ သူ့ကို အကြာကြီးထိုင်ခိုင်းလိုက်တာကိုး. . ဖြစ်မှာပေါ့"

"နှင်းဝေမသိလို့ပါ ကြီးကြီးမာလာရယ်. . နောက်ဆို ဒါမျိုးမဖြစ်စေရပါဘူး"

"မေမေကလဲ မမနှင်းဝေကို အလကားမဆူပါနဲ့. . လေးငယ်ထိုင်ချင်လို့ ခြံထဲမှာ သူပါထိုင်ရတာပါ"





"သမီးက စိတ်အလိုလိုက်တိုင်း သူက စဉ်းစဉ်းစားစားလုပ်ရမှာပေါ့"

"အခုမှ ရောက်တဲ့မမနှင်းဝေက လေးငယ်ရဲ့အကြောင်းကို မသိသေးလို့ပါ မေမေရယ်"

လေးလေးငယ်က သူ့ဇာနှင့် မိခင်ဖြစ်သူက သက်နှင်းဝေကို ဆူပူနေသည်ကို အားနာပြီး ဝင်ပြောသည်။ ဒေါ်သီရိနွယ်က အစ်လုံးတစ်ပါဒမှ ဝင်မပြောရဲသော်လည်း တူမလေးအတွက် စိတ်မကောင်းဖြစ်နေသည်။

"ကြီးကြီးမာလာအရမ်းစိတ်ပူလို့ နှင်းဝေကို ပြောနေတာဆိုတာ သိပါတယ်. . နှင်းဝေလဲ ညီမလေးအတွက် စိတ်ပူပါတယ်. . နောက်ကို ဒါမျိုးမဖြစ်အောင် နှင်းဝေ ဆင်ချင်ပါ့မယ်"

စိတ်ဆိုးခြင်းအလျဉ်းမရှိ အေးချမ်းသည်းခံစွာနှင့်ပြောနေသော သက်နှင်းဝေကိုကြည့်ပြီး ဒေါ်သီရိနွယ်က သနားနေသည်။

"အသက်ငယ်ပေမယ့် သိပ်ကို ပြည့်ဝတဲ့ ကလေးပါပဲ"

စိတ်ထဲကနေ အချစ်ရဆုံးမောင်လေးရဲ့ သမီးကို ချစ်ခင်သနားစိတ်တွေ ပွားနေသည်။

"သူ့ခမျာအားကိုးစရာမရှိလို့ လာနေရရှာတာ မမက သူ့ဘူမလေးကို ကြင်ကြင်နာနာဆက်ဆံရင်ကောင်းမယ်"

စိတ်ထန်သောအစ်မဖြစ်သူကို ပွင့်ပွင့်လင်းလင်းမဝေဖန်ရဲ၍



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြောလိုက်သည်။ လေးလေးငယ်အဖျားကျရန် နဖူးပေါ် [illegible] ချွေးသုတ်ပြီး အဝတ်အစားလဲခြင်းတို့ကို သက်နှင်း [illegible] ကျွမ်းကျင်စွာ လုပ်ကိုင်ပေးနေသည်။

"လုပ်တတ် ကိုင်တတ်လိုက်တာ တူမကြီးရယ်"

ဒေါ်သီရိနွယ်က ထုတ်ဖော်ပြီးကို ချီးကျူးလိုက်သည်။

"နှင်းဝေက ငယ်ငယ်ကတည်းက မေမေမရှိတော့ သူများနဲ့ နေရပါတယ် . . မေမေမြင့်က နှင်းဝေကို သမီးလေးလိုသိပ်ချစ်လို့ အားလုံးကို လုပ်တတ်ကိုင်တတ်အောင် သင်ပေးပါတယ်"

"တော်လိုက်တဲ့ အမျိုးသမီးကွယ်"

ဒေါ်သီရိနွယ်က မမြင်ဖူးသော သက်နှင်းဝေပြောသော အမျိုးသမီးကို ချီးကျူးလိုက်သည်။

မိခင်ရင်းရဲ့ မေတ္တာကို မရခဲ့ရှာသော သက်နှင်းဝေရဲ့ အဖြစ်ကို အလွမ်းစာနာနေသည်။

"ညီမလေး ဘာသောက်မလဲ . . မမနှင်းဝေလုပ်ပေးမယ်လေ"

"ဘာမှမသောက်ချင်ပါဘူး မမနှင်းဝေရယ်"

"ဆေးသောက်ရမှာ အစာနည်းနည်းခံသောက်မှ နို့မှုံ့ဆိုရင် အစာအိမ်နာလိမ့်မယ်"

"ဒါဆို တစ်ခုခုဖျော်ပေးပါ"





"အိုဗာတင်းဖျော်ပေးမယ်နော်"

သက်နှင်းဝေက လေးလေးငယ်အခန်းကထွက်လာပြီး မီးဖိုထဲသွားကာ အိုဗာတင်းနှင့် ဘီစကွတ်မုန့်အချို့ကို ယူလာခဲ့သည်။

လေးလေးငယ်ကို ချော့မော့ကျွေးကြီးဆေးကိုပါ တိုက်လိုက်သည်။ လေးလေးငယ်က ချွေးတွေထွက်လာပြီး အဖျားကျလာသည်။ ချွေးစိုပြီး အအေးပြန်မိမှာစိုး၍ အဝတ်အစားတွေကိုလဲပေးလိုက်သည်။

အဖျားငွေ့ကျသွားပြီး လေးလေးငယ်အိပ်ပျော်နေချိန်မှာ သက်နှင်းဝေက အခန်းထဲမှထွက်လာသည်။ မီးဖိုဆောင်သို့ ဝင်လိုက်သည်။

ဒေါ်မေတစ်ယောက်တည်း ချက်ပြုတ်၍ ကူညီလိုက်သည်။

"ကြီးကြီးသီရိရောဟင်"

"မမကြီးဆိုင်မထွက်နိုင်လို့ မမလေးပဲ ဆိုင်ထွက်နေတယ်လေ"

"ဟုတ်လား . . ထမင်းစားချိန်တော့ ပြန်လာမှာပေါ့"

"မလာဘူး . . သဲသဲကိုပဲ ထမင်းသွားပို့ခိုင်းမယ်"

"ဆိုင်က ဝေးလားဟင်"

"သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး"

"နှင်းဝေဆိုင်မှာ ကူညီပေးချင်ပါတယ် . . ဒါပေမဲ့ လေးလေးငယ်ကို ပစ်ထားလို့မဖြစ်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်က မမကြီးပဲ အများဆုံးသွားထိုင်တာပါ. . မမလေးက အိမ်အလုပ်ကိုလဲ လုပ်တယ်. . အားရင် ဆိုင်သွားထိုင်တယ်"

"ကြီးကြီးသိရိက သိပ်ပြီးအေးတာပဲနော်"

"အေးတယ်. . ဘယ်သူ့ကိုမှလဲ ပူပူဆူဆူမလုပ်ဘူး. . အစ်မတိုလဲ ကြောက်လိုက်တာအရမ်းပဲ"

ညီအစ်မနှစ်ယောက်ရဲ့ မတူညီသော စိတ်နေစိတ်ထားကို သက်နှင်းဝေတွေ့ရသည်။ ဒါပေမဲ့ စိတ်ထဲမှာ ဝေဖန်ခြင်းတော့ မရှိပါ။

ဒေါ်မေကို ခပ်သွက်သွက်လေးကူလုပ်ပေးပြီး မီးဖိုထဲမှပြန်ထွက်ခဲ့သည်။ အခန်းတစ်ခန်းတွင်းက ဒေါ်မာလာရဲ့ အသံစူးစူးက ထွက်လာသည်။

"သဲသဲ. . နင့်ကို ဒီလိုမျက်နှာဆေးဆိုးပန်းရိုက်လုပ်မလာနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"ဘာဖြစ်လို့လဲ ကြီးကြီးမာလာရယ်"

"ငါမကြိုက်ဘူး. . ပြင်ဆင်ထားတာကိုက ကလက်လွန်းတယ် ငါ့အိမ်မှာ အလုပ်ဆက်လုပ်ချင်ရင် ကောင်းကောင်းနေ"

"ဒီမှာ သဲသဲအလုပ်ဆက်လုပ်ချင်ပါတယ်. . ကြီးကြီးမကြိုက်ရင် နောက်မလုပ်ပါဘူး"

"ကဲ သွား. . သမီးလေးရဲ့အခန်းထဲမှာ လျှော်စရာအဝတ်တွေ အများကြီး မြန်မြန်လျှော်. . မီးပူတိုက်စရာရှိတာလဲ မြန်မြန်တိုက်သွား"





"စိတ်ချပါ ကြီးကြီးမာလာ. . သဲသဲရဲ့အလုပ် ဘာမှမလစ်ဟင်းစေရပါဘူး"

"ပြောလိုက်ရင် အထွန့်တက်ပြီ. . သွား ငါ့မျက်စိရှေ့က မြန်မြန်သွား"

သဲသဲက အခန်းထဲမှ ပြေးထွက်လာရင်း အခန်းဝကဖြတ်လာသော သက်နှင်းဝေကိုကြည့်ကာ အခန်းထဲသို့ မေးငေါ့ပြပြီး နှာခေါင်း ရှုံ့ပြသည်။

ပြင်ဆင်မှုလွန်ကဲနေသော သဲသဲရဲ့မျက်နှာက ရယ်စရာဖြစ်နေ၍ သက်နှင်းဝေက ပြုံးလိုက်သည်။ အခန်းထဲမှထွက်လာသော ဒေါ်မာလာကြွယ်က သက်နှင်းဝေရဲ့နောက်ကျောကို တွေ့ပြီး လှမ်းအော်သည်။

"သက်နှင်းဝေ. . သမီးလေးအနားမနေဘဲ ဘယ်လျှောက်သွားနေတာလဲ"

"လေးငယ်အိပ်ပျော်နေလို့ ဒေါ်မေ့ကို သွားကူပေးနေတာပါ"

"အဲဒါတွေထားလိုက်. . သမီးလေးနေမကောင်းဖြစ်တဲ့ အချိန်မှာ သမီးလေးအနားမှာပဲနေ"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

သက်နှင်းဝေ အပေါ်ထပ်သို့ အပြေးတစ်ပိုင်းနှင့်တက်ခဲ့သည်။ အခန်းထဲရောက်တော့ လေးလေးငယ်အိပ်ပျော်နေဆဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။

လေးလေးငယ်နိုးသွားမှာစိုး၍ ခပ်ဖွဖွလေး သူ့နဖူးကို စမ်းသပ်ကြည့်သည်။ အဖျားသွေးကျနေသည်ဆိုတာကို တွေ့ရသည်။

"လေးငယ် မြန်မြန်နေကောင်းသွားပါစေ"

လေးလေးငယ်အိပ်ရာနိုးသည်အထိ စောင့်ဆိုင်းနေသည်။

"လေးငယ် နိုးပြီလား"

"အင်း"

"ဗိုက်ဆာနေလား"

"မဆာပါဘူး မမနှင်းဝေ"

"မဆာလဲ စွပ်ပြုတ်လေးသောက်ပြီး ဆေးသောက်ရအောင်နော်"

"ဆေးတွေက သောက်ရဦးမှာလား"

"သောက်ရမှာပေါ့ လေးငယ်ရယ်. . ဆေးသောက်မှ နေကောင်းမှာပေါ့"

"နေမကောင်းဖြစ်နေတာ ကောင်းတာပေါ့"

"လေးငယ်ရယ်. . လျှောက်ပြီး ပေါက်ကရတွေပြောနေပြန်ပြီ. . နေမကောင်းဖြစ်တာ ဘယ်သူမှမကြိုက်ဘူး"

"လေးငယ်ကြိုက်တယ်သိလား"

"ကြည့်. . လျှောက်ပြောပြန်ပြီ"





"ဘာလို့ကြိုက်လဲဆိုတော့. . နေမကောင်းဖြစ်ရင် ကိုကိုသူရိန်လာပြီး လေးငယ်ကို ဂရုစိုက်လို့လေ"

"လေးငယ်ရယ်"

အလွန်ကလေးဆန်ပြီး ထင်ရာလျှောက်ပြောနေသော လေးလေးငယ်ကိုကြည့်ပြီး ရယ်လိုက်သည်။

"ကိုကိုသူရိန်က လေးငယ်နေကောင်းနေရင် သိပ်ပြီးလာတာမဟုတ်ဘူး"

"ဒါဆို လေးငယ်နေကောင်းလဲ လာပါလို့ပြောပါလား"

"ပြောပါတယ်. . သူက အလုပ်များတာကို ဆင်ခြေပေးတာလေ"

"ကဲ. . လေပေါ်မနေနဲ့. . ဆေးသောက်ရမယ်"

သက်နှင်းဝေက အောက်ထပ်ကိုဆင်းလာခဲ့ပြီး လေးလေးငယ်အတွက် စွပ်ပြုတ်ပူပူကို ယူလာခဲ့ပြီး ဆေးတိုက်သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၇)

စွပ်ပြုတ်သောက်၊ ဆေးသောက်ပြီး ခဏကြာမှာ လေးလေးယဉ်မှိန်းသွားသည်။ ထိုအချိန်မှာ သက်နှင်းဝေက ထမင်းသွားစားသည်။

ဒေါ်မာလာကြွယ်ကလည်း သမီးအိပ်သွားမှ ထမင်းကို ဖြောင့်ဖြောင့်စားသည်။ လေးလေးယဉ် အပေါ်အလွန်စိုးရိမ်ကြောင့်ကြသော ဒေါ်မာလာကြွယ်ကို သက်နှင်းဝေက ကရုဏာသက်နေသည်။

ညနေစောင်းမှာ ဒေါက်တာကျော်သူရိန်ရောက်လာသည်။ လေးလေးယဉ်ကို စမ်းသပ်ကြည့်ရှုပေးသည်။

"အဖျားကျသွားပြီ . . အားဆေးတွေကို လေးလေးယဉ်စားဖို့လိုအပ်တယ်နော်"





"စားပါတယ် ကိုကိုသူရိန်ရဲ့"

"မောင်သူရိန်ရေ အားဆေးတော့စားပါရဲ့ . . အစားအသောက်ကို သိပ်ပြီး ချေးများတာ"

"လေးယဉ်ကလဲ ကလေးမှမဟုတ်တာ . . ထမင်းကို ကောင်းကောင်းစားရမှာပေါ့"

"လေးယဉ်မှ မစားချင်တာ"

"စားချင်တဲ့ဟင်းကို ချက်ခိုင်းပြီးစားပေါ့"

"ချက်ပေးပါတယ် မောင်သူရိန်ရယ် . . သူ့ကိုယ်က ချေးများတာ"

"လေးယဉ်ကလဲ ကလေးကျနေတာပဲ၊ အဲ့လိုမဆိုးရဘူးလေ"

"ကိုကိုသူရိန်ပဲ လေးယဉ်က ကလေးလို့ပြောခဲ့တယ်နော် . . အခုကျ လူကြီးလို့ပြောပြန်ပြီ"

ကျော်သူရိန်က သဘောကျစွာရယ်ရင်း လေးလေးယဉ်ရဲ့ခေါင်းကို ပွတ်လိုက်သည်။

"သိပ်ပြီး စကားအထအနကောက်တဲ့ ကောင်မလေး"

"စကားအထအနကောက်တာမဟုတ်ပါဘူး . . ကိုကိုသူရိန်က အမျိုးမျိုးပြောတာ"

"ကဲပါဗျာ . . အရှုံးပေးပါပြီ . . နေကောင်းအောင်နေဦးနော်"

"လေးယဉ်နေကောင်းသွားရင် ကိုကိုသူရိန်က မလာတော့ဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ပေါ့ …ယ်ရှာ"

"နေ့တောင်းလဲ …စ်ခေါက်လာရမယ်"

"အဲဒါတော့ အခြေအ…ရပေါ့"

"လာမယ်လို့ပြောလေ. . မပြောရင် လေးငယ်နေကောင်းအောင် မနေဘူး"

"ကြည့် လေးငယ်ကဆိုးပြီ. . ကိုကိုသူရိန်အားရင်လာမယ် ပြောပြီးပြီပဲ"

"တကယ်လာမှာလား"

"စကားနားထောင်မှလာမယ်"

"ဒါဆို နားထောင်မယ်. . လာခဲ့နော်"

"အင်း"

ဒေါက်တာသူရိန်က လေးလေးငယ်ကို အလွန်အလိုလိုက်သည်ဆိုတာကို သက်နှင်းဝေတွေ့လိုက်သည်။ သက်နှင်းဝေက ဒေါက်တာကျော်သူရိန်ရဲ့ ဆေးအိတ်ကို ကောက်ကိုင်ပြီး အောက်ထပ်လိုက်ပို့ပေးရန်ပြင်သည်။

"ရတယ်. . သက်နှင်းဝေ. . ကိုယ့်ဘာသာယူသွားမယ်"

"ဟုတ်တယ်. . မမနှင်းဝေ. . ကိုကိုသူရိန်က သူ့စိမ်းမဟုတ်ဘူး. . အရင်းအချာဆရာဝန်မို့ အဲလိုလုပ်ပေးစရာမလိုဘူးလေ"

"ပြန်လိုက်ပါဦးမယ်"





သက်နှင်းဝေကို ကြည်လင်သော အပြုံးတစ်ခုပေးပြီး ဒေါက်တာကျော်သူရိန်က ထွက်သွားသည်။

"မမနှင်းဝေ လေးငယ်ရေသောက်ချင်တယ်"

"ရမယ် ညီမလေး"

လေးလေးငယ်ကို သက်နှင်းဝေက ရေတစ်ခွက်ခပ်ပေးလိုက်သည်။ လေးလေးငယ်က မရသောက်ပြီး ပို၍ လန်းဆန်းသွားသည်။

"မမနှင်းဝေ"

"ဘာလဲ လေးငယ်"

"ကိုကိုသူရိန်က ချောလားဟင်"

"အင်း. . မဆိုးပါဘူး"

သက်နှင်းဝေက မယုတ်မလွန်ဖြေလိုက်သည်။ လေးလေးငယ်က သူ့လက်ဝါးလေးနှစ်ဖက်ကို ပူးထားရင်း မျက်နှာလေး ခပ်မော့မော့လေးဖြေသည်။

"လေးငယ်ကတော့ ဒီကမ္ဘာလောကထဲမှာ ကိုကိုသူရိန်က အချောဆုံးယောက်ျားလို့ထင်တာ"

စားပွဲပေါ်သို့ သောက်ရေခွက်ကို ပြန်တင်ရင်းက လေးလေးငယ်ရဲ့ စကားကြောင့် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

လေးလေးငယ်ရဲ့ မျက်နှာပေါ်ဝယ် ကြည်နူးရိပ်တွေကို တွေ့ရသည်။ လေးလေးငယ်ရဲ့မျက်နှာကို တအံ့တဩကြည့်နေရင်းက သက်နှင်းဝေထပ်မံအံ့ဩရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုသိပ်ချော့တဲ့ ကိုကိုသူရိန်ကို လေးငယ်ရဲ့ အနားမှာပဲ နေစေချင်တာ. . တခြားနေရာတွေလျှောက်သွားတာကို စိတ်မချဘူး"

"လေးငယ်ဘာတွေပြောနေတာလဲ"

"ကိုကိုသူရိန်ကို လေးငယ်စိတ်မချတာပြောတာလေ. . တခြားမိန်းမတစ်ယောက်ယောက်နဲ့ ကိုကိုသူရိန်ရင်းနှီးသွားမှာ မလိုလားဘူး"

သက်နှင်းဝေက ပါးစပ်အဟောင်းသားလေးနှင့် လေးလေးငယ်ကိုကြည့်ရင်း စိတ်ထဲမှာ တွေးတောစရာတွေဖြစ်လာသည်။

"လေးငယ်နဲ့ ဒေါက်တာက ဘယ်လိုပတ်သက်နေလို့လဲဟင်"

"ဒေါက်တာလို့မခေါ်ပါနဲ့ မမနှင်းဝေရယ် စိမ်းလွန်းပါတယ်၊ တစ်နေ့အမျိုးတော်ရမှာ ကိုသူရိန်လို့ပဲ ခေါ်ပေါ့"

"တစ်နေ့ အမျိုးတော်ရမှာဟုတ်လား"

"အင်းလေ. . လေးငယ်နဲ့ သူ တစ်နေ့လက်ထပ်မှာပဲဟာ"

"ဒါဆို လေးငယ်နဲ့သူက ချစ်သူတွေလား"

"ချစ်သူတွေ အဆင့်တော့ မရောက်သေးဘူး"

"ဒါဖြင့် ဘာလဲ. . လေးငယ်ရယ်"

လေးလေးငယ်ကို နားမလည်စွာနှင့် သက်နှင်းဝေက မေးလိုက်သည်။

"လေးငယ်က သူ့ကိုသိပ်ချစ်နေတာလေ"





"သူကရော"

"သူကလား. . လေးငယ်ကို ကလေးတစ်ယောက်လိုပဲထင်နေသေးတာ. . လေးငယ်ကလေးမဟုတ်ဘူး. . သူ့ကို သိပ်ချစ်တဲ့မိန်းမတစ်ယောက်ဆိုတာ သူသိအောင် တဖြည်းဖြည်းကြိုးစားနေတာ"

လေးလေးငယ်ရဲ့ တစ်ဖက်သတ်အချစ်ကို သက်နှင်းဝေတွေ့ရှိလိုက်ရပြီး စိတ်မကောင်းဖြစ်သွားသည်။ ကျော်သူရိန်က လေးလေးငယ်ကို သိပ်ပြီး အရေးတယူရှိနေသည့်အတွက် ကျော်သူရိန်လည်း လေးလေးငယ်ကို သံယောဇဉ်ရှိနေခြင်းဖြစ်ပါစေလို့ မျှော်လင့်မိသည်။

လေးလေးငယ်ရဲ့ကိစ္စအဝဝကို ပြုလုပ်ပေးပြီး ရေချိုးရန် သူ့အခန်းသို့ ပြန်ခဲ့သည်။

ညတွင် လေးလေးငယ်က စောစောအိပ်သွားသဖြင့် သက်နှင်းဝေက လွတ်လပ်သွားသည်။ စာကြည့်ခန်းထဲတွင် တစ်ချောင်းထိုးနှင်းထိုးနေသော ဒေါ်သီရိနွယ်ထံသို့ သွားသည်။

"ကြီးကြီးသီရိ. . ညမိုးချုပ်အထိ ထိုးတုန်းပဲလား"

"ဒီအချိန်ပဲ အားတာလေ"



www.burmeseclassic.com

"အဲဒါဘာလုပ်ဖို့လဲ"

"စားပွဲခင်းထိုးနေတာ"

"ဒါဆို အများကြီးထိုးရမှာပေါ့နော်"

"အင်း"

"နှင်းဝေမထိုးတတ်လို့ပါ. . ထိုးတတ်ရင် ကြီးကြီးသီရိကို ကူထိုးချင်ပါတယ်"

"ရပါတယ်ကွယ်. . အပျင်းပြေထိုးတာပါ"

"မနက်စောစောမထနဲ့နော်. . နှင်းဝေထပေးမယ်"

"တူမကြီးပင်ပန်းလှပါတယ်ကွယ်"

"ဒီလောက်အလုပ်လေးများ နှင်းဝေလုပ်နိုင်ပါတယ်"

"နှင်းဝေလေးက အရမ်းကို အလိုက်သိ လိမ္မာတာပဲ"

"ကြီးကြီးသီရိတို့နဲ့ ဒေါ်မေလင်းဆိုတာ သိလားဟင်"

"သိပါတယ်. . တူမကြီးက သူတို့ကို ဘယ်လိုသိတာလဲ"

"ဒီကိုလာတုန်းက ကားပေါ်မှာ ဒေါ်မေသင်းနဲ့အတူတူ ထိုင်ခဲ့တယ်"

"ဟုတ်လား"

"နှင်းဝေကို ပထမပိုင်း ဖက်လဲတကင်းရှိပြီး နံ့သာမြိုင်က မှန်လဲသိရော. . တစ်မျိုးကြီးဖြစ်သွားတယ်"

"ဟုတ်မှာပေါ့"





"အဲဒါ ဘာပြုလို့လဲ ကြီးကြီးသီရိ"

"သူနဲ့ မမက သူငယ်ချင်းတွေလေ. . တစ်ချိန်က သိပ်ခင်ခဲ့ပြီး နောက်တော့ ဘာမဟုတ်တာလေးနဲ့ စိတ်ခုပြီး စိမ်းသွားကြတာ"

"ဩော်. . ဟုတ်လား. . မတည့်တော့ဘူးပေါ့နော်"

"ဟုတ်တယ်"

"မမက စိတ်ရင်းကောင်းပေမဲ့ နှုတ်ကဆိုးတယ်. . ဒါကြောင့် သူနဲ့တည့်တဲ့လူက ခပ်ရှားရှားပဲ"

"ကြီးကြီးသီရိက မတည့်တဲ့လူကို မရှိဘူးမဟုတ်လား"

"ရှိတော့ရှိပါတယ်ကွယ်"

ဒေါ်သီရိနွယ်လို သိမ်မွေ့သော သူတစ်ယောက်မှာ မသင့်မြတ်သူမရှိဟု သက်နှင်းဝေတ တွက်ဆပြီးသားပါ။

မျက်နှာလေး အလွန်ချောမွေ့ပြီး အေးကြည်နေသော တူမလေးရဲ့မျက်နှာကို ဒေါ်သီရိနွယ်က စေ့စေ့ကြည့်လိုက်သည်။ ကြည့်နေသူ ချစ်ရသော မောင်လေးနှင့်တူလေမို့ သက်နှင်းဝေကို ပို၍ချစ်ခင်နေသည်။

"တူမကြီး ဒီမှာနေရတာ ပျော်ရဲ့လားကွယ်"

"ပျော်ပါတယ်ကြီးကြီးသီရိရယ်"

"နှစ်ရက်ပဲရှိသေးတာကိုး. . တူမကြီး ရက်တွေကြာလာရင် ပျော်ပါ့မလားလို့ ကြီးကြီးသီရိစိုးရိမ်တယ်"

"ဘာလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမက တစ်ခါတလေ မညှာမတာပြောတတ်လို့"

"အဲဒီအတွက် စိတ်မပူပါနဲ့ကြီးကြီးသီရိရယ်. . နှင်းဝေမှာ အမေနဲ့ မကြီးခဲ့ရပါဘူး. . ကြီးကြီးတို့နဲ့တွေ့ရတာ အမေကိုယ်စားတွေ့ရတယ်ဆိုပြီး နှင်းဝေဝမ်းသာနေတာပါ"

သက်နှင်းဝေက ဒေါ်သီရိနွယ်ရဲ့ လက်ကလေးကိုဆွဲပြီး ရင်ခွင်မှာ ဖက်ပြီးပြောသည်။

"အမေက ဆူတာကို သမီးက စိတ်ဆိုးလို့ရမလား. . ကျေကျေနပ်နပ်ခံယူရမှာပေါ့. . အမေဆိုတာ ကောင်းစေချင်လို့ ဆုံးမသွန်သင်တာပဲမဟုတ်လား"

အရွယ်နှင့်မလိုက်အောင် အကောင်းဘက်ကတွေးတတ်သော တူမလေးကိုကြည့်ပြီး မျက်ရည်တွေဝဲသည်အထိ ဒေါ်သီရိနွယ် ကြည်နူးရပါသည်။

"အရွယ်နဲ့မလိုက်အောင် စိတ်ထားမြင့်မြတ်ပါတယ်ကွယ်"

"အဲဒါ ဖေဖေပေးခဲ့တဲ့ အမွေတွေပါ ကြီးကြီးသီရိရယ်"

"ဟုတ်မယ်. . မောင်မောင်ဟာ သမီးလေးကို သူ့စိတ်တွေနဲ့ တစ်ထပ်တည်းဖြစ်အောင် ပုံသွင်းခဲ့တာကိုး"

"ဖေဖေက နှင်းဝေကို သိပ်ချစ်တာပဲ. . ပြီးတော့ လိမ္မာရေးခြားရှိအောင် သွန်သင်ခဲ့တယ်"

"မောင်မောင်ဟာ ဆင်းဆင်းရဲရဲနဲ့ သေသွားရတာပေါ့နော်"





"မချမ်းသာပေမဲ့ နှင်းဝေတို့လူတန်းစေ့နေနိုင်ခဲ့ပါတယ် ကြီးကြီးသီရိရယ်"

"ဒါပေမဲ့ နံ့သာမြိုင်ထက်တော့ ဆင်းရဲတာပဲမဟုတ်လား"

"ဟုတ်ပါတယ်. . ဒါပေမဲ့ ဖေဖေက သူ့ဘဝကိုသူ ကျေကျေနပ်နပ်ရှိခဲ့တာပါ. . နံ့သာမြိုင်ရဲ့ မိသားစုကို တမ်းတခဲ့ပေမဲ့ ချမ်းသာကြွယ်ဝခြင်းကိုတော့ သူမလွမ်းပါဘူးကြီးကြီးသီရိရယ်"

"ဟုတ်မှာ. . သူက ငယ်ငယ်ကတည်းက လောဘမရှိဘူး. . ရောင့်ရဲတင်းတိမ်တတ်တယ်"

ဒေါ်သီရိနွယ်နှင့် နှစ်ယောက်တည်းရှိသည့်အခါ ဖခင်ရဲ့ အကြောင်းများကို ပြောဖြစ်ကြသဖြင့် သက်နှင်းဝေကြည်နူးရပါသည်။

ဖခင်အတွက် သိပ်ချစ်သိပ်လွမ်းသောစိတ်တွေ ရင်ထဲမှာ သိမ်ဆည်းထားခဲ့ရသမျှ ဒေါ်သီရိနွယ်နှင့်ပြောဖြစ်သည့်အခါ ရင်ထဲမှာ ပေါ့ပါးသွားရပါသည်။

"ဖေဖေ့ကို ကြီးကြီးမာလာက မချစ်ဘူးလားဟင်"

"ချစ်တော့ ချစ်ရှာပါတယ်"

"ကြီးကြီးသီရိလောက်မချစ်ဘူးပေါ့နော်"

"ကြီးကြီးကတော့ သူ့အပေါ် ပိုတာပေါ့ကွယ်"

"ကြီးကြီးသီရိ မေမေ့ကို မတွေ့ဖူးဘူးပေါ့နော်"

"မတွေ့ဖူးပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဝေဆီမှာ မေမေ့ဓာတ်ပုံရှိတယ်. . နောက်တော့ ပြမယ်

နော်"

"အေးပါကွယ်"

"ကြီးကြီးသီရိ"

"ဘာလဲ တူမကြီး"

"ညီမလေး လေးငယ်က ဘာရောဂါဖြစ်နေတာလဲဟင်"

"နှလုံးရောဂါရော. . သွေးအားနည်းတဲ့ရောဂါရောပဲ"

"ဒါဆို လေးငယ်ရောဂါက ဆိုးတာပေါ့နော်"

"သူ့ကို စိတ်ချမ်းသာအောင် အလိုလိုက်ထားရတာပေါ့ကွယ်"

"ငယ်ငယ်လေးရှိသေးတယ်၊သူက နှလုံးရောဂါဖြစ်တယ်နော်"

"မွေးငါးနှစ်လောက် ကတည်းကဖြစ်တာ"

"ဟုတ်လား. . လေးငယ်သနားပါတယ်နော်"

"ကြီးကြီးလဲ သူ့အတွက် စိတ်မကောင်းပါဘူး"

"နှင်းဝေမေးချင်လို့. . ကြီးကြီးစိတ်မဆိုးပါနဲ့နော်"

"ဘာများလဲကွယ်"

"လေးငယ်က အသက်အန္တရာယ်ရှိလားဟင်"

"နှလုံးရောဂါက သိပ်အဆိုးကြီးမဟုတ်ဘူးလို့ ပြောတာ"

"ရန်ကုန်က အထူးကုတွေနဲ့ သွားကုပါလားဟင်"

"မောင်သူရိန်နဲ့ ကုနေတာပဲကွယ်. . လိုအပ်ရင် သူ ရန်

သွားခိုင်းမှာပေါ့"





"ဟုတ်သားပဲနော်"

လေးလေးငယ်အား ဒေါ်မာလာကြွယ်က အစိုးရိမ်လွန်ပြီး လိုအပ်သည်ထက် ပိုပြီး အဖြစ်သည်းနေသည်ဆိုတာကို သက်နှင်းဝေ တွက်မိသော်လည်း နှုတ်က ဖွင့်မပြောပါ။

"နေမကောင်းရှာတဲ့ သမီးလေးကို သိပ်ချစ်လွန်းလို့ ကြီးကြီးမာလာက ဒီလိုဖြစ်နေတာနေမှာ"

"သမီးလေးတစ်ယောက်တည်းရှိတော့ လေးငယ်တစ်ခုခုဖြစ် သွားမှာစိုးရိမ်ရှာမှာပေါ့လေ"

သက်နှင်းဝေရဲ့ ပင်ကိုအတောင်းမြင်တတ်သော စိတ်ကြောင့် ဒေါ်မာလာကြွယ်ကို ကောင်းသည့်ဘက်ကပဲ စာနာနားလည်ပေးလိုက် ပါသည်။

ဒေါ်သီရိနွယ်က တစ်နေ့လုံး ပင်ပန်းနေသည်မို့ စကားပြော ရင်းနှင့် သမ်းဝေလာသည်။

"ကြီးကြီးအိပ်ချင်အိပ်တော့နော်"

"တူမကြီးလဲ ပင်ပန်းတယ်. . စောစောအိပ်လေ"

"ဟုတ်ကဲ့"

သူ့အခန်းကိုပြန်လာသည်။ အိပ်ရာပေါ်လှဲလိုက်မှ သူ သိပ် ပင်ပန်းနေသည်ကို သိတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၈)

နောက်တစ်နေ့ နံနက်မှာ သက်နှင်းဝေက နံနက်စောစောထပြီး မီးဖိုဆောင်ထဲဝင်ကာ ကော်ဖီဖျော်ပြီး နံနက်စာအတွက် ပြင်ဆင်ပေးလိုက်သည်။

ဒေါ်သီရိနွယ်နှင့် ဒေါ်မာလာကြွယ်တို့ နိုးလာတော့ အသင့်ပြင်ကျွေးသည်။ လေးလေးငယ်က နေမြင့်မှ အိပ်ရာထတတ်သူမို့ လေးလေးငယ်အတွက် နောက်မှပြင်ဆင်ပေးရန် စဉ်းစားသည်။

"သက်နှင်းဝေ. . သမီးလေးအတွက် မိုင်လိုကုန်တော့မယ် မဟုတ်လား"

"ဟုတ်ပါတယ် ကြီးကြီးမာလာ"

"ဒါဆို သွားဝယ်လိုက်"

ဒေါ်မာလာကြွယ်က သွားဝယ်ရမည့်နေရာကို ညွှန်ကြားပြီး ပိုက်ဆံပါ ထုတ်ပေးသည်။





"ပြီးတော့ ဒီစာကို မောင်သူရိန်ရဲ့အဖေကို ဝင်ပေးပေးပါ"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

ကျော်သူရိန်ရဲ့အိမ်ကို မသိသော်လည်း ဒေါ်မာလာကြွယ် လမ်းညွှန်ပေးလိုက်သည်မို့ သက်နှင်းဝေက အိမ်မှထွက်လာခဲ့သည်။

မရောက်ဖူးသော အရပ်ဒေသဖြစ်ပေမဲ့ လမ်းတွေရှုပ်ရှုပ်ယှက်ယှက်မရှိ၍ ဒေါ်မာလာကြွယ်ညွှန်လိုက်သော ကုန်စုံဆိုင်သို့ရောက်သည်။ မိုင်လိုပူတင်းကိုဝယ်ပြီး အပြန်မှာ ကျော်သူရိန်တို့အိမ်ကို ဝင်မည်ဖြစ်သည်။ ဦးမျိုးမြင့်အမည်တပ်ထားသော စာအိတ်လေးကို ကိုင်ခဲ့သည်။

ဒေါ်မာလာကြွယ်ပြောသော လိပ်စာနှင့်အိမ်ကို ရှာတွေ့ပါသည်။ စေ့ထားသောခြံဝန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။ မထင်မှတ်သော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်သည်။

ခွေးကြီးကြီးတစ်ကောင်က ပြေးထွက်လာပြီး မာန်ဖီကာ သူ့ကို ခုန်အုပ်လိုက်သည်။

"ရန်လုံ. . ရပ်လိုက်"

သက်နှင်းဝေတော မဟန်နိုင်ဘဲ ပက်လက်လန်ပြီး လဲသွားသည်။ လက်ထဲက စာရော၊ မိုင်လိုပုလင်းပါ မြေပြင်ပေါ်သို့ အရှိန်နှင့် လွတ်ကျသွားသည်။

ရန်လုံက အမိန့်သံကိုကြားပြီး သက်နှင်းဝေကို အက်လက်



www.burmeseclassic.com

www.burmeseclassic.com



ရန်မပြုတော့ပါ။ ဒေါက်တာကျော်သူရိန်က သက်နှင်းဝေထံသို့ ပြေးလာခဲ့သည်။

"သက်နှင်းဝေ မင်းဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ"

သက်နှင်းဝေက ကြောက်လွန်လွန်းသဖြင့် တုန်တုန်ယင်ယင်နှင့်ဖြေသည်။

"ကြီး. . ကြီးကြီးမာလာခိုင်းလိုက်လို့ပါ"

မြေပေါ်လဲနေသော သက်နှင်းဝေကို ဆွဲထူလိုက်သည်။ သက်နှင်းဝေက တင်ပါးပါ နာသွားသော်လည်း အံတင်းပြီး ထလိုက်သည်။

"ဘယ်နားထိသွားသေးလဲ"

"ရပါတယ်"

ကျော်သူရိန်က သက်နှင်းဝေရဲ့လက်ကို ကြည့်လိုက်သည်။ တံတောင်ဆစ်နှစ်ဖက်လုံး ပွန်းပဲ့သွားသည်ကို တွေ့ရသည်။

"အသံပြုလိုက်ရောပေါ့ကွာ"

"ခွေးရှိမှန်း မသိလို့ပါ"

"ကြီးကြီးက ခွေးရှိတယ်လို့ မပြောလိုက်ဘူးလား"

"မေ့ပြီး မပြောလိုက်ဘူးထင်ပါရဲ့"

"ကဲ လာ. . လာ အိမ်ထဲသွားမယ်"

"ရပါတယ် နှင်းဝေပြန်တော့မယ်. . ဒီစာသာ ဒေါက်တာရဲ့ အဖေကို ပေးပေးပါ"





"ခေါ်ပြန်ပြီလား. . အဲ့လိုမခေါ်နဲ့လို့ ပြောထားတယ်လေ"

"ဟုတ်ကဲ့ပါ"

အိမ်ထဲသို့ခေါ်သွား၍ သက်နှင်းဝေက လိုက်ခဲ့သည်။ ဧည့်ခန်းထဲမှာ ထိုင်ခိုင်းပြီး သူက အထဲဝင်သွားသည်။ ခဏအကြာမှာ ဆေးအိတ်ယူပြီး ထွက်လာသည်။ သူနှင့်အတူ အသက်ခြောက်ဆယ် ကျော်ရှိမည်ဖြစ်သော ရုပ်ရည်သန့်ပြန့်သော လူကြီးတစ်ယောက် ပါလာသည်။

"သက်နှင်းဝေ ဒါကိုယ့်ရဲ့ ဖေဖေဦးမျိုးမြင့်"

"ဟုတ်ကဲ့. . အန်ကယ့်ကို ကြီးကြီးမာလာက စာပေးခိုင်းလိုက်လို့ပါ"

"ဟုတ်လား"

"အသံမပေးဘဲ ဝင်လာလို့ ရန်လုံက သူ့ကို လုပ်လိုက်တယ် ဆရာဖေ"

"ဟင် ဟုတ်လား. . ကိုက်မိသွားသေးလား"

"ကျွန်တော် အချိန်မီ ရန်လုံကို ဟန့်လိုက်လို့ မကိုက်မိဘူး"

"တော်သေးတာပေါ့ကွယ်"

ကျော်သူရိန်က သက်နှင်းဝေရဲ့ တံတောင်ဆစ်ကို အရက်ပျံနှင့် သုတ်လိုက်သည်။ ပူစပ်၍ သက်နှင်းဝေက တွန့်ခနဲဖြစ်သွားသည်။

"ခဏလေးနော်. . အနာမရင်းအောင် လုပ်ပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရိန်က သက်နှင်းဝေရဲ့လက်ကို ဆေးထည့်ပြီး ပလေ
စတာတပ်ပေးလိုက်သည်။

"ကဲ. . ကော်ဖီသောက်လိုက်ပါဦး"

ဘယ်အချိန်က ဦးမျိုးမြင့်က ကော်ဖီစီစဉ်လိုက်သည်
စားပွဲပေါ်သို့ ကော်ဖီက ရောက်နေသည်။

"ကြာနေမှာစိုးလို့ မသောက်တော့ပါဘူး"

"သောက်သွားပါဦးကွယ်"

ဦးမျိုးမြင့်က အတင်းတိုက်သည်။ အားနာစွာနှင့် သက်နှ
ဝေသောက်လိုက်သည်။

"မင်းက မောင်မောင်ဇင့်သမီးဆို"

"ဟုတ်ပါတယ်. . အန်ကယ်နဲ့ ဖေဖေနဲ့သိလားဟင်"

"သိတာပေါ့. . အန်ကယ်ထက် အသက်ငယ်ပေမဲ့ မော
မောင်ဇင်နဲ့ အန်ကယ်ခင်တယ်"

"ဖေဖေခင်ခဲ့တဲ့သူတွေနဲ့ တွေ့ရတာ နှင်းဝေအရမ်းဝမ်း
ပါတယ်"

"အန်ကယ်ကလဲ ဝမ်းသာပါတယ်ကွယ်. . မင်းလေး
မောင်မောင်ဇင့်သမီးဆိုတာနဲ့ မြင်မြင်ချင်းခင်သွားပြီ"

"နှင်းဝေလဲ အန်ကယ့်ကိုခင်ပါတယ်"

"နောက် အိမ်ကို လာလည်ဦးနော်"





"ဟုတ်ကဲ့ပါ အန်ကယ်"

"မင်းအဖေနဲ့ အန်ကယ်က ဘောလုံးအသင်းတစ်သင်းတည်း
လေ. . အန်ကယ်က အဲ့ဒီတုန်းက အသင်းကပ္ပတိန်လုပ်ခဲ့တာပေါ့"

"ဖေဖေ့အကြောင်းတွေကို အန်ကယ်နဲ့ပြောရတာ ဝမ်းသာ
ပါတယ်. . နောက်ဆို နှင်းဝေလာခဲ့ပါ့မယ်"

"ကောင်းပါပြီကွယ်"

"နှင်းဝေပြန်ပါဦးမယ်"

"ကိုယ်လိုက်ပို့ပေးရမလား"

"ရပါတယ်ရှင်"

သက်နှင်းဝေက မြေပြင်ပေါ်မှာကျပြီး ကွဲသွားသော မိုင်လို
ပုလင်းကို မျက်စိထဲ ပြန်မြင်ပြီး စိတ်ညစ်သွားသည်။ နောက်ထပ်တစ်
ပုလင်းဝယ်ရန် ငွေပိုကလည်း မပါပါ။ သက်နှင်းဝေသော မျက်နှာပူပူ
နှင့် ကျော်သူရိန်ထံ အကူအညီတောင်းရပါတော့သည်။

"ကိုကျော်သူရိန်ဆီမှာ နှင်းဝေ အကူအညီတောင်းချင်လို့"

"ဘာလဲ ပြောလေ"

"မိုင်လိုပုလင်းကျကွဲသွားလို့ ထပ်ဝယ်ချင်လို့ပါ. . ပိုက်ဆံ အပို
မပါလာလို့ ခဏချေးပါ. . အိမ်လာတော့ နှင်းဝေပြန်ပေးပါ့မယ်"

"ရပါတယ်. . ယူပါ. . ပြန်ပေးစရာမလိုပါဘူး"

"ပြန်ပေးတာလက်မခံရင် နှင်းဝေယူဖို့ ခက်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြော်. . ဒီလိုလား. . ဒါဆို မင်းသဘောပါပဲ"

ကျော်သူရိန်က သက်နှင်းဝေကို မိုင်လိုဖိုးငွေထုတ်ပေးသည်။

"ကျေးဇူးတင်ပါတယ်. . နှင်းဝေသွားလိုက်ပါဦးမယ်"

"နေဦး. . မင်းနဲ့ ရန်လုံကို မိတ်ဖွဲ့ပေးလိုက်ဦးမယ်. . နောက်တစ်ခါ မင်းကို ရန်မလိုအောင်လို့ပေါ့"

ကျော်သူရိန်က သက်နှင်းဝေကို အပြင်ခေါ်သွားသည်။ ရန်လုံတို့ သူတို့ထံသို့ပြေးလာသည်။ သက်နှင်းဝေကကြောက်၍ ကျော်သူရိန်ရဲ့နောက်မှာ သူ့ကိုယ်ကို ကွယ်ရပ်လိုက်သည်။

"ရော့. . ဒီထန်းလျက်ကို သူ့ကိုကျွေးလိုက်ပါ"

သက်နှင်းဝေက ထန်းလျက်ကိုယူပြီး လက်က မရဲတရဲနှင့် ရန်လုံကို လှမ်းပေးသည်။

"ရန်လုံ. . သူ့ကို ရန်မလုပ်ရဘူးနော်. . သူက ငါတို့ရဲ့ မိတ်ဆွေ"

စကားအလွန်နားလည်သော ရန်လုံက သက်နှင်းဝေကျွေးသော ထန်းလျက်ကိုစားပြီး အမြီးလေးတနှန့်နှန့်နဲ့ သက်နှင်းဝေကို နမ်းသည်။ သက်နှင်းဝေက ကြောက်၍ ကိုယ်ကို ကျုံ့ထားလိုက်သည်။

"မကြောက်နဲ့. . သူက အနံ့ကိုမှတ်နေတာ. . နောက်ဆိုရင် မင်းကို ရန်မလုပ်ဘဲ ကြိုရတောင် ကြိုဦးမှာ"

"သိပ်နောက်ကျနေမှာစိုးလို့ နှင်းဝေသွားတော့မယ်နော်"





"ကောင်းပြီ"

သက်နှင်းဝေက ခြံထဲမှနေ ခပ်သွက်သွက်ထွက်ခဲ့သည်။ ကျော်သူရိန်က ချစ်စရာကောင်းသည့် သက်နှင်းဝေကိုကြည့်ပြီး ကျန်ရစ်ခဲ့သည်။

သက်နှင်းဝေက မပြေးရုံတမယ် ဆိုင်သို့သွားပြီး မိုင်လိုကိုယ်ကာ အိမ်ကိုပြန်လာခဲ့သည်။ အိမ်ထဲရောက်ပြီးပြီးချင်းပဲ ဒေါ်မာသာကြွယ်နှင့် ဆုံသည်။

"ဘယ်လိုလဲ သက်နှင်းဝေ. . ခိုင်းလိုက်တာ ဈေးတစ်ဈေးလုံးသယ်နေတာကျနေတာပဲ"

"ဟုတ်ပါတယ်ကြီးကြီးမာလာ. . နှင်းဝေကြာသွားတယ်"

"ဘာလို့ကြာတာလဲ"

"ဦးမျိုးမြင့်တို့အိမ်ကိုဝင်တော့ ခွေးကိုက်လို့ လဲကျသွားပါတယ်. . အဲဒါကို ဒေါက်တာက ဆေးထည့်ပေးရင်း အန်ကယ်နဲ့တွေ့ပြီး စကားပြောနေတာနဲ့ ကြာသွားတာပါ"

"ညည်းတို့က ဘယ်တုန်းက သိပြီး ဘယ်လောက်တောင်ရင်းနေလို့ စကားပြောနေရတာလဲ"

သက်နှင်းဝေက ဘယ်လိုမှ ထုချောလွှာပေးလို့ မရဘူးဆိုတာသဘောပေါက်၍ နှုတ်ပိတ်ခေါင်းငုံ့ပြီး နေလိုက်သည်။

"ကဲ. . အဲဒီမှာ အမြစ်တွယ်သလို ရပ်မနေနဲ့. . လုပ်စရာရှိတာ သွားလုပ်ချေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာကြွယ်ရှေ့ကနေ ခါးလေးကျို့ ကိုယ်လေးကိုယို့ပြီး ခပ်သွက်သွက်ဝင်ထွက်လာခဲ့သည်။ မီးဖိုထဲတွင် မိုင်လိုပုလင်းကို သွားထားသည်။

လေးလေးငယ်အခန်းကို အမြန်တက်လာခဲ့သည်။ လေးလေးငယ်က မနက်စာစားသောက်ပြီး ခုတင်ပေါ်တွင် ပြန်လှဲနေသည်။

"လေးငယ်နိုးနေပြီကိုး"

"ကြာလှပြီနိုးတာ. . မမနှင်းဝေက ဘယ်သွားနေတာလဲ"

"ကြီးကြီးခိုင်းလို့ ကိုကျော်သူရိန်တို့အိမ်ကိုသွားတာ"

"ဟုတ်လား. . ကိုကိုသူရိန်နဲ့တွေ့သလား"

"တွေ့ခဲ့တယ်"

"လေးငယ်ကိုမေးလား"

"နေကောင်းလားလို့မေးတယ်"

"အဲဒီတော့ မမနှင်းဝေက ဘာပြန်ပြောလိုက်သလဲ"

"ကောင်းတယ်လို့ပြောလိုက်တယ်"

"ဟာ. . မမနှင်းဝေကလဲ ကောင်းတယ်လို့ပြောရင် သူ လာတော့မှာမဟုတ်ဘူး"

"လာမှာပါ. . လေးငယ်ရာ"

"လာမယ်လို့ပြောလို့လား"

"မပြောလဲ ညနေကျရင်လာမှာပါ"





"မမနှင်းဝေက ဘယ်လိုသိလဲ"

"နေ့တိုင်းလာနေကျပဲဟာ"

လေးလေးငယ်ရဲ့ အမေးတွေရပ်တန့်သွားအောင် သက်နှင်းဝေက ရန်လုံအကြောင်းပြောသည်။

"ရန်လုံက သဘောကောင်းပါတယ်. . မမနှင်းကို မသိသေးသို့ သူ ရန်လုပ်တာပါ"

"ဟုတ်မယ်. . သူ့သခင်စကားကိုတော့ အတော်နားထောင်တာပဲ"

"လေးငယ်ကိုလဲ သူခင်တယ်. . တွေ့တာနဲ့ လူအပေါ်အတင်းခုန်တက်တာပဲ. . လေးငယ်ဖြင့် လဲတောင်လဲမလို့"

"လေးငယ်က အဲဒီအိမ်ကိုသွားလား"

"နေကောင်းနေရင် လေးငယ် အဲဒီဘက်လျှောက်တယ်. . မေမေကတော့ မသွားစေချင်ဘူးပေါ့"

"ဟုတ်လား"

"နေမကောင်းမှာတို့. . ပင်ပန်းမှာတို့ မေမေက သိပ်စိုးရိမ်တာ"

"လေးငယ်ကလဲ ချူချာတာကိုး"

"တစ်ခါတစ်ရံ လေးငယ်ထင်တယ်. . မေမေစိုးရိမ်လွန်လို့များ လေးငယ်ပိုဆိုးနေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မဟုတ်ပါဘူး လေးငယ်ရယ် . . ကြီးကြီးမာလာ တာလဲ အစိုးရိမ်လွန်တာ လေးငယ်ကိုချစ်လို့ပါ"

"ဟုတ်တယ် . . မေမေက လေးငယ်ကို သိပ်ချစ်တာ"

"အဲ့လိုချစ်တတ်တဲ့ အမေမျိုးရှိတာ လေးငယ်သိပ်ကံကောင်းပါတယ်"

မမြင်တွေ့ခဲ့ရသော မိခင်ကို တမ်းတရင်း သက်နှင်းဝေက မျက်နှာလေးညှိုးသွားသည်။ လေးလေးငယ်က သက်နှင်းဝေရဲ့ခံစားချက်ကို မသိ။ သူပြောချင်တာကိုသာ ပြောနေသည်။

"လေးငယ်က အခု မမနှင်းဝေရောက်လာလို့ ပိုပြီး ကံကောင်းနေပြီသိလား"

"မမနှင်းဝေကို လိုလိုလားလား လက်ခံပေးတဲ့အတွက် ကျေးဇူးပါ"

"လေးငယ်က တစ်ယောက်တည်း ပျင်းနေတာ . . အခုလို လေးငယ်ကိုပြုစုပြီး အလိုလိုက်တဲ့ အစ်မတစ်ယောက်ရလို့ သိပ်ပြီး ဝမ်းသာနေတာသိလား"

လေးလေးငယ်ရဲ့စကားက သူ့ရင်ကို ကြည်နူးစေသည်။

"မမနှင်းဝေကလဲ လေးငယ်လိုချစ်ရမယ့် ညီမလေးတစ် ယောက်ရလို့ ဝမ်းသာနေတာပါကွယ်"

"ဒီထက်စောပြီး မမနှင်းဝေနဲ့ လေးငယ်တို့ ဆုံဖြစ်ကြ ကောင်းမယ်နော်"





"ဟုတ်တာပေါ့"

"လေးငယ်ကို အားလုံးကချစ်တာ . . အလိုလိုက်တာခံချင်တာ အထူးသဖြင့် ကိုကိုသူရိန်အလိုလိုက်တာကို လေးငယ်က ခံချင်တာ"

"လေးငယ်က ညီအစ်ကို မောင်နှမ မရှိတော့ ကိုကျော်သူရိန်ကိုလဲ ခင်မှာပေါ့"

"ခင်တာမဟုတ်ဘူး . . လေးငယ်က သူ့တို့ချစ်တာ"

"မမနှင်းဝေ . . ထမင်းစားဖို့လာခဲ့တော့တဲ့ ကြီးကြီးမာလာ ခေါ်နေတယ်"

"ကဲ လေးငယ် . . လေပေါ်တာကို ခဏထားပြီး ထမင်းသွား စားကြရအောင်"

"အဲဒီထမင်းကြီးကို မစားချင်ဘဲ စားရဦးမယ်"

"ထမင်းစားတာကိုလဲ ချေးများနေတာပဲနော်"

သက်နှင်းဝေက လေးလေးငယ်ရဲ့လက်ကလေးကို ဆွဲပြီး အောက်ထပ်ဆီသို့ ခေါ်လာခဲ့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၉)

"သဲသဲ နှင့်ကို ဒီလိုမိတ်ကပ်တွေမခြယ်နဲ့. . ဒီလိုမလုံခြုံတဲ့ အဝတ်အစားမဝတ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

သက်နှင်းဝေက လေးလေးငယ်ရဲ့ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တွေ မီးပူတိုက်ရန် သဲသဲကို သွားပေးစဉ် အခန်းဝကနေ ကြားလိုက်သည်။

"ကြီးကြီးမာလာရယ်. . သဲသဲ ဒါတွေဝတ်ချင်လွန်းလို့ ဝတ်လိုက်တာပါ"

"ငါ့အိမ်မှာ အလုပ်လာလုပ်ရင် အဲ့လိုအရှက်မရှိ မဝတ်နဲ့ မကြိုက်ဘူး"

"သဲသဲဒီလိုဝတ်တာ ဘယ်သူ့ကို ထိခိုက်နစ်နာစေလို့လဲ"





"အောင်မယ်. . ငါ့ကိုများ ခံပြောနေသေးတယ်. . ပြောစကားနားမထောင်ရင် နောက်နေ့ အလုပ်လာမလုပ်နဲ့"

"သဲသဲအလုပ်ပြုတ်လို့မဖြစ်ဘူး. . ကြီးကြီးမာလာ"

"ဒါဆိုလဲ ပြောစကားနားထောင်ပေါ့"

"ဟုတ်ကဲ့"

ဒေါ်မာလာကြွယ်က သဲသဲကိုဆူပူပြီး အခန်းထဲမှ ထွက်လာစဉ် အခန်းဝမှာ သက်နှင်းဝေနှင့်ဆုံသည်။

"ခိုင်းစရာရှိတာ သူ့ကို သွက်သွက်လုပ်ခိုင်း"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

ခဏတွေ့လိုက်သော သက်နှင်းဝေကိုပါ ဒေါ်မာလာကြွယ်က အမိန့်ပေးလိုက်သေးသည်။ သက်နှင်းဝေက အခန်းထဲကိုဝင်လိုက်သည်။

တစ်ယောက်တည်း အသံတိတ်ပါးစပ်ပွစိပွစိနှင့်လုပ်နေသော သဲသဲကိုတွေ့ရသည်။

"သဲသဲဘာတွေပြောနေတာလဲ"

ခပ်ရှုးပေါ်ပေါ်နိုင်သော သဲသဲကို သက်နှင်းဝေက နောက်ပြောင်လိုက်သည်။

"ကြီးကြီးမာလာပေါ့. . သဲသဲကို အသားလွတ်ဆူနေတာပဲ"

"သူမကြိုက်တာကို သဲသဲက လုပ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သဲသဲက လုပ်ချင်လို့လုပ်တာမဟုတ်ဘူး"

"ဒါဖြင့် ဘာပြုလို့လဲ ပြောပါဦး"

"ခိုင်ဦးက ဒီလိုဝတ်တာ စားတာလှတယ်ဆိုလို့"

"ခိုင်ဦးဆိုတာ ဘယ်သူလဲ"

"သဲသဲကိုကြိုက်နေတဲ့ ကောင်လေးပေါ့"

သဲသဲက ရှက်ကိုးရှက်ကန်းနှင့်ပြောသည်။ သက်နှင်းဝေက ရယ်ချင်စိတ်ကို မနည်းကြီး မျိုသိပ်လိုက်ရသည်။

"သဲသဲရဲ့ရည်းစားလား"

"အင်း. . သုံးယောက်မြောက်ရည်းစားပေါ့"

"ဟယ်. . သဲသဲက ရည်းစားတွေပေါလိုက်တာ. . အရင်လူတွေနဲ့ ကွဲသွားတာလား"

"သူတို့ကို ရည်းစားလုပ်ကြည့်ပြီး မကျေနပ်တာနဲ့ သဲသဲက ပဲဖြတ်လိုက်တာ"

"ဟုတ်လား"

သဲသဲကို တအံ့တသြနှင့်ကြည့်နေမိသည်။ တကယ်ပဲ ရည်းစားတွေဖြစ်ပြီးမှ ဖြတ်ကြတာလားဆိုတာကို သက်နှင်းဝေက မသိပါ။

"ရည်းစားတစ်ယောက်တည်းကို ကြာကြာထားရတာလဲ မကောင်းပါဘူး"





"ဘာဖြစ်လို့လဲ"

"ကြာကြာတွဲရင် သူတို့ရဲ့ အပြစ်တွေကိုမြင်ရင် သဲသဲက မချစ်တော့ဘူးလေ"

"သဲသဲရယ်. . အဲ့လိုရည်းစားတွေလျှောက်မထားနဲ့လေ. . တစ်နေ့ကျရင်ဒုက္ခဖြစ်နေဦးမယ်"

"မဖြစ်ပါဘူး . သဲသဲက ရန်ကိုရှောင်တတ်ပါတယ်"

သဲသဲကို ဘယ်လိုမှ နားဝင်အောင်ပြောလို့မရမှန်းသိ၍ သက်နှင်းဝေက လက်လျှော့လိုက်သည်။ သဲသဲမီးပူထိုးပြီးသား အဝတ်တွေကို ယူခဲ့ပြီး ထွက်လာခဲ့သည်။

အိမ်အလုပ်တွေကူလုပ်လိုက်. . လေးလေးငယ်ကို ကူညီလိုက်နှင့် သက်နှင်းဝေတစ်ယောက် အားသည့်အချိန်က ရှားပါးလှပါသည်။ ဒေါ်သီရိနွယ်နှင့်လည်း ညမိုးချုပ်မှ စကားပြောဖြစ်သည်။ ဒေါ်သီရိနွယ် စောစောအိပ်ရာဝင်သည့်ညတွေမှာတော့ စကားမပြောဖြစ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေအတွက် ဈေးသွားသည့်အလုပ်တစ်ခုပါ ပို့လာသည်။ နေ့တိုင်းမဟုတ်သော်လည်း တစ်ရက်ခြားဈေးသွားသည်။

တစ်နေ့သော နံနက်ဈေးကအထွက် အိမ်ကို ခြင်းတောင်းကြီး မနိုင်မနင်းနှင့် လျှောက်လာစဉ် ကျော်သူရိန်၏ကားနှင့်ဆုံသည်။

"ဈေးက ပြန်လာတာလား သက်နှင်းဝေ"

"လိုက်ခဲ့လေ"

"ရပါတယ်. . နှင်းဝေလမ်းလျှောက်ပြန်ပါ့မယ်"

"လမ်းကြုံလို့ပါ. . လိုက်ခဲ့ပါ"

ကျော်သူရိန်က ခေါ်နေသဖြင့် သက်နှင်းဝေက ဆက်ငြင်းဆန်ရမှာ အားနာသဖြင့် ကားပေါ်တက်လိုက်သည်။

"အခု ကြီးကြီးသိရိက ဈေးမသွားဘူးလား"

"ကြီးကြီးကို အနားပေးထားပြီး နှင်းဝေပဲ သွားတယ်"

"သက်နှင်းဝေရောက်လာတော့မှပဲ ကြီးကြီးသိရိလဲ သက်သာတော့တယ်"

"ဟုတ်ပါတယ်"

စကားတပြောပြောနှင့် မောင်းလာစဉ် လမ်းသွယ်ထဲက စက်ဘီးတစ်စီးအရှိန်းနင်းထွက်လာသည်။

"ဟာ"

ကျော်သူရိန်က လန့်ဖျပ်ပြီး ဘရိတ်အုပ်လိုက်သည်။ စက်ဘီး





ကားနှင့်မထိတွေ့ခင်မှာပဲ စက်ဘီးစီးလာသော ကောင်လေးက ...ပြီး ကွေ့အလိုက် လမ်းပေါ်သို့ပစ်လဲသွားသည်။

"ဒုက္ခပါပဲ. . ကလေးတွေက မဆင်မခြင် ရမ်းကားလွန်း...ယ်"

ကျော်သူရိန်နှင့် သက်နှင်းဝေကားပေါ်က ပြိုင်တူလိုလို ဆင်း...ကြသည်။

"မင်းကွာ. . အရမ်းထွက်လာတာပဲ. . ဘရိတ်အုပ်တာ မြန်...ပါ. . နို့မို့ဆိုရင် တိုက်မိပြီ"

အသက်ဆယ့်နှစ်နှစ်လောက်ရှိမည့် ကောင်လေးကို ဆွဲထူရင်း ...သူရိန်က ကရုဏာဒေါသနှင့်ပြောသည်။ ဒူးခေါင်းနှင့် တံတောင်...တွေ ပွန်းပဲ့သွားသည်များကို ကားထဲက ဆေးအိတ်ကိုသွားယူပြီး ...ခင်ကာ ဆေးထည့်ပေးသည်။

"အနာမရင်းအောင် ဒီဆေးတွေကိုသောက်ဦး"

ကလေးက ငိုမဲ့မဲ့နှင့် စကားတစ်ခွန်းမှ မပြောပါ။ စက်ဘီးကို ...ဘားသို့ ကျော်သူရိန်က ရွှေ့ပေးလိုက်သည်။

"စက်ဘီးမစီးနိုင်ရင် တွန်းသွားလိုက်"

ကားဆီကို ပြန်လျှောက်လာပြီးမှ ထိုကလေးကို ကျော်သူရိန် ...မ်းမေးလိုက်သည်။

"မင်းနာမည် ဘယ်သူလဲ"

www.burmeseclassic.com



"မိုးလုံးပါ"

"အေး. . မိုးလုံး နောက်ကို စက်ဘီးကို အဲ့လိုမစီးနဲ့ကြားလား"

"ဟုတ်ကဲ့"

သက်နှင်းဝေနှင့် ကျော်သူရိန်တို့ ကားပေါ်ပြန်တက်ကြသည်။ သက်နှင်းဝေမှာ တိုက်များတိုက်မိပြီလားဆိုပြီး ရင်ထဲမှ ထိတ်လန့်သွားခဲ့မှုက မပြေသေးပါ။

"တိုက်မိပြီထင်ပြီး နှင်းဝေ အရမ်းလန့်သွားတာပဲ"

"ဟုတ်တယ်. . မျက်ကွယ်ကနေ ရုတ်တရက်ကြီးထွက်လာတော့ ကိုယ်လဲ အရမ်းလန့်သွားတယ်"

"ကားနဲ့တိုက်မိတာမဟုတ်ဘဲ သူ့ဘာသာလန့်ပြီး လဲသွားတာဆိုတော့ တော်ပါသေးတယ်"

"အရှိန်နဲ့လဲသွားတာဆိုတော့ သူ တော်တော်နာမယ်"

ကျော်သူရိန်က ကားမောင်းရင်းက သက်နှင်းဝေကို တစ်ချက် လှည့်ကြည့်လိုက်ပြီးပြောသည်။

"သက်နှင်းဝေ တော်တော်လန့်သွားတယ်ထင်တယ်"

"ဟုတ်တယ်"

"ကားကြုံလိုက်မိမှ စိတ်ညစ်သွားပြီထင်တယ်"

"စိတ်မညစ်ပါဘူး. . လန့်သွားရုံပါ"

"ဖေဖေကတောင်မှာလိုက်သေးတယ်. . သက်နှင်းဝေ





တွေ့ရင် အိမ်လာလည်ဖို့ပြောလိုက်ပါတဲ့"

"နှင်းဝေလဲ အန်ကယ့်ဆီ လာလည်ချင်ပါတယ်. . အိမ်မှာ မအားလို့ပါ"

"လေးငယ်ကို လုပ်ကိုင်ပေးနေရတာနဲ့ မအားဘူးဆိုပါတော့"

"လေးငယ်အလုပ်တင်မဟုတ်ပါဘူး. . အိမ်အလုပ်တွေလဲ နှင်းဝေက လုပ်ပေးနေတာပါ"

"နံ့သာမြိုင်မှာ နှင်းဝေရောက်လာတာ သူတို့အတွက် အားကိုးအားထားတစ်ခုဖြစ်သွားပြီ"

"နှင်းဝေက ငယ်ငယ်ကတည်းက အမေဆုံးသွားတော့ အမေနဲ့ မကြီးခဲ့ရပါဘူး. . ခုလို ကြီးကြီးတို့နဲ့ ပြန်ဆုံပြီးနေရတာ နှင်းဝေအတွက် အမေနဲ့ ပြန်တွေ့နေရသလိုပါပဲ"

အလုပ်တွေလုပ်ရသည်ကို မညည်းမညူဘဲ ကောင်းသည့်ဘက်ကမြင်ပေးတတ်သော သက်နှင်းဝေကို ကျော်သူရိန်က လေးစားသွားသည်။

ဘာကြောင့်မှန်းမသိ သက်နှင်းဝေနှင့် စကားပြောရသည်မှာ ချော်သလို စိတ်လည်းကြည်လင်နေသည်။

"ဖေဖေက ပျင်းနေတာ. . ညည့်သည်မျှော်နေတာလေ. . အားရင် သက်နှင်းဝေသွားလည်ပါ"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် မောင်းလာရင်း ကျော်သူရိန်ကားက နံ့သာပြိုင်ခြံရှေ့ရောက်တော့ ကားကို ရပ်ပေးလိုက်သည်။

"ဒီမှာပဲ ရပ်ပေးမယ်နော်"

"ဟုတ်ကဲ့ ရပါတယ်. . လေးငယ်ဆီ ညနေလာမှာလားဟင်"

"လာခဲ့မယ်"

ခြံဝမှာပဲ ကျော်သူရိန်က ကားကိုရပ်ပေးသည်။ သက်နှင်းဝေက ကားပေါ်ကဆင်းရင်းနှင့် ကျေးဇူးတင်စကားပြောသည်။

"ကျေးဇူးတင်ပါတယ်နော်"

"လမ်းကြုံတာပဲ ကျေးဇူးတင်စရာမလိုပါဘူး"

ကျော်သူရိန်က နှုတ်ဆက်ပြီး ထွက်သွားသည်။ သက်နှင်းဝေက ဈေးခြင်းတောင်းဆွဲပြီး ခြံထဲသို့ဝင်သည်။ မီးဖိုထဲတွင် ဈေးခြင်းတောင်းချပေးသည်။

"ဒေါ်ကြီးမေ. . နှင်းဝေအဝတ်အစားလဲပြီး ပြန်လာခဲ့မယ်နော်"

"မလာနဲ့တော့လေ. . ဒေါ်မေဘာသာလုပ်မယ်. . သဲသဲကို ကူခိုင်းလိုက်မယ်"

"ဒါဆို လေးငယ်ဆီသွားလိုက်ဦးမယ်"

သက်နှင်းဝေက အဝတ်အစားလဲပြီး လေးလေးငယ်ရဲ့အခန်းကို သွားသည်။ နံနက်စာစားသောက်ပြီး လေးလေးငယ်က စာအုပ်ဖတ်နေသည်။





"လေးငယ်. . စာသင်ရမယ်နော်"

"ဟာ. . မမနှင်းဝေကလဲ လေးငယ်က အခုမှ နေကောင်းပြီးခါစ အနားယူပါရစေဦး"

"အင်း. . စာသင်မယ်ဆိုရင် ချောင်ထူနေတာပဲ"

"အဲဒီစာသင်ပြီး လေးငယ်က ဘာလုပ်ရမှာလဲ"

"ပညာတစ်ခုတိုးတာပေါ့"

"လေးငယ်က အလုပ်မှမလုပ်တာ. . ပညာမလိုပါဘူး"

"အလုပ်မလုပ်ရင် ဘာလုပ်မှာလဲ"

"ယောကျ်ားယူမှာလေ"

"အလိုတော် ဘယ်ကယောကျ်ားယူမှာလဲ"

"မမနှင်းဝေကလဲ ဘယ်သူရှိဦးမှာလဲ. . ကိုကိုသူရိန်ပေါ့"

"ဟင်"

သက်နှင်းဝေက တအံ့တသြလှမ်းကြည့်လိုက်တော့ ပြုံးဖြီးနေသော လေးလေးငယ်ရဲ့ မျက်နှာကို တွေ့လိုက်ရသည်။

"လေးငယ်က ကိုကျော်သူရိန်နဲ့ လက်ထပ်မှာဟုတ်လား"

"အင်းလေ. . လေးငယ်က သူ့ကို သိပ်ချစ်တာပဲဟာ"

"သူကရော"

"သူကလား. . လေးငယ်ကို လူကြီးတစ်ယောက်လိုတို မမြင်သေးဘူး. . ကလေးလို့ထင်နေတာကိုက လေးငယ်မကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လေးငယ်က တစ်ဖက်သတ်ပေါ့နော်"

"ဟုတ်တယ် . . လေးငယ်လေ ကိုကိုသူရိန်ကို သိပ်ချစ်တယ်း သိလား . . တစ်ခါတလေ အဲဒီစိတ်ကြောင့် ရူးမတတ်ခံစားရတယ်"

"လေးငယ်ရယ် . . အချစ်အတွက်နဲ့တော့ မရူးလိုက်ပါနဲ့"

"ကိုကိုသူရိန်ကို တစ်နေ့ လေးငယ်ရအောင်ယူမယ် . . သူ့ကို မရရင် လေးငယ်သေမှာ"

"ဟာ . . လေးငယ်ရယ် . . အဲ့လိုမပြောပါနဲ့ . . ပြီးတော့ တစ်ဖက်စွန်းရောက်အောင် လူတစ်ယောက်ကို မချစ်လိုက်ပါနဲ့"

"ဘာပြုလို့လဲဟင်"

လေးလေးငယ်ကိုကြည့်ရင်း သူ့စကားတွေကိုကြားရပြီး သိပ်ကို မျှော်လင့်ချက်ထားနေသည်ကိုတွေ့ရပြီး သက်နှင်းဝေစိုးရိမ်နေပါသည်။

"ဘယ်အရာကိုမဆို သိပ်ပြီး မျှော်လင့်မထားစေချင်လို့ပါ"

"ဘာလို့ မမျှော်လင့်စေချင်တာလဲ"

"တစ်ခါတလေကျရင် လောကကြီးမှာ မျှော်လင့်သလို မဖြစ်တတ်ဘူးလေ"

"ဟာ . . မမနှင်းဝေက လျှောက်ပြောနေပြန်ပြီ . . လေးငယ်က မျှော်လင့်သလိုပဲ ဖြစ်အောင်ကြိုးစားမှာ"

သိပ်ကို တက်ကြွနေသော လေးလေးငယ်ကိုကြည့်ပြီး





သက်နှင်းဝေက သက်ပြင်းချလိုက်သည်။

"မမက လေးငယ်ကို ချစ်တာ . . ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ပေးမှာပါ"

သည်စကားကို သက်နှင်းဝေက အကြွင်းမဲ့ယုံပါသည်၊ သို့သော် ကျော်သူရိန်သည် သက်ရှိလူသားတစ်ယောက်ပါ။ သူ့အတွေး သူ့ခံယူချက်၊ သူ့ခံစားမှုနှင့်မှ ဒေါ်မာလာကြွယ်၏ ဆန္ဒနှင့် သူ့ရဲ့ဆန္ဒတစ်ထပ်တည်းကျပါ့မလားလို့ စိုးရိမ်ပူပန်စွာ သက်နှင်းဝေက တွေးသည်။

"လေးငယ်က ငယ်ပါသေးတယ် . . အဲဒီစိတ်ရှုပ်စရာကောင်းတဲ့ အချစ်အကြောင်းကို သိပ်ပြီး လေးလေးနက်နက်မထားပါနဲ့"

"မမနှင်းဝေကလဲ . . လေးငယ်ရင်ထဲမှာ အလိုလိုချစ်စိတ်တွေဖြစ်နေတာ ဘယ်တတ်နိုင်မှာလဲ"

"အဲဒီအချစ်စိတ်တွေကို မောင်းထုတ်လိုက်ပေါ့"

"မမနှင်းဝေအချစ်နဲ့ပတ်သက်ပြီး မခံစားဖူးသေးဘူးထင်တယ်"

"အင်း"

"ရည်းစားရှာထားဖူးလား"

"မချစ်တတ်ပါဘူး ဆိုမှ . . ရည်းစားထားဦးမှာလား လေးငယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . မမနှင်းဝေက အချစ်အကြောင်းမသိသေးတော့ မခံစားတတ်တဲ့သူနဲ့ ဆွေးနွေးရတာ ဖီလင်အောက်တယ်"

"ဟုတ်တယ်. . အချစ်အကြောင်းမပြောနဲ့. . မမနှင်းဝေ နားလည်တဲ့ စာအကြောင်းပြောမယ်"

"လုပ်ပြီ"

"ကဲပါ လေးငယ်ရယ်. . လိမ္မာပါတယ်. . စာလေးတစ်လုံးဝင်ဝင်. . နှစ်လုံးဝင်ဝင် သင်လိုက်ကြရအောင်နော်"

"ဖီလင်အောက်လိုက်တာ"

"မအောက်ပါနဲ့. . ဆရာဝန်ကတော်ဖြစ်ရင် ရွှတ်ရွှတ်ဒက်ဒက်ပြောရမှာ မဟုတ်လား"

လေးလေးငယ်က သဘောကျစွာ အားပါးတရ ရယ်လိုက်သည်။

◆◆◆





(၁၀)

ညနေစောင်းနေဝင်ချိန်မှာ လေးလေးငယ်က ပူဆာသည်၊

"မမနှင်းဝေရယ်. . မမှောင်ခင် ခြံထဲလမ်းလျှောက်ကြရအောင်နော်"

"ဖြစ်ပါ့မလား. . အအေးမိဦးမယ်"

"ခဏလေး လျှောက်ပြီး ပြန်တက်မယ်လေ"

"ဒါဆို ခဏပဲနော်. . တော်ကြာ လေးငယ်ဖျားရင် ကြီးကြီးမာလာစိတ်မကောင်းဖြစ်နေဦးမယ်"

"အင်းပါ မမနှင်းဝေရဲ့"

သက်နှင်းဝေနှင့် လေးလေးငယ် ခြံထဲဆင်းလျှောက်ကြသည်၊ လမ်းလျှောက်ရင်းနှင့် မနက်ကအဖြစ်အပျက်ကို ပြောပြသည်၊



www.burmeseclassic.com

www.burmeseclassic.com



"လေးငယ်ကိုပြောဖို့ မေ့နေတာ"

"ဘာလဲဟင်"

"မနက်က ဈေးကအပြန်လမ်းမှာ ကိုကျော်သူရိန်နဲ့တွေ့လို့ လမ်းကြုံတယ်ဆိုပြီး ခြံရှေ့အထိလိုက်ပို့ပေးတယ်"

"ဟုတ်လား . . လေးငယ်ကို ဘာမှာလိုက်သေးလဲ"

"ညနေလာမယ်တဲ့"

"အခု ညနေပဲ . . မလာသေးပါဘူး"

"လာမှာပေါ့ လေးငယ်ရယ်"

"အဲ့လိုပဲ . . တစ်နေ့တစ်နေ့ကို ကိုသူရိန်ကိုမျှော်ရတာနဲ့ပဲ လေးငယ်ရဲ့လည်ပင်း ရေတကောင်းဖြစ်နေပြီ"

"မနက်က လမ်းမှာ ကောင်လေးတစ်ယောက်က စက်ဘီးကို တအားစီးလာလို့ တိုက်မိမလို့သိလား"

"ဟုတ်လား . . ဘယ်လိုဖြစ်လဲ . . သေသေချာချာပြောပြပါဦး"

သက်နှင်းဝေက ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်ကိုပြောပြလိုက်သည်။

"တော်သေးတာပေါ့ မတိုက်မိလို့ . . တိုက်မိရင် ကိုကိုသူရိန် အသားလွတ် ဒုက္ခရောက်ဦးမှာ"

"ဟုတ်တာပေါ့ လေးငယ်ရယ် . . သူ့အပြစ်က ကိုယ့်အပြစ် ဖြစ်ရမှာ"





"ဟုတ်တယ် . . အဲဒီကောင်လေးကို ဗုန်းလိုက်တာ . . သူ့နာမည်က ဘယ်သူလဲ . . ဘယ်ကလဲ"

"ဖိုးလုံးတဲ့ . . ဒီမြို့ကပဲနေမှာပေါ့"

"မမနှင်းဝေက ကိုကိုသူရိန်နဲ့ပတ်သက်ပြီး သည်းထိတ်ရင်ဖို ဖြစ်ရတာ ခဏခဏပဲနော်"

"တိုက်ဆိုင်မှုပါကွယ်"

"ကိုကိုသူရိန်က ဒီနေ့ညနေ မလာတော့ဘူးထင်တယ်"

"မအားရင် လာချင်မှ လာမှာပေါ့"

"လေးငယ်အတွက်ဆို အားအောင်လုပ်ပြီး လာရမှာပေါ့"

"လေးငယ်ကတော့ ဖွတ်ပဲနော်"

"ကိုကိုသူရိန်နဲ့ပတ်သက်ရင် လေးငယ်ဘယ်ဟာကိုမှ မလျှော့ မပေးချင်ဘူး"

"သူ့ဘက်က ဘာမှမပါဘဲ . . ကိုယ့်ဘက်ကချည်း ပေးဆပ် နေရတာ ပင်ပန်းပါတယ် လေးငယ်ရယ်"

"လေးငယ်ကတော့ ပင်ပန်းတယ်မထင်ဘူး . . ကိုကိုသူရိန်ကို ချစ်နေရတာကိုက လေးငယ်အတွက် ပျော်စရာတွေပါ"

"အဲဒီ ကိုကိုသူရိန်အကြောင်းထားပြီး တခြားအကြောင်းတွေ ပြောကြရအောင် လေးငယ်ရယ်"

"ဘာလို့လဲ မမနှင်းဝေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်စရာကောင်းလို့"

"မမနှင်းဝေကတော့ ပြောရော့မယ်"

"ကဲ နည်းနည်းအေးလာပြီ.. အိမ်ပေါ်တက်ကြစို့နော်"

"ကောင်းပါပြီတီချာ"

လေးလေးငယ်က နောက်ပြောင်ပြီး ရယ်သည်။ လေးလေးငယ်ပျော်ရွှင်နေသည်ကိုတွေ့ပြီး သက်နှင်းဝေက စိတ်ချမ်းသာနေသည်။

သူတို့နှစ်ယောက်ရယ်မောပြီး ဧည့်ခန်းထဲကို ဝင်လိုက်စဉ် ဒေါ်သီရိနွယ်နှင့်ဆုံသည်။ လေးလေးငယ်ရဲ့ မျက်နှာကြည်လင်နေသည်ကိုတွေ့ပြီး ဝမ်းသာနေသည်။

"ကလေးနှစ်ယောက် ဘာတွေသဘောကျနေတာလဲ"

"ဟောဒီမှာ မမနှင်းဝေလေ.. လေးငယ်ကို ရယ်စရာတွေ ပြောနေတယ်"

"ရယ်စရာတွေပြောတော့ လေးငယ်ရယ်ရတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တယ် ဒေါ်လေးသီရိရေ.. မမနှင်းဝေရောက်မှ လေးငယ်အကြောတွေ အခြင်တွေရယ်ရလို့ လျော့ကုန်ပါပြီ"

"အဲဒီတော့ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့"

"ဟုတ်တယ် ဒေါ်လေးသီရိ"





"ထမင်းစားကြမယ်လေ.. လာကြတော့"

ထိုစဉ်မှာ အိမ်ရဲ့ဆင်ဝင်အောက်သို့ ကားတစ်စီးထိုးဆိုက်လာသည်။

"ဟော.. ကိုကိုသူရိန်လာပြီ"

"လေးငယ် ထမင်းစားမယ်လေ.. လာလေ"

သက်နှင်းဝေက ကျီစယ်လိုစိတ်နှင့် လေးလေးငယ်ရဲ့ လက်ကို ဆွဲထားသည်။

"ဟာ.. ထမင်းက အသာထား.. နောက်မှ စားလို့ရတယ်"

"ဘာလဲ.. ကိုကိုသူရိန်က နောက်မှစားလို့မရဘူးလား"

လေးလေးငယ်ရဲ့ နား အနားသို့ ကပ်ပြီး တိုးတိုးလေးပြောလိုက်တော့ လေးလေးငယ်က သဘောကျစွာရယ်သည်။ ပြီးတော့ သက်နှင်းဝေရဲ့လက်က ရုန်းထွက်ပြီး ဧည့်ခန်းဆီသို့ ပြေးသွားသည်။

"ကိုကိုသူရိန်က ကတိတည်သားပဲ"

လေးလေးငယ်က ကျော်သူရိန့်ထံပြေးသွားပြီး နှုတ်ဆက်လိုက်သည်။

"လေးငယ်.. နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်"

"မျက်နှာကိုကြည်ရွှင်နေတာပဲ"

"မမနှင်းဝေပေါ့.. ရယ်စရာတွေလျှောက်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေရောက်လာလို့ အဖော်ရပြီး ပျော်နေပြီပေါ့"

"ဟုတ်လား"

"ဒါဆို ကိုကိုသူရိန်မလာရင်လဲ ရတာပေါ့"

"ဟာ ဘယ်ဖြစ်မလဲ . . ကိုကိုသူရိန်က ကိုကိုသူရိန်ပဲ . . မမနှင်းဝေမှမဟုတ်တာ"

"ကဲ . . ရောက်တုန်း . . သွေးလေးဘာလေးချိန်ပြီး စမ်းကြည့်ရအောင်"

"လေးငယ်အခန်းကိုသွားရမှာလား"

"ရတယ် . . ဒီဧည့်ခန်းမှာပဲ စမ်းသပ်ကြည့်မယ်"

လေးလေးငယ်ရဲ့ သွေးပေါင်ကိုချိန်ပေးပြီး နားကြပ်နှင့် နှလုံးခုန်သံကို စမ်းသည်။

"ကောင်းပါတယ် . . လေးငယ်ဆေးတွေ မှန်မှန်သောက်နော်"

"မသောက်လို့လဲမရပါဘူး . . မမနှင်းဝေက အတင်းတိုက်တာပဲ"

"ကောင်းတာပေါ့"

"စာအုပ်ကြီးအတိုင်း သူက နည်းနည်းလေးမှ အတိမ်းမခံဘူးသိလား"

"အဲလိုဂရုစိုက်ပေးတဲ့ လူရှိတာ ဝမ်းသာစရာပေါ့"

"မမနှင်းဝေရောက်လာတာ လေးငယ်အတွက် အရမ်းအဆင်ပြေတာပဲ"





"ဝမ်းသာပါတယ်"

"မောင်သူရိန် ထမင်းစားပြီးမှ ပြန်နော်"

"ရပါတယ် ကြီးကြီးသီရိ"

"စားသွားပါကွယ်"

ဒေါ်သီရိက ထမင်းစားထပ်ခေါ်၍ ကျော်သူရိန်တာ မငြင်းသာပါ။ ထမင်းစားပွဲမှာ ကျော်သူရိန်တစ်ယောက်တိုးလာသည်ကို အပျော်ဆုံးကလေး လေးငယ်ပါ။

"ကိုကိုသူရိန် ဟင်းတွေထည့်စားလေ"

ကျော်သူရိန်ရဲ့ ပန်းကန်ထဲသို့ ဟင်းများထည့်ပေးလိုက်၊ စကားတွေပြောလိုက်နှင့် အလုပ်ရှုပ်နေသည်။

"လေးငယ်ရယ် . . ကိုယ့်ဘာသာ ထည့်စားပါ့မယ် . . လေးငယ်ဝအောင်စားပါ"

"လေးငယ်လဲ စားပါတယ် ကိုကိုသူရိန်ရယ်"

လေးလေးငယ်ပျော်ရွှင်နေသည်ကိုကြည့်ပြီး ဒေါ်မာလာကြွယ်မှာ တပြုံးပြုံးနှင့်ရှိနေသည်။ သက်နှင်းဝေက လေးလေးငယ်ကိုကြည့်ပြီး တစ်ဖက်သတ်အချစ်ရဲ့ သားကောင်ဖြစ်တဲ့ လေးလေးငယ်ရဲ့ သနားစရာအဖြစ်ကို တွေ့ရှိနေသည်။

သက်နှင်းဝေက ကျော်သူရိန်၏ တည်ကြည်သော မျက်နှာကို ကြည့်ရင်း . . သူ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရိန်က လှမ်းအကြည့်နှင့် တိုးသွားသဖြင့် ရင်ထဲမှာ အခည်မဖော်နိုင်သော ခံစားမှုဖြစ်သွားပြီး အကြည့်ကို မြန်မြန်ရှပ်သိမ်း လိုက်ရသည်။

"ဟင့်အင်း. . ကိုကျော်သူရိန်နဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ ဘယ်လိုခံစားမှုမျိုးမှမရှိရဘူး"

ကျော်သူရိန်ကို နောက်ထပ်လှမ်းမကြည့်တော့ဘဲ ထမင်းတို့ သာ ငုံ့စားနေသည်။ စားသောက်ပြီး ကျော်သူရိန်က ခဏသာနေပြီး ပြန်သွားသည်။

ကျော်သူရိန်ကို ကားနားအထိ လေးလေးငယ်က လိုက်ပို့ပေး ပြီး ပြန်လာခဲ့သည်။

"လေးငယ်ထမင်းစားပြီး ဆေးသောက်ဦး"

"အဲဒီဆေးတွေကလဲ တစ်ချိန်လုံးသောက်နေရတာ စိတ်ညစ် လိုက်တာ"

"အလကား ဂျီတိုက်မနေနဲ့. . ဆေးမသောက်ရင် ကိုကျော်သူ ရိန်က စိတ်ဆိုးလိမ့်မယ်"

"အဲဒီ ကိုကိုသူရိန်ကို လက်ကိုင်တုတ်လုပ်ပြီး လေးငယ်ကို ခြောက်ချည်းနေတာပဲ"

"စကားနားထောင်ရင် မခြောက်ပါဘူး"

"ကဲပါ. . သောက်ပါပြီ ဆရာမကြီးရယ်"





လေးလေးငယ်က ခပ်ဆောင့်ဆောင့်ပုံစံလေးနှင့်ပြောပြီး ဆေး ကို ယူသောက်သည်။ ထိုလှုပ်ရှားမှုမှာ တကယ်စိတ်ဆိုးသည့်စိတ်မပါ ဘူးဆိုတာ သက်နှင်းဝေက သိလိုက်သည်။

"မမနှင်းဝေအပေါ်သွားပြီး ဗီဒီယိုကြည့်ကြရအောင်နော်"

"ဘာကားကြည့်မှာလဲ"

"သဲသဲကို ငှားခိုင်းထားတာရှိတယ်"

"ဟုတ်လား"

နှစ်ယောက်သား အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ် ထပ်အခန်းတွင် အသစ်ထွက်သော ဗီဒီယိုကားကိုကြည့်ကြသည်။

"မမနှင်းဝေ"

"ဘာလဲ လေးငယ်"

"မမနှင်းဝေက ရုပ်ရှင်လောကနဲ့ ရင်းနှီးပြီး ဘာလို့ မင်းသမီး မလုပ်တာလဲ"

"ဖေဖေက မကြိုက်ဘူးလေ"

"မမနှင်းဝေ ဝါသနာမပါဘူးလား"

"ဟင့်အင်း"

"မမနှင်းဝေက သိပ်ချောတာ. . မင်းသမီးလုပ်ရင် အောင်မြင်

"ချောတိုင်းလဲ မအောင်မြင်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကိုကိုသူရိန်ဒီမှာ ထမင်းစားလို့ လေးငယ်အရမ်းပျော်တာပဲသိလား"

"ငါညီမလဲ ကိုကျော်သူရိန်အကြောင်းကလွဲပြီး တခြားစကားပြောတတ်ဘူးထင်တယ်"

"ကိုကိုသူရိန်က လေးငယ်ရဲ့ အလေးစားရဆုံး အချစ်ဆုံး အချစ်သူရဲကောင်းလေ"

"လေးငယ်ထင်သလောက် သူက အထင်ကြီးစရာမကောင်းဘူးထင်တယ်"

"မမနှင်းဝေနော်. . ရန်စတာလား"

"အမှန်ကိုတွေးခေါ်ပြီး ပြောတာပါ. . လေးငယ်က အပြင်လောကနဲ့ အဆက်ပြတ်နေပြီး လေးငယ်ပတ်ဝန်းကျင်မှာ ဒီတစ်ယောက်ပဲရှိနေတော့ သူ့ကို စိတ်ဝင်စားနေတာပါ"

"မဟုတ်ပါဘူး. . မမနှင်းဝေ သူ့ကို ဘယ်သူနဲ့မှ မလဲနိုင်အောင် လေးငယ်ချစ်တယ်. . သူတစ်ယောက်တည်းကိုသာ သေတဲ့အထိချစ်သွားမှာ. . ဘယ်သူမှ သူ့နေရာမှာ အစားဝင်နိုင်မှာမဟုတ်ဘူး"

"စိတ်အလိုကို သိပ်မလိုက်ပါနဲ့ ညီမလေးရယ်"

"မမနှင်းဝေက ဘာကိုစိုးရိမ်နေတာလဲ"

"ကိုယ့်ကို အသိအမှတ်မပြုသေးတဲ့ သူတစ်ယောက်ကိုချစ်နေရတာ ညီမလေးဘက်က သိပ်ကို နစ်နာနေပါတယ်ကွယ်"

"မနစ်နာပါဘူး မမနှင်းဝေရယ်. . တစ်နေ့ကျရင် သူ့ကို လေးငယ်ပိုင်ဆိုင်မှာပါ"

လေးလေးငယ်က သူ့ကိုယ်သူ ယုံကြည်ချက်ပြင်းထန်စွာ ရှိနေသည်။ လေးလေးငယ်တစ်ယောက် နောက်ဆုံးမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ကျန်ရစ်ဖြစ်မှာ သက်နှင်းဝေက စိုးရိမ်နေသည်။

"အဲဒီ ကိုကျော်သူရိန်ကလဲ မုန်းဖို့ကောင်းလိုက်တာ. . သိပ်ချစ်စရာကောင်းတဲ့ ညီမလေးကို ချစ်ခွင့်ပန်လိုက် ပြီးရော"

လေးလေးငယ်ကို စိတ်မဆင်းရဲစေချင်၍ ရင်ထဲက စကားကို ပါးစပ်ကနေ လွှတ်ခနဲပြောလိုက်မိသည်။

"ဟင်. . မမနှင်းဝေက ကိုကိုသူရိန်ကို မုန်းတယ်ဟုတ်လား"

လေးလေးငယ်က မျက်နှာလေး မသာမယာနှင့် မေးလိုက်တော့ သက်နှင်းဝေက စကားမှားသွားသည်ကိုသိပြီး အမြန်ဖာထေးလိုက်သည်။

"သူ့ကို မမနှင်းဝေ မမုန်းပါဘူးကွယ်"

"မုန်းပါတယ်. . မမလွှတ်ခနဲပြောပြီး လေးငယ်စိတ်မကောင်းမှာစိုးလို့ ပြန်ပြင်ပြောတာမဟုတ်လား"

"မဟုတ်ရပါဘူး လေးငယ်ရယ်. . မမက ဘာပြုလို့ ကိုကျော်သူရိန့်ကို အသားအလွတ်ကြီး မုန်းရမှာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"မမနှင်းဇဝ ဘယ်လောက်ကြီး မုန်းမုန်း. . လေးငယ်ကတော့ တိုတိုသူရိန်ကို သေမလောက်ချစ်နေမှာပဲ"

"အေးပါ ချစ်ပါ.. မမနှင်းဝေမမုန်းဘူးဆိုတာကိုတော့ ဇွတ်ကြီးမပြောနဲ့လေ"

"ပြောမှာပဲ. . မမနှင်းဝေက တကယ်ပြောပြီးမှ ညာတာကိုး"

ဇွတ်အတင်းကြီး စွပ်စွဲနေသော လေးလေးငယ်ကို မဖြေရှင်းချင်တော့ပါ။ သူပြောသလို ကျော်သူရိန်ကိုမုန်းသည်ဖြစ်စေ၊ ချစ်သည်ဖြစ်စေ၊ သူနှင့် ကျော်သူရိန်သည် ဘာမှမဆိုင်၍ အနေသာကြီးပါ။

လေးလေးငယ်က စိတ်ကောက်သလိုရှိနေပြီး အသံတိတ်ကာ တီဗွီကြည့်နေသည်။ သက်နှင်းဝေလည်း နှုတ်ဆိတ်နေလိုက်သည်။ လေးလေးငယ်သည် အလွန်ကလေးဆန်ပြီး အထအနလည်း အလွန်တောက်တတ်သည်မို့ နောင်တွင် စကားကို ဆင်ဆင်ခြင်ခြင်ပြောရန် အသိတရားရလိုက်သည်။

◆◆◆





(၁၁)

နောက်တစ်နေ့ ဈေးကအပြန် ကျော်ကျော်လင်းနှင့်ဆုံသည်။ သက်နှင်းဝေကိုလှမ်းတွေ့လိုက်သည်နှင့် သက်နှင်းဝေရဲ့ အနားကို ကျော်ကျော်လင်းက အပြေးအလွှားရောက်လာသည်။

"သက်နှင်းဝေ. . ဈေးလာတာလား"

"ဟုတ်ပါတယ်"

"လမ်းမှာ တစ်ခါဆုံပြီးကတည်းက မတွေ့ကြဘူးနော်"

"ဟုတ်ကဲ့"

"ကျွန်တော်က သက်နှင်းဝေကို သတိရလို့ တွေ့ချင်နေတာ အိမ်ကို မလာရဲလို့"

ကျော်ကျော်လင်းရဲ့အကြည့်. . ကျော်ကျော်လင်းရဲ့စကားတွေမှာ ဘယ်လိုရည်ရွယ်ချက်မျိုးပါနေသည်ဆိုတာကို သက်နှင်းဝေ ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကျော်လင်းနဲ့ ကျွန်မက အဲ့လိုတွေ့ရလောက်အောင် မခင်ခဲ့ကြပါဘူး"

"ဟုတ်ပါတယ် သက်နှင်းဝေ.. တစ်ခဏလေးတွေ့လိုက်ရုံနဲ့ ဘဝ.. ဘဝတွေရဲ့ ရေစက်ကြောင့် ခင်မင်သွားတယ်ဆိုတာ ရှိတာပဲ သက်နှင်းဝေရယ်"

သက်နှင်းဝေက ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မရှိဘဲ တိတ်ဆိတ်စွာ နေလိုက်သည်။

"သက်နှင်းဝေနဲ့ ကျွန်တော် တွေ့ချင်တယ်.. အိမ်လာလည် လို့ရမလား"

"ကျွန်မက ကြီးတော်အိမ်မှာ နေရတာဆိုတော့ ကြီးတော် မကြိုက်တာမလုပ်ရဲဘူး"

"ဘာလဲ.. ဒေါ်မာလာကြွယ်က သက်နှင်းဝေကို အိမ်မှာ ဧည့်သည်လက်မခံရဘူးလို့ ပြောလို့လား"

"ဖွင့်မပြောပေမဲ့ ကျွန်မက အလိုက်သိတာပါ"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုတွေ့လို့ရမလဲ"

"တွေ့စရာအကြောင်းမှမရှိတာ.. မတွေ့ရတော့ ဘာဖြစ်လဲရှင်"

ကျော်ကျော်လင်းက ဘေးကနေကပ်ပြီး စကားလိုက်ပြောနေသဖြင့် သက်နှင်းဝေစိတ်ညစ်နေသည်။ သက်နှင်းဝေက အိမ်သို့ပြန်





စဉ် ကျော်ကျော်လင်းက လိုက်ပါလာသည်။

"ကိုကျော်ကျော်လင်းက ဒီဘက်မှာနေတာမဟုတ်ဘူး မဟုတ်လား"

"အင်း"

"ဒါဆို ဘယ်သွားမလို့လဲ"

"ဟာ.. သက်နှင်းဝေကလဲ မင်းကို လိုက်ပို့တာလေ"

"ရပါတယ်.. ကျွန်မဘာသာ လျှောက်နိုင်ပါတယ်.. လိုက်မပို့ပါနဲ့"

"သက်နှင်းဝေနဲ့ စကားပြောချင်လို့ပါ"

"ပြန်ပါတော့ရှင်.. ကျွန်မတို့ကို သူများတွေမြင်ရင် သူများတွေ တစ်မျိုးထင်ကုန်ပါ့မယ်"

"သက်နှင်းဝေမကြိုက်ရင် ကျွန်တော်နေခဲ့ပါ့မယ်"

ကျော်ကျော်လင်းက နေခဲ့သည်မို့ သက်နှင်းဝေက လွတ်လင်စွာ အိမ်ပြန်ခဲ့သည်။ ကျော်ကျော်လင်းသည် သူ့အပေါ် မရိုးသားသည့် အပြင် တော်ရုံနောက်ဆုတ်သွားမည်မဟုတ်ဆိုတာကိုလည်း [illegible] သည်။

မီးဖိုထဲ ဈေးခြင်းတောင်းချပြီး အဝတ်အစားထဲမှ [illegible] ထပ်သို့တက်ခဲ့သည်။ လျှော်ဖွပ်ရန် အဝတ်အစားတွေ [illegible] နှင့် သဲသဲကို လှေကားမှာဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခနှင်းဝေ ဈေးက ပြန်လာပြီလား"

"အင်း"

"မနှင်းဝေကို ပြောရဦးမယ်"

"ဘာများလဲ သဲသဲ"

သဲသဲက ဒေါ်မာလာကြွယ်များရောက်လာလေမလားလို့ ခေါင်း ကြည့်မြောက်ကြည့်လုပ်ရင်း ပြောသည်။

"သဲသဲရည်းစားနဲ့ ကွဲသွားပြီသိလား"

"ဟင်. . ဘာဖြစ်လို့လဲ"

"သူက ကတိမတည်ဘူး. . ချိန်းရင် ချိန်းသလို အချိန်မှန်မှန် ရောက်မလာတတ်ဘူး"

"ဒါနဲ့ အဆက်အသွယ်ဖြတ်လိုက်တယ်"

"သဲသဲ စိတ်ထိခိုက်နေမှာပေါ့"

"ဟင့်အင်း. . သဲသဲက နောက်ထပ်ရည်းစားတစ်ယောက် ထပ်ရနေပြီ"

"ဗုဒ္ဓေါ"

သက်နှင်းဝေက ဝင့်ကြွားစွာပြောနေသော သဲသဲကိုကြည့်ပြီး ါးစပ်အဟောင်းသားဖြစ်သွားသည်။

"ရည်းစားကလဲ ရတာမြန်လိုက်တာ"

"သဲသဲက ဒီတစ်ယောက်နဲ့ မကွဲခင်ကတည်းက နောက်ထပ် ာစ်ယောက်ကိုကြည့်ပြီးသား"





"သဲသဲရယ်. . ကြားရတာ အထူးအဆန်းတွေပါပဲလား. . နင့် အစား ကြောက်လိုက်တာ"

"လိုင်းကားတွေလိုပေါ့. . မမနှင်းဝေရယ်. . ဒီကားမတက် ဖြစ်ရင် နောက်ကားလာမှာပဲ. . နောက်က တက်လိုက်ရုံပေါ့. . ရှေ့ ကားက ဆန်းရင် နောက်ကားရောက်လာမှာ စောင့်စီးလိုက်ရုံပေါ့"

"ဟင်း. . မှတ်သားလောက်ပါတယ်. . အချစ်ဘုရင်မကြီး သဲသဲရယ်"

"ဘုရင်မမဟုတ်ဘူး. . အသည်းစားမဟာဒေဝီလေ"

"အေး အေးစား. . နောက်မှ လူသည်းစားပြီး ရောဂါရနေ မယ်. . ကျုပ်တို့က အန္တရာယ်ကင်းကင်းကြက်သည်းပဲ စားမယ်"

သက်နှင်းဝေက စိတ်တိုတိုနှင့် သဲသဲကိုပြောပြီး သူ့ကို ကျော် ဖြတ်တက်ခဲ့သည်။ ကျော်ကျော်လင်းနှင့်ပတ်သက်ပြီး စိတ်မကြည် မလင်ဖြစ်လာ၍ သဲသဲကိုပင် နောက်ပြောင်လိုစိတ်မရှိတော့ပါ။

အဝတ်အစားလဲပြီး လေးလေးငယ်အခန်းကို တူးခဲ့သည်။ လေးလေးငယ်က စာမသင်ချင်၍ လုပ်စရာရှိသည်ကို လုပ်ပေးပြီး မီးဖို ဆောင်ကိုဝင်၍ ကူညီချက်ပြုတ်လိုက်သည်။

ဒေါ်မေက သက်နှင်းဝေရောက်လာမှ ကူဖော်လောင်ဖက်ရ နေ၍ ကျေနပ်နေသည်။

"သမီးလေးရောက်လာတာ ဒေါ်ကြီးမေ အရှုံးအဖော်ရ



www.burmeseclassic.com

www.burmeseclassic.com



ထား . . အသက်တကြီးလာတော့ ချက်ရပြုတ်ရတာ တစ်ခါတလေ ဝင်ခန်းထယ်"

"ဒေါ်ကြီးမေ မချက်နိုင်တဲ့နေ့ပြောနော်. . နှင်းဝေချက်ပေးမယ်"

"အေးပါကွယ်"

"ဒီနေ့ နှင်းဝေချက်ပေးမယ်နော်"

"အကုန်မချက်ပါနဲ့. . ဟင်းတစ်မျိုးလောက်ပဲ ချက်ပေးလေ"

"ဘာဟင်းချက်ရမလဲပြောပါ"

"ငါးပေါင်းပဲလုပ်ပေး. . နှင်းဝေလုပ်တတ်တယ်မဟုတ်လား"

"လုပ်တတ်ပါတယ်"

သက်နှင်းဝေက ကတ်ကတစ်ငါးပေါင်းကို ကျကျနနလုပ်ပေးသည်။ ဟင်းချိုများသော လေးလေးငယ်ခဲတွင်းတွေ့အောင် စီစဉ်လိုက်သည်။

"နှင်းဝေလေး. . ဘာတွေချက်နေလဲ"

ဒေါ်သီရိနွယ်က ဆိုင်ကပြန်လာပြီး မီးဖိုထဲဝင်လာရင်း သက်နှင်းဝေကိုတွေ့၍ မေးသည်။

"ငါးပေါင်းချက်နေတာ"

"မမလေးရေ. . ဒီကလေးရောက်လာတာ ကျွန်မတို့အတွက် ဂစ်တပ်တစ်အားပဲ"





"ဟုတ်တယ်. . မှုန်မှိုင်းနေတဲ့ နံ့သာမြိုင်မှာ နွေးထွေးတဲ့ လင်းရောင်ခြည်လေးပါပဲ"

"ဟုတ်တယ်. . သူရောက်လာမှ စိုစိုပြည်ပြည်ဖြစ်လာတယ်. . လေးငယ်လေးလဲ ပိုပြီး ကျန်းမာလာသလိုပဲ"

"ဟုတ်တယ်. . လေးငယ်က သူနဲ့နေရတာ ပျော်နေတာ"

ဒေါ်သီရိနွယ်က ထိုသို့ပြောလိုက်သည့်အတွက် သက်နှင်းဝေ အလွန်ကြည်နူးသွားသည်။ ဖခင်ရဲ့ မိသားစုအတွက် အကျိုးတစ်ခုခု ပြုလုပ်ရသည့်အတွက် အလွန်ဝမ်းသာနေသည်။

နံ့သာမြိုင်မှာ သူသည် လူပိုမဟုတ်ဘဲ နံ့သာမြိုင်ရဲ့ အကျိုး ကို တစ်နေရာတစ်ကဏ္ဍက ပါဝင်ခွင့်ရ၍ လွန်စွာ ကျေးဇူးတင်နေ သည်။

ချက်ပြုတ်ပေးပြီး သက်နှင်းဝေက အပေါ်ထပ်သို့ ပြန်တက် ခဲ့သည်။

"မမနှင်းဝေ ဘာတွေလုပ်နေတာလဲ. . လေးငယ်ကို တစ်ယောက်တည်းပစ်ထားတယ်"

"ပစ်ထားတာမဟုတ်ဘူး. . လေးငယ်စားဖို့ မီးဖိုထဲမှာ သွားချက်နေတာ"

"ဘာတွေချက်နေတာလဲ"

"ကတ်ကတစ်ငါးပေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . အဲဒါကြီးမျှား မကြိုက်ပါဘူး"

လေးလေးငယ်က နှာခေါင်းလေး ရှုံ့လိုက်ပြီး ပြောသည်။

"စားပဲကြည့်ပါဦး လေးငယ်ရယ်"

လေးလေးငယ်က ရန်ကုန်ကိုရောက်ခဲ့သလို ရန်ကုန်က အကြောင်းလေးတွေကို အားလျှင်မေးတတ်သည်။ နှင်းဝေတက္ကသိုလ်တက်သည့် အကြောင်းအရာလေးတွေကို မေးပြီး ကြည်နူးပျော်ရွှင်နေသည်။

"မမနှင်းဝေက သိပ်ကံကောင်းတာပဲနော်. . တက္ကသိုလ်တက်ရတယ်. . လေးငယ်ကတော့ အဲဒီပျော်ရွှင်မှုတွေ ဆုံးရှုံးခဲ့ရတယ်"

လူငယ်တစ်ယောက်ရဲ့ အခွင့်အရေးတွေ နည်းပါးနေသော လေးလေးငယ်ကိုကြည့်ပြီး သက်နှင်းဝေ စိတ်မကောင်းဖြစ်ရပါသည်။

"ဒါပေမဲ့ လေးငယ်က မမနှင်းဝေထက် ကံကောင်းပါတယ် ကွယ်"

"ဘယ်မှာ ကံကောင်းလို့လဲ"

"လေးငယ်မှာ အမေရော. . အဒေါ်ရောရှိတယ်. . ပြည့်ပြည့်စုံစုံနဲ့ ကြီးပြင်းရတယ်. . မမနှင်းဝေမှာ ငယ်ငယ်ကတည်းက အမေ မရှိတော့တာလေ. . အမေဆိုတာ ဘယ်လိုလဲလို့ မသိရဘူး. . အမေလို့လဲ မခေါ်ခဲ့ရဘူး"

"အဲဒီတော့ မမနှင်းဝေ စိတ်ဆင်းရဲခဲ့ရတာပေါ့နော်"





"အင်း. . ဒါပေမဲ့ မပြည့်စုံတဲ့အရာကို ပြည့်စုံတဲ့ဟာနဲ့ ဖြည့်ဆည်းပြီး လောကကြီးမှာ နေတတ်အောင် ဖေဖေက သင်ပေးခဲ့တယ်"

"ဦးေ ာင်ကို လေးငယ်တွေ့ဖူးချင်လိုက်တာ"

လေးလေးငယ်က တမ်းတမ်းတတပြောတော့ အဖေကို သိပ်လွမ်းနေသော သက်နှင်းဝေငိုချင်လာသည်။

"ကဲပါ လေးငယ်ရယ်. . စိတ်မကောင်းစရာတွေ မပြောကြရအောင်နော်. . ထမင်းသွားစားကြမယ်"

အားလုံး အတူတူထမင်းစားကြသည်။ ဒေါ်မေရဲ့ လက်ရာကို တစ်သက်လုံးစားခဲ့ရ၍ ငြီးငွေ့နေသော လေးလေးငယ်က လက်ရာပြောင်းတာရော လက်ရာမြောက်တာကြောင့်ပါ ချီးကျူးလိုက်သည်။

"ငါးပေါင်းကောင်းတယ်"

"ကောင်းရင် အားရှိအောင် များများစားနော်"

သက်နှင်းဝေရောက်လာပြီး လေးလေးငယ်က အဖော်လည်းရ၊ သက်နှင်းဝေကလည်း ချော့မော့ကျွေးသည့်အတွက် အနည်းငယ် ပြည့်ဖြိုးလာသည်။ ဤသည်ကို သတိထားမိသော ဒေါ်မာလာကြွယ်တ အလွန်ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက် ဈေးကအပြန်မှာ ကျော်ကျော်လင်းက စောင့်နေသည်။ ကျော်ကျော်လင်းကိုတွေ့လိုက်ရ၍ သက်နှင်းဝေ စိတ်ညစ်သွားသည်။

"သက်နှင်းဝေ ဒီနေ့နောက်ကျတယ်နော်. . ကျွန်တော်က မလာတော့ဘူးလို့တောင် ထင်နေတာ"

"ဘာလဲ. . ကိုကျော်ကျော်လင်းက ကျွန်မကိုလာစောင့်နေတာလား"

"ဟုတ်တယ်"

"အမိပ္ပာယ်မရှိလိုက်တာရှင်"

"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ. . သိပ်ကို အဓိပ္ပာယ်ရှိတာပေါ့"

ကျော်ကျော်လင်းက သက်နှင်းဝေ့ရဲ့ ဘေးမှာ ယှဉ်တွဲလျှောက်ပြီး ပြောသည်။

"သက်နှင်းဝေကို ကျွန်တော်သိပ်ချစ်နေလို့ မမြင်ရရင် မနေနိုင်လို့ လာစောင့်နေတာလေ"

ကျော်ကျော်လင်းက ချစ်ကြိုက်စကားကို တဲ့တိုးကြီးကိုပြောချလိုက်သည်။ သက်နှင်းဝေရဲ့ နှလုံးသားက ထိုစကားကြောင့် တုန်လှုပ်ခြင်းမရှိပါ။

"သက်နှင်းဝေကို ကျွန်တော်သိပ်ချစ်တယ်. . မြင်မြင်ချင်း





တတည်းက ချစ်ခဲ့တယ်ဆိုတာ ယုံမလားဟင်"

"ယုံတာမယုံတာထက် ရှင့်ကို ကျွန်မ မချစ်နိုင်တာကိုပဲ ပြောကြရအောင်လား"

"ဟင်. . သက်နှင်းဝေက ကျွန်တော့်ကို မချစ်နိုင်ဘူးဟုတ်လား"

"အသေအချာပါပဲ"

"ဘာလို့လဲဟင်. . သက်နှင်းဝေမှာ ချစ်သူရှိပြီး နေလို့လား"

"ဟင့်အင်း"

"ဒါနဲ့များ သက်နှင်းဝေရယ်. . ကျွန်တော့်ကို ဘာလို့ မချစ်နိုင်တာလဲ"

"မချစ်လို့ မချစ်နိုင်တာပဲ ရှင်. . အကြောင်းပြချက်လိုသေးလို့လား"

"သက်နှင်းဝေရယ်. . အဲလိုကြီးအပြတ်မပြောပါနဲ့. . ကျွန်တော့်ကို စဉ်းစားပေးပါ"

"အချစ်ဆိုတာ အလိုလိုဖြစ်ပေါ်လာတာလို့ ကျွန်မနားလည်ထားလို့ စဉ်းစားစရာမလိုဘူးလို့ ထင်ပါတယ်"

"သက်နှင်းဝေရယ်. . အဲ့လိုကြီးအပြတ်မပြောပါနဲ့"

"ခက်ပါလား. . ကိုကျော်ကျော်လင်းရယ်. . ရှင် ဒီ[illegible] နှောင့်ယှက်ရင် လူကြီးတွေကို ကျွန်မတိုင်ရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေမကြိုက်ရင် နေ့တိုင်းကျွန်တော်လာမစောင့်ပါဘူး. . တစ်ခါတလေတော့ လာခွင့်ပေးပါ. . ပြီးတော့ ကျွန်တော့်အတွက်လဲ ထည့်စဉ်းစားပေးပါ"

တော်ရုံနှင့် နောက်ဆုတ်သွားမှာ မဟုတ်တာသိ၍ သက်နှင်းဝေက ရေလိုက်ငါးလိုက်နေရန် စိတ်ကူးလိုက်သည်။

"ကောင်းပြီလေ. . တစ်ခါတလေ လာတွေ့မယ်"

"ကျေးဇူးပဲ သက်နှင်းဝေ. . ကျွန်တော် ခြင်းတောင်းဆွဲပြီးလိုက်ပို့ပေးပါရစေ"

"နေပါစေ. . ရပါတယ်. . ရှင်ပြန်ပါတော့"

သိပ်ကို စွဲလမ်းမိသော သက်နှင်းဝေ စိတ်ငြိုငြင်မှာစိုး၍ ကျော်ကျော်လင်းက သက်နှင်းဝေရဲ့ အပါးမှ ထွက်ခွာခဲ့သည်။

သည်တော့မှ သက်နှင်းဝေလည်း လွတ်လပ်စွာ အိမ်ပြန်လာခဲ့သည်။ အချစ်နှင့်ပတ်သက်သော ခံစားမှုများ သူ့ရင်မှာ မရှိထားပါလို့ သက်နှင်းဝေ သူ့ကိုယ်သူ ဆန်းစစ်လိုက်သည်။

ရုတ်တရက် ရင်ထဲမှာ အရိပ်ကလေးတစ်ခုဖြတ်ပြေးသွားသည်။

"ဟာမဆီမဆိုင်၊ ကိုကျော်သူရိန်ကို ငါဘာလို့ တွေးမိပါလိမ့်"

မျက်ဝန်းထဲသို့ ကျော်သူရိန်ရဲ့ ပုံရိပ်ဝင်မလာအောင် စိတ်ဘိုတားဆီးလိုက်သည်။

◆◆◆



(၁၂)

ကျော်သူရိန်က နံ့သာမြိုင်ကို အားလျှင်အားသလို ရောက်လာတတ်သည်။ နံ့သာမြိုင်ကိုရောက်လာသည့်အခါတိုင်း သက်နှင်းဝေရဲ့ နေပုံထိုင်ပုံကို သူ လေ့လာအကဲခတ်သည်။

သက်နှင်းဝေသည် လေးလေးငယ်အပေါ်မှာ အလွန်စိတ်ရှည်သည်းခံသည်။ တစ်အိမ်သားလုံးအပေါ်မှာ အလွန်အနစ်နာခံတတ်သည့် စိတ်ဓာတ်လေးကို တွေ့ရှိရသည်။

သက်နှင်းဝေရဲ့အကြောင်းလေးတွေကို သိလာရသည်နှင့်အမျှ သက်နှင်းဝေကို အထင်ကြီးလေးစားလာသည်။ သက်နှင်းဝေနှင့်ပတ်သက်သော ခံစားမှုများသည် သူ့နှလုံးသားထဲသို့ သိမ်မွေ့စွာ တိုးဝင်လာသော ဆောင်းလေအေးနှင့် တူနေသည်။

မမြင်ရသော အစွမ်းထက်ပိုလှသည့် သံယောဇဉ်ကြိုးမျှင်လေးသည် သူ့သတိမထားလိုက်မိခင်မှာပဲ သူ့နှလုံးသားကို တုပ်နှောင်ချည်ငင်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေကို သူ အလွန်စိတ်ဝင်စားနေသော်လည်း တိတိလင်းလင်းဖွင့်မပြောနိုင်သေးပါ။ လေးလေးငယ်က သူ့အပေါ်မှာ အလွန်သံယောဇဉ်ဖြစ်ပြီး တွယ်ကပ်နေသည်ဆိုတာကိုလည်း သိနေသည်။

တစ်နေ့ညနေ သက်နှင်းဝေနှင့် လေးလေးငယ်ခြံထဲမှာနေစဉ် ကျော်သူရိန်ရောက်လာသည်။

"လေးငယ်တို့ခြံထဲမှာ ထိုင်နေတာလား"

"ဟုတ်တယ်. . ဒီမှာထိုင်ရတာ ပန်းရနံ့လေးတွေ မွှေးပြီး ရာသီဥတုကလဲ သိပ်ကို သာယာနေတယ်လေ"

"ဟုတ်တယ်"

"ကိုကိုသူရိန်လဲထိုင်လေ"

"ကောင်းသားပဲ"

ကျော်သူရိန်ကို သက်နှင်းဝေက ထိုင်ခုံပေးလိုက်ပြီး သူတို့အနားက ထွက်ရန်ပြင်သည်။

"သက်နှင်းဝေလဲထိုင်လေ"

"ရပါတယ်. . နှင်းဝေအိမ်ထဲမှာ လုပ်စရာလေးရှိလို့ပါ. . လေးလေးငယ်နဲ့ ကိုကျော်သူရိန်အဖော်လုပ်လိုက်ပါနော်"

"ရပါတယ်"

သက်နှင်းဝေက ကျော်သူရိန်နှင့် သိပ်ပြီး အတူနေချင်သော





လေးလေးငယ်ကို အလိုက်သိတတ်စွာ ထားရစ်ခဲ့သည်။

"သက်နှင်းဝေက ကြည့်လိုက်ရင် အလုပ်တစ်ခုမဟုတ် တစ်ခု လုပ်နေတာပဲနော်. . အအားမနေဘူး"

"ဟုတ်တယ်. . ကိုကိုသူရိန်ရဲ့"

"ကိုယ်လာတိုင်း. . ထိုင်ပြီး အေးအေးဆေးဆေးစကားပြောတယ်ကို မရှိဘူး"

"ကိုကိုသူရိန်နဲ့ သူက မျက်နှာချင်းမဆိုင်ချင်လို့နေမှာပေါ့"

"ကိုယ်နဲ့ဘာလို့ မျက်နှာချင်းမဆိုင်ချင်တာလဲ"

ကျော်သူရိန်က တအံ့တဩနှင့် လေးလေးငယ်ကိုမေးသည်။ လေးလေးငယ်က တစ်ခါက သူ့စိတ်ထင်နှင့် ပြောခဲ့သောစကားကို စိတ်ထဲစွဲနေသည့်အတိုင်းပြောသည်။

"ဘာလို့လဲမသိဘူး. . သူက ကိုကိုသူရိန်ကို သိပ်မကြည်ဘူး"

"မကြည်ဘူးဆိုတာ ဘာလဲ"

"မုန်းတာကိုပြောတာပေါ့"

သိလျက်နှင့် ထပ်ပြီးသေချာအောင်မေးလိုက်ပြီး ကျော်သူရိန်ထ ကြားရသောစကားကြောင့် ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

"သက်နှင်းဝေ. . ကိုယ့်ကိုမုန်းတယ် ဟုတ်လား"

"အင်းပါဆို"

"ဘာလို့မုန်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး. . ကိုကိုသူရိန်အကြောင်းပြောရင် သူက သိပ်ကြိုက်တာမတွေ့ထိဘူး"

လေးလေးငယ်က ကျော်သူရိန်အကြောင်းပြောတိုင်း လေးလေးငယ်ရဲ့ တစ်ဖက်သတ်အချစ်ကို စာနာပြီး ထင်တိုင်းမဖြစ်လာလျှင် စိတ်ဆင်းရဲမှာစိုး၍ ကျော်သူရိန်ကို ချစ်သည့်စိတ်ကို အားမပေးပါ။

ကျော်သူရိန်အပေါ်ထားသည့် စိတ်ကို ဖျော့လိုက်ဖို့၊ လူတစ်ယောက်အပေါ်မှာ သည်လောက်ရူးမူးစွာ မချစ်မိဖို့ ပြောခဲ့ခြင်းသည် လေးလေးငယ်ခံစားရမှာ စိုး၍ ပြောခဲ့ခြင်းပါ။

ထိုသို့ စေတနာနှင့် တားခြစ်ခြင်းကို လေးလေးငယ်သဘောပေါက်သွားသည်က သက်နှင်းဝေသည် ကျော်သူရိန်ကို မုန်းသည်ဆိုသော အစွဲအလမ်းတစ်ခုကိုဖြစ်စေသည်။

လေးလေးငယ်ထံမှ သူ လုံးဝ မမျှော်လင့်ထားသော စကားများကိုကြားရသဖြင့် ကျော်သူရိန်ရင်ထဲသို့ အရှိန်ပြင်းသော မြှားတစ်စင်းဝင်စိုက်သွားသလိုပါပဲ။

အလွန်နာကျင်အောင့်သက်သော ဝေဒနာကိုခံစားလိုက်ရသည်။ သူ့ရင်ထဲမှာ တစိမ့်စိမ့်နှင့် တွယ်တာမြတ်နိုးစိတ်တွေ သက်ရောက်နေသော သက်နှင်းဝေဆိုသော နူးညံ့သိမ်မွေ့သည့် မိန်းကလေးသည် သူ့ကိုမုန်းသည်တဲ့။

သက်နှင်းဝေ သူ့ကိုမုန်းသည်ဆိုသည့် ခါးသီးသည့်ဝေဒနာကို





သူ မခံစားနိုင်ပါ။ ရင်ထဲက နာကျင်မှုကို ဖုံးကွယ်ပြီး လေးလေးငယ်ကို ခပ်ပေါ့ပေါ့ပဲ ပြန်မေးလိုက်သည်။

"သူက ဘာလို့ ကိုယ့်ကိုမုန်းတာလဲ. . သူ မုန်းအောင် ကိုယ် မလုပ်မိပါလား လေးငယ်ရယ်"

"မသိပါဘူး. . ကိုကိုသူရိန့်ကို သူက အမြင်မကြည်လင်တာတော့ သေချာတယ်"

လေးလေးငယ်ကို ထပ်ပြီး မေးနေလျှင် ထပ်၍ ရင်နာစရာစကားများကိုကြားရမှာမို့ ထပ်ပြီး မမေးတော့ပါ။ သက်နှင်းဝေ သူ့ကိုမုန်းသည်ဆိုသော စကားက သူ့ရင်ထဲမှာ စူးစူးနစ်နစ်ကြီး တိုးဝင်နေပါပြီ။

ကျော်သူရိန်ပြန်သွားပြီးသည့်အချိန်မှ သက်နှင်းဝေက လေးလေးငယ်ထံသို့ ပြန်ရောက်လာသည်။

"အေးနေပြီ လေးငယ်. . အိမ်ထဲဝင်ကြရအောင်နော်"

"အင်း. . ဝင်မယ်"

လေးလေးငယ်က ထိုင်ခုံကနေထပြီး သက်နှင်းဝေရဲ့လက်မောင်းကို ဖက်လိုက်သည်။

"မမနှင်းဝေကို ကျေးဇူးတင်ပါတယ်"

"ဘာလဲ. . လေးငယ်ရဲ့"

"ကြော်. . ကိုကိုသူရိန်နဲ့ လေးငယ်လွတ်လွတ်လပ်လပ်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်အောင် ထားပေးခဲ့လို့ပေါ့"

"တမင်ထားခဲ့တာမဟုတ်ပါဘူး. . အလုပ်တလဲ လုပ်စရာရှိနေလို့ပါ"

"လေးငယ်က အဲ့လို ကိုကိုသူရိန်နဲ့အတူနေပြီး စကားပြောရမယ်ဆိုရင် ဘယ်လောက်ကြာကြာ ပြောနိုင်တယ်"

"လေးငယ်ကတော့ ကြာလေ မလွယ်လေဘဲ"

"ကြာလေ ကြာလေ. . ကိုကိုသူရိန်ကို သိပ်ချစ်လေပါပဲ. . မမနှင်းဝေရယ်"

"စိတ်ကို သိပ်ပြီး အလိုမလိုက်နဲ့လို့ ပြောထားတာပဲ. . လေးငယ်ရယ်"

"ဘယ်တတ်နိုင်မလဲ၊ လေးငယ်ရဲ့ စိတ်က ထိန်းလို့မှမရတာ"

"ကိုကျော်သူရိန်ကရော လေးငယ်အပေါ်မှာ ပြောင်းလဲလာပြီလား"

"မပြောင်းလဲသေးပါဘူး. . သူက ဟိုး ငယ်ငယ်တုန်းကလိုပဲ လေးငယ်ကို ဆက်ဆံနေတာ. . အဲဒါကို လေးငယ်အားမရဆုံးပဲ"

"လေးငယ်ကို မမနှင်းဝေတစ်ခုသတိပေးချင်တယ်"

"ဘာများလဲဟင်"

"မိန်းကလေးရဲ့ သဘာဝက အချစ်နဲ့ပတ်သက်ရင် သိပ်ပြီး ရွေးချယ်ပိုင်ခွင့်နည်းတယ်"





"မမနှင်းဝေ ဘာကိုပြောတာလဲ"

"ဒီလိုလေ. . မိန်းကလေးကစပြီး ဘယ်ယောကျ်ားလေးကိုမှ ချစ်ပါတယ်လို့ စပြောလို့မရဘူး"

"ဟုတ်တယ်လေ. . ဒါကြောင့် ပါးစပ်က မပြောချင်လို့ လေးငယ်က အမူအရာတွေနဲ့ ပြောနေတာပေါ့"

"အဲ့လို အမူအရာတွေနဲ့လဲ ပြောလို့မရဘူး လေးငယ်ရဲ့. . မိန်းကလေးသိက္ခာကျတာပေါ့"

"အဲဒီတော့ လေးငယ်က ဘယ်လိုလုပ်ရမှာလဲ"

"လေးငယ်ကို ကမ်းလှမ်းလာတဲ့ သူတွေထဲကပဲ လေးငယ်ရွေးချယ်တာ အကောင်းဆုံးပေါ့"

"ဒါဆို ကိုကိုသူရိန်က လေးငယ်ကို ချစ်မလာဘူးဆိုရင် လေးငယ် သူ့ကို ဘယ်လိုလုပ်ရမှာလဲ"

"အတတ်နိုင်ဆုံး ကြိုးစားပြီး မေ့လိုက်ပေါ့ကွယ်"

"ဟင့်အင်း. . ကိုကိုသူရိန်ကို မချစ်ဘဲလဲ မနေနိုင်သလို ဘယ်ဘာ့မှလဲ မေ့နိုင်မှာမဟုတ်ဘူး"

လေးလေးငယ်တစ်ယောက် ထင်တိုင်းမပေါက်လျှင် စိတ်ဆင်းရဲရမှာစိုး၍ သက်နှင်းဝေက ဖျောင်းဖျပြီး တစ်ဖက်လှည့်နှင့် သိမ်းသွင်းသော်လည်း အချည်းနှီးသာဖြစ်နေသည်။

"မမနှင်းဝေက ကိုကိုသူရိန်ကို သိပ်မုန်းနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . လေးငယ် ဘာတွေပြောနေတာလဲ. . မမနှင်းဝေမုန်းတယ်လို့ တစ်ခါမှလဲ မပြောရပါလား"

"မမနှင်းဝေက မုန်းလို့သာ လေးငယ်ကို ကိုကိုသူရိန်ကို မချစ်ဖို့ အမြဲတမ်းပြောနေတာပေါ့"

"ဖြစ်ရလေ လေးငယ်ရယ်"

သူ့စေတနာကို တလွဲမြင်နေသော လေးလေးငယ်ကိုကြည့်ပြီး သက်နှင်းဝေက ကျွဲပါးစောင်းတီးလို့ အမောကြီးမောသွားပါသည်။

"လေးငယ်အထင်မှားနေတာကို၊ ကျော်သူရိန်ကို မုန်းစရာအကြောင်း မမနှင်းဝေမှာ မရှိပါဘူးကွယ်"

"ဟာ. . စိတ်ရှုပ်လာပြီ. . အဲဒီအကြောင်းတွေ မပြောနဲ့. . လေးငယ် ကိုကိုသူရိန်ကိုချစ်တာကိုလဲ မတားနဲ့"

လေးလေးငယ်က စိတ်ဆိုးမာန်ဆိုးနှင့်အော်ပြီး ပြောနေသည်။ လေးလေးငယ်ကိုကြည့်ပြီး စိုးရိမ်လာသဖြင့် သက်နှင်းဝေက ဆက် မပြောတော့ဘဲ အလျှော့ပေးလိုက်သည်။

တစ်ဖက်သတ်အချစ်ရဲ့ ခါးသီးသော ဝေဒနာတွေ လေးလေး ငယ်သို့ မထိမှန်လာစေရန် စေတနာနှင့် တားဆီးသော်လည်း စေတနာ က ဝေဒနာဖြစ်သွားရပါတော့သည်။

"နောက်ကို ဘယ်တော့မှ ကိုကိုသူရိန်ကိုချစ်တဲ့အချစ်တွေ ဖျက်ဆီးဖို့ မကြိုးစားပါနဲ့ မမနှင်းဝေ"





"ကောင်းပါပြီ. . လေးငယ်မကြိုက်တာကို မမနှင်းဝေ မပြောတော့ပါဘူး. . မမနှင်းဝေပြောသမျှက လေးငယ်ရဲ့ အကျိုးအတွက် ဆိုတာကို ယုံပါကွယ်"

သက်နှင်းဝေက လေးလေးငယ်အပါးကနေ ထွက်လာခဲ့သည်။ လေးလေးငယ်ကို မထိခိုက်မနစ်နာစေချင်၍ ကျော်သူရိန်သည် လေးလေးငယ်ရဲ့ အချစ်ကို တုံ့ပြန်ပါစေလို့သာ ဆုတောင်းမိသည်။

ထိုနေ့ညက လေးလေးငယ်က သူ့ကို စကားသိပ်ပြီး ဟက် ဟက်ပက်ပက်မပြောပါ။

"မမနှင်းဝေသွားအိပ်ချင် အိပ်တော့. . လေးငယ်လဲ နား တော့မယ်"

"ကောင်းပါပြီကွယ်"

စိတ်မကောင်းစွာ လေးလေးငယ်ရဲ့ အခန်းထဲမှ ပြန်ထွက်လာ သည်။ ဒေါ်မာလာကြွယ်က အရမ်းအလိုလိုက်သောကြောင့် လေးလေး ငယ်သည် ထင်ရာစိုင်းတတ်သည့် အကျင့်ဖြစ်နေပါပြီ။ လက်ညှိုးညွှန် ရာ ရေဖြစ်သော လေးလေးငယ်ရဲ့ ဘဝကို သိပြီးမို့ သူ့ကို ခွင့်လွှတ် နားလည်ပေးလိုက်ပါပြီ။

အခန်းပြန်ပြီး မအိပ်ချင်သေး၍ ဒေါ်သီရိနွယ်ရှိရာသို့ ထွက် လာခဲ့သည်။ ဒေါ်သီရိနွယ်က သူ့အခန်းထဲမှာ ဇာထိုးနေသည်။

"ကြီးကြီးသီရိ"

www.burmeseclassic.com

www.burmeseclassic.com



"တော်. . တူမကြီးလာလေ. . လေးငယ်ရော အိပ်ပြီလား"

"ဟုတ်တဲ့"

လေးလေးငယ်ရဲ့ အချစ်ရေး အချစ်ရာကို ဒေါ်သီရိနွယ်နှင့် ဆွေးနွေးရမှာ မဝံ့ရဲ၍ နှုတ်ပိတ်ထားသည်။

"တစ်နေလုံး ပင်ပန်းနေတာ မအိပ်ချင်သေးဘူးလား နှင်းဝေ"

"မအိပ်ချင်သေးဘူး. . ကြီးကြီးသီရိရယ်"

"တလေး ဒီမှာနေရတာ သိပ်ပင်ပန်းနေပြီလား"

ဒေါ်သီရိနွယ်က ထိုးလက်စ လာပန်းထိုးကို ချထားပြီး သက်နှင်းဝေကို ကရုဏာသက်စွာမေးသည်။

"မပင်ပန်းပါဘူး ကြီးကြီးသီရိရယ်"

"လေးငယ် တူမကြီးအပေါ်မှာ သိပ်ပြီး နိုင်စားနေလားကွယ်"

"မနိုင်စားပါဘူး ကြီးကြီးသီရိ"

"ဒီအိမ်မှာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မဟုတ်ပါဘူးကွယ်. . သူ့စိတ်နဲ့သူ လုပ်နေကြရတာ"

"ကြီးကြီးမာလာက သိပ်ပြီး အလိုလိုက်တာနော်"

"ဟုတ်တယ်. . မကျွန်းမာတာကို ညာရင်းနဲ့ သူက အခွင့်အရေးသမားဖြစ်နေတာ"

"ကြီးကြီးသီရိခံစားချက်ကို နှင်းဝေနားလည်ပါတယ်"

"မမက ကြီးကြီးတို့ကို ချစ်ပါတယ်. . ဒါပေမဲ့ သူ့သမီးနဲ့





ပတ်သက်လာရင် ဘယ်သူ့ကိုမှ ဦးစားမပေးဘူး"

"ဪ"

"ကြီးကြီး အခုလိုပြောတာ မကျေနပ်လို့ပြောတာမဟုတ်ပါဘူးကွယ်. . လေးငယ်ပေါ်မှာ တူမကြီးစိတ်ခုမှာ စိုးလို့. . ပြီးတော့ ကြီးကြီးမာလာကို မုန်းမှာစိုးလို့ တူမကြီးရဲကြီးမှာစိုးလို့ပါကွယ်"

"ကြီးကြီးရယ်. . သူတို့က သက်နှင်းဝေရဲ့ အဒေါ်ရင်းနဲ့ ညီမဝမ်းကွဲပါ. . သူတို့ကို နှင်းဝေမမုန်းပါဘူး. . ဒီမှာလာနေခွင့်ပေးတာကိုပဲ ကျေးဇူးတင်နေတဲ့သူပါ"

"ဟုတ်တယ်. . တူမကြီးက သိပ်ပြီး သဘောထားဖြူစင်ပြည့်ဝသူပါကွယ်"

စိတ်ထားဖြူစင်သူလေးကို ဒေါ်သီရိနွယ်က ချစ်ခင်သနားစွာကြည့်နေသည်။

"ကြီးကြီးသီရိ. . နှင်းဝေတစ်ခုမေးမယ်. . စိတ်မဆိုးနဲ့နော်"

"ဘာများလဲကွယ်"

"ကြီးကြီးသီရိက ဘာလို့ အိမ်ထောင်မကျတာလဲဟင်"

"အိမ်ထောင်ဟုတ်လား"

ဒေါ်သီရိနွယ်က သက်နှင်းဝေရဲ့ မျက်နှာလေးကိုကြည့်ပြီး သူ့မျက်နှာ အလွန်ညှိုးငယ်သွားသည်ကို တွေ့ရသည်။ မှိုင်ငေးညိုး သွားသော ဒေါ်သီရိနွယ်ရဲ့ မျက်နှာကိုကြည့်ပြီး သက်နှင်းဝေ သူ



www.burmeseclassic.com

www.burmeseclassic.com



စကားများသွားပြီလားလို့ စိုးရိမ်နေမိသည်။

"နှင်းဝေမေးတာ စိတ်ဆိုးလားဟင်"

"မဆိုးပါဘူးကွယ်"

"ကြီးကြီးသီရိ ဒီနေ့စောစောအိပ်ချင်တယ်"

"အိပ်ပါ ကြီးကြီးသီရိ. . နှင်းဝေသွားတော့မယ်"

"မနက်ဖြန်ကျရင်လာခဲ့နော်. . တူမကြီးကို ကြီးကြီးသီရိ ပြောစရာရှိတယ်. . အဲဒီအခါကျရင် ကြီးကြီးသီရိရင်ထဲမှာသိမ်းထား ခဲ့ရတဲ့ ရင်နာစရာအဖြစ်တွေကို သမီးကိုပြောပြမယ်"

"ဟုတ်ကဲ့ ကြီးကြီးသီရိ"

ဒေါ်သီရိနွယ်ကို နှုတ်ဆက်ပြီး သက်နှင်းဝေထွက်လာခဲ့သည်။ ကြီးကြီးသီရိရဲ့ရင်ထဲမှာ ဘယ်လိုဝေဒနာမျိုးတွေရှိနေသည်ဆိုတာကို သိလိုလှသည်။

◆◆◆





(၁၃)

နောက်တစ်နေ့နံနက် သက်နှင်းဝေဈေးမှအပြန် ကျော်ကျော် လင်းရောက်မလာသည့်အတွက် စိတ်ထဲမှာပေါ့ပါးနေသည်။

"ကျော်ကျော်လင်းဆိုတဲ့လူ ဘယ်တော့မှ မလာတော့ရင် ကောင်းမယ်"

ထိုသို့ စိတ်ကူးပြီး လျှောက်အလာ မျက်နှာချင်းဆိုင်က စက် ဘီးစီးလာသော ကျော်ကျော်လင်းကိုတွေ့ပြီး စိတ်ညစ်သွားသည်။ ကျော်ကျော်လင်းက သူ့ဘေးမှာ စက်ဘီးကိုရပ်ပြီး စက်ဘီးပေါ်က ဆင်းလိုက်သည်။

"သက်နှင်းဝေကို ကိုယ်စက်ဘီးနဲ့ လိုက်ပို့ပေးမယ်"

"ရပါတယ်. . ကျွန်မဘာသာ လမ်းလျှောက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . ကိုယ် ဘေးက အဖော်လိုက်ပေးမယ်လေ"

စက်ဘီးကိုတွန်းပြီး သက်နှင်းဝေ ဘေးကလျှောက်လာသည်။

"မလိုပါဘူး . . ကိုယ့်လမ်းကိုယ်သွားပါ ကိုကျော်ကျော်လင်း"

"သက်နှင်းဝေကို ကိုယ် ရည်းစားစကားမပြောပါဘူး . . ရိုးရိုးသားသားလိုက်ပို့မှာပါ"

"ကျွန်မက တစ်ယောက်တည်း သွားလာရတာကို နှစ်သက်လို့ပါ"

"တစ်ယောက်တည်းဆို ပျင်းစရာကြီး . . စကားလေးတပြောပြောနဲ့ဆိုတော့ ခရီးတွင်ပါတယ် သက်နှင်းဝေရယ်"

ဘယ်လိုမှ ခါထုတ်လို့မရသော ကျော်ကျော်လင်းကို သက်နှင်းဝေက လက်လျှော့လိုက်ရပါသည်။

"သက်နှင်းဝေက အိမ်အလုပ်တွေ တော်တော်လုပ်ရတာပဲနော်"

"မိန်းကလေးပဲ . . အိမ်အလုပ်လုပ်ရတာ မဆန်းပါဘူး"

"ဟိုတစ်ယောက်က ရွှေပေါ်မြတင်နေရပြီး တရှောင်ရှောင်နဲ့ ချချာနေတာပဲမဟုတ်လား"

ယောကျ်ားရင့်မကြီးတန်မဲ့ ထိုသို့ပြောလိုက်သည်ကို သက်နှင်းဝေက မနှစ်မြို့ပါ။

"မိသားစုအရေးမှာ အပြင်လူစွက်ဖက်တာကို ကျွန်မ မကြိုက်ဘူး . . နှံ့သာမြိုင်မှာ ကျွန်မနေရတဲ့အနေအထားကို ကျွန်မ ကျေနပ်ရင် ပြီးတာပဲ . . ဘယ်သူမှ ဝေဖန်တာကိုမကြိုက်ဘူး"





သက်နှင်းဝေက အသံလေး မာမာဆတ်ဆတ်နှင့်ပြောလိုက်သည်။ သက်နှင်းဝေစိတ်ဆိုးသွားပြီဆိုတာကို ကျော်ကျော်လင်းကသိ၍ ပျာပျာသလဲဖြေရှင်းသည်။

"ကိုယ်က သက်နှင်းဝေကို ချစ်တဲ့စိတ်နဲ့ သက်နှင်းဝေပင်ပန်းတာကို မကြည့်ရက်လို့ ပြောတာပါကွာ"

"အိမ်မှာ ကြီးကြီးမာလာကစပြီး အားလုံး အလုပ်လုပ်ကြရတာပဲ"

"ဟုတ်ပါပြီ . . သက်နှင်းဝေမကြိုက်ရင် ကိုယ် မပြောတော့ပါဘူး"

သူတို့နှစ်ယောက်ဘေးကနေ ကျော်သူရိန်ရဲ့ကားဖြတ်သွားပြီး ကားပေါ်က ကျော်သူရိန်က သက်နှင်းဝေကို စူးစူးဝါးဝါးကြည့်သွားသည်ကို သက်နှင်းဝေသတိမထားမိပါ။

သက်နှင်းဝေနှင့် ကျော်ကျော်လင်းတို့သည် လိုအတူသွားနေသည်ကို မြင်ပြီး ကျော်သူရိန်စိတ်ထဲမှာ လွဲမှားသော ကောက်ချက်တစ်ခု ချလိုက်သည်။

"ဩော် . . သူတို့က ဒီလိုဘယ်တုန်းကများ ချစ်သူတွေဖြစ်သွားပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေကို ချစ်နေမိသော ကျော်သူရိန်က စိတ်မာတ်ကျ ငွာတွေးသည်။

"ငါ သိပ်ကိုနောက်ကျသွားပြီပဲ"

ရှားရှားပါးပါး ချစ်လာခဲ့ပြီးမှ မဟန်သည့် သူ့ချစ်ရေးကိုတွေး ပြီး စိတ်ဓာတ်အလွန်ကျသွားသည်။

"အင်းလေ. . ငါကသာ သူ့ကိုချစ်နေတာ. . သူက ငါ့ကို မုန်း တယ်ဆိုတာ လေးငယ်ပြောသားပဲ"

"အဲဒီအချစ်ဆိုတာကြီးက တော်တော်ခက်သားပဲ. . ငါ့ကိုချစ် နေတဲ့ လေးငယ်ကိုတော့ ငါက မချစ်ဘဲ ငါ့ကိုမုန်းတဲ့ သက်နှင်းဝေ ကိုမှ ချစ်နေမိတယ်"

"ကျော်ကျော်လင်းက အတော်သွက်တာပဲ. . သက်နှင်းဝေ ရောက်တာမှ မကြာသေးဘူး. . ချစ်သူဖြစ်အောင် ကြိုးစားနိုင်တယ်"

ကျော်သူရိန်ရဲ့ရင်ထဲမှာ တော်တော်လေး ထိထိခိုက်ခိုက်ခံစား သွားရပါသည်။ သက်နှင်းဝေကို တစ်ချိန်ချိန်မှာ ချစ်ခွင့်ပန်ပြီး သက် နှင်းဝေရဲ့အချစ်ကို ရအောင်ယူမည်ဟူသော မျှော်လင့်ချက်သည်လည်း ပျက်သုဉ်းသွားရပါတော့သည်။

"သက်နှင်းဝေရဲ့အချစ်ကို မရရင် ငါ တစ်သက်လုံး တစ်ကိုယ် တည်း နေသွားတော့မယ်"

သူ့ရည်ရွယ်ချက်အတိုင်း ထူးချွန်အောင်မြင်သော ဆရာဝန်





ကောင်းတစ်ယောက်အဖြစ်နှင့် အရိုးထုတ်ပါတော့မည်။

သက်နှင်းဝေကို ခြံဝအထိ ကျော်ကျော်လင်းက လိုက်ပို့ပြီး နှုတ်ဆက်သည်။

"ကိုယ်ပြန်မယ် သက်နှင်းဝေ"

"နောက်နေ့ဈေးမှာ ကျွန်မကို လာမစောင့်ပါနဲ့"

"ရိုးရိုးသားသားလာတွေ့တာပဲ. . သက်နှင်းဝေရယ်"

"ဘေးအမြင်မှာ ဘယ်လိုမှမရိုးသားနိုင်တာမို့ မလာပါနဲ့ ကိုကျော်ကျော်လင်း"

"နေ့တိုင်းမဟုတ်တောင် တစ်ခါတလေတော့ လာတွေ့ပါရစေ နှင်းဝေရယ်"

"ရှင် အဲလိုလာရင် ကျွန်မ သိပ်စိတ်ညစ်လို့ပါ"

ကျော်ကျော်လင်းက မျက်နှာငယ်လေးနှင့်ကြည့်ပြီး ကျန်ရစ်ခဲ့ သည်။ သက်နှင်းဝေခြေလှမ်းသွက်သွက်ဖြင့် ခြံထဲသို့ ဝင်လိုက်သည်။

ကျော်ကျော်လင်း သည်လိုသာ အမြဲတမ်းလိုက်နှောင့်ယှက် နေလျှင် ဈေးသွားရမှာပင် ခက်ခဲနေသည်။ တစ်စုံတစ်ယောက်ကမြင် တွေ့ပြီး ဒေါ်မာလာကြွယ်ကို အသိပေးလိုက်လျှင် မလိုလားအပ်သော ပြဿနာများဖြစ်လာမှာကို စိုးရိမ်သည်။

"ဒေါ်မေလင်းနဲ့ ကြီးကြီးမာလာက မတည့်တော့ သူတို့နဲ့ ငါ ဘာင်းကင်းနေမှဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိနွယ်ကို ထိုကိစ္စကို အသိပေးထားလျှင် ကောင်းမည်ဟု တွေးသည်။

"မမနှင်းဝေ"

နောက်ကျောက သဲသဲခေါ်သံကြောင့် သက်နှင်းဝေလှည့်ကြည့်သည်။ သဲသဲက စပ်ဖြီးဖြီးမျက်နှာပေးနှင့် သူ့ထံပြေးလာသည်။

"စောစောက ထွက်သွားတာ မမနှင်းဝေရည်းစားလား"

တကယ့်မောင်းနှင့် လာတိုးနေပါလားလို့ သက်နှင်းဝေက စိတ်ပျက်စွာ တွေးသည်။

"သဲသဲရယ်. . ဘာတွေလျှောက်ပြောနေတာလဲ"

"သဲသဲတွေ့လိုက်ပါတယ်နော်. . မမနှင်းဝေနဲ့ အဲဒီလူ အတူတူပြန်လာတာ"

"ရိုးရိုးအသိပါ. . လမ်းကြုံတာနဲ့ သူက ခြံဝအထိလိုက်လာတာ"

"ရည်းစားထားတာပဲ. . ရှက်စရာမဟုတ်ပါဘူး မမနှင်းဝေရယ်. . မရှက်ပါနဲ့. . သဲသဲတောင် အခုရည်းစားအသစ်ရနေပြီ သိလား"

"ဒီမှာ သဲသဲ. . အဲဒီရည်းစားဆိုတာ ငါ စိတ်မဝင်စားဘူး. . လျှောက်ပြောမနေနဲ့. . ကြီးကြီးမာလာသိရင် ငါ့ကို အသားလွတ်ဆူနေဦးမယ်"





သဲသဲကို စိတ်ဆိုးဆိုးနှင့် ခပ်မာန်မာန်လေးပြောလိုက်သည်။

"ဟယ်. . မမနှင်းဝေက စိတ်ဆိုးသွားပြီ"

"ဟုတ်တယ်. . တကယ့်ကို စိတ်ဆိုးတာ. . မဟုတ်တာမပြောနဲ့နော်. . နောက်တစ်ခါ ဒီထက်ပိုစိတ်ဆိုးမှာ"

"စိတ်မဆိုးပါနဲ့ မမနှင်းဝေရယ်. . သဲသဲကို ဒီအိမ်မှာ အရေးလုပ်တာ မမနှင်းဝေတစ်ယောက်ပဲရှိတာ"

"ဒါဆို တို့မကြိုက်တာ မပြောနဲ့. . အဲဒီလူက ရိုးရိုးအသိပဲ"

"ဟုတ်ပါပြီ. . သဲသဲမပြောတော့ပါဘူး"

နှုတ်ဖွာသော သဲသဲ၏ ရန်အေးသွားပြီမို့ သက်နှင်းဝေတ စိတ်သက်သာရာရသွားသည်။ သက်နှင်းဝေ၏လက်ထဲက ဈေးခြင်းတောင်းကို သဲသဲကဆွဲယူပြီး နှစ်ယောက်အတူ အိမ်ထဲသို့ဝင်ခဲ့သည်။

လေးလေးငယ်က အိပ်ရာထနောက်ကျသည်မို့ နံနက်ပိုင်းမှာ သက်နှင်းဝေက တခြားအလုပ်တွေကို လုပ်နိုင်သည်။ ညပိုင်းမှာ စာသင်မည်ဟု လေးလေးငယ်က သတ်မှတ်၍ သက်နှင်းဝေက ညအချိန်မှာ စာသင်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေနှင့်တူပြီး ချက်ပြုတ်ပေးပြီးနောက် သက်နှင်းဝေအား သွားသည်၊ ဒေါ်သီမိုနွယ်နှင့် ဒေါ်မာလာကြွယ်က ဆိုင်ထွက်၍ အိမ်မှာ မရှိနေကြပါ။

သက်နှင်းဝေက ဆိုင်ကို ကူထွက်ပေးချင်သော်လည်း ဒေါ်မာလာကြွယ်က သူ့အားလေးလေးငယ်အနားမှာသာ နေစေသည်။ လေးလေးငယ်က သက်နှင်းဝေကို အလွန်တွယ်တာပြီး အပျောက်မခံနိုင်အောင် ပါပင်၏

လေးလေးငယ်အနည်းငယ် နေမကောင်းလျှင် ဒေါ်မာလာကြွယ်က ဆိုင်မထွက်နိုင်သည့်မို့ ဒေါ်သီရိနွယ်သာလျှင် ဆိုင်ထိုင်ရသည်။

ဒေါ်မာလာကြွယ်အိမ်မှာမရှိလျှင် သဲသဲက သက်နှင်းဝေကို စကားတွေအရမ်းပြောသည်။ သူပြောသော စကားတွေက သူ့ရည်းစားတွေအကြောင်းကများသည်။

ရှုပေါပေါနိုင်သော သဲသဲကို သက်နှင်းဝေက မနှိမ်ဘဲ တန်းတူပေါင်းသဖြင့် သက်နှင်းဝေ သဲသဲက ခင်နေသည်။

"ဒီတစ်အိမ်လုံးမှာ မမနှင်းဝေပဲ ဗျူရိုကရက်မဟုတ်ဘူး"

ကြီးကြီးကျယ်ကျယ်ပြောလိုက်သော သဲသဲစကားကြောင့် သက်နှင်းဝေက ရယ်ချင်ပြီး မေးလိုက်သည်။

"ဗျူရိုကရက်ဆိုတာ ဘာလဲ သဲသဲရဲ့"





"မမနှင်းဝေက ဒါလေးတောင်မသိဘူးလား. . အရင်းရှင်မနေရှင်ကိုခေါ်တာပေါ့"

"ဟုတ်လား. . သူတို့က ဘာလုပ်ကြသလဲ"

"မရှိဆင်းရဲသားတွေကို အနိုင်ကျင့်တာပေါ့"

သက်နှင်းဝေက သဲသဲရဲ့စကားကို သဘောကျစွာ ရယ်လိုက်သည်။

"မမနှင်းဝေက လူတစ်ဖက်သားကို စာနာတယ်. . နားလည်တယ်. . အဲဒါကို သဲသဲက အထင်ကြီးတာ"

"သဲသဲမြောက်တာနဲ့ မမနှင်းဝေတော့ မျက်နှာကြက်နဲ့ ဆောင့်မိတော့မှာပဲ"

"အဟုတ်ပြောတာ. . ကြီးကြီးသီရိက သဘောကောင်းပါတယ်. . ဒါပေမဲ့ သူလဲ ကြီးကြီးမာလာကို ကြောက်ရတာလေ"

ဒေါ်သီရိနွယ်သည် ယခုအချိန်အထိ ကလေးတစ်ယောက်လို နေရသည့်အဖြစ်ကို သက်နှင်းဝေက သနားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးငယ်က ထိုနေ့ညက ဗီဒီယိုကားကြည့်ရင်းနှင့် ခေါင်းမူးသည်ဆိုပြီး စောစောအိပ်သွားသည်။ လေးလေးငယ်အိပ်သွားသဖြင့် သက်နှင်းဝေက စောစောနားခွင့်ရသည်။

ဒေါ်သီရိနွယ်ကိုလိုက်ရှာတော့ ဧည့်ခန်းထဲမှာ တွေ့သည်၊ ဒေါ်မာလာကြွယ်ကလည်း စောစောအိပ်ရာဝင်သွားသည်။

"ကြီးကြီးသီရိကို လိုက်ရှာနေတာ"

"လေးငယ်အိပ်သွားပြီလား"

"ဟုတ်တယ်"

ဒါဆိုရင် တူမကြီး စောစောနားရပြီပေါ့"

"ဟုတ်တယ်. . လေးငယ်က သနားပါတယ်နော်. . သူ့မှာ နေမကောင်းဖြစ်နေရတာများနေတယ်"

"ဟုတ်တယ်. . ငယ်ငယ်ကတည်းက သိပ်ချူချာတာ"

"ဒီနေ့ ကိုကျော်သူရိန်ကလဲ လာမကြည့်ဘူးနော်"

"မအားလို့ထင်တယ်"

ကိုကျော်သူရိန်ကို သူမျှော်ရင်းနဲ့ စိတ်မောသွားတယ်ထင်တယ်"

"ဟုတ်မှာပေါ့. . သူ မောင်ကျော်သူရိန်က သူ့ကို သိပ်ဂရုစိုက်ပါတယ်. . မအားလို့မလာတာဖြစ်မှာပါ"

"ဟုတ်မယ်နော်"





သက်နှင်းဝေက ဒေါ်သီရိနွယ်ရဲ့ အေးချမ်းနေသော မျက်နှာကိုငေးကြည့်ပြီး မေးသည်။

"ကြီးကြီးသီရိကြည့်ရတာ အပူအပင်မရှိသလို ငြိမ်းချမ်းလိုက်တာ"

"တူမကြီးက အဲ့လိုမြင်လို့လား"

"ဟုတ်တယ်. . ကြီးကြီးမာလာကိုကြည့်ရင် ပူပင်သောကတွေ ဖိစီးနေတယ်ဆိုတာ သူ့မျက်နှာမှာ ပေါ်လွင်နေတယ်"

"တစ်ချိန်တုန်းက ကြီးကြီးသီရိရင်ထဲမှာ အဲ့ဒီပူပင်သောကတွေ အများကြီးပေါ့ကွယ်. . အဲ့ဒီပူပင်သောက တွေကြောင့် ရင်ထဲမှာ လောင်ကျွမ်းပြီး သေမလားတောင်ထင်ရတယ်"

"ဟုတ်လား. . ဘာတွေဖြစ်လို့လဲဟင်"

"အဲဒီတုန်းက ကြီးကြီးက အသက်နှစ်ဆယ့်လေးနှစ်ပဲရှိသေးတယ်. . ငှလုံးသားရေးရာနဲ့ပတ်သက်လို့ပေါ့ကွယ်"

"ကြီးကြီးက ငယ်ငယ်ကချစ်သူရှိခဲ့လားဟင်"

"ရှိခဲ့တာပေါ့ကွယ်"

"အဲဒါနဲ့များ ဘာလို့ အပျိုကြီးဖြစ်နေရတာလဲ"

"လောကကြီးမှာ ချစ်တိုင်းမညား. . ညားတိုင်းမချစ်တဲ့အဖြစ်တွေကို တူမကြီးမသိသေးဘူးကိုး"

"ကြီးကြီးငယ်ငယ်ကအကြောင်းတွေကို နှင်းဝေသိချင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒီနေ့အချိန်ရတယ်ပြောပြမယ်"

"ဟုတ်ကဲ့ . . ပြောပါ"

"ဒီမှာမပြောဘူး . . မမမာလာကြည့်တို့ ကြားရင် အဆူခံရနေရဦးမယ်"

ဒေါ်သီရိနွယ်က ဆယ်ကျော်သက်လေးရည်းစားထားပြီး လူကြီးသိသည့်ပုံစံမျိုးဖြင့် ကြောက်ရွံ့နေသည်ကို တွေ့ရသည်။

"လာ ကြီးကြီးရဲ့ အခန်းကိုသွားမယ်"

ဒေါ်သီရိနွယ်က ခေါ်သဖြင့် အပေါ်ထပ်သို့ သက်နှင်းဝေ တက်ခဲ့သည်။

◆◆◆





(၁၄)

"ကဲ . . ဒီမှာထိုင်ဦး"

သက်နှင်းဝေကို ကုလားထိုင်မှာ ထိုင်ခိုင်းပြီး ဒေါ်သီရိနွယ်က အခြားကုလားထိုင်တစ်လုံးမှာ ထိုင်လိုက်သည်။ ဇာပန်းကို ဆက်ထိုးရင်းနှင့် ငယ်စဉ်ဘဝက သူ့နှလုံးသားထဲမှာ သံယောဇဉ်ငြိတွယ်ခဲ့သူ အကြောင်းကို စလိုက်သည်။

"ကြီးကြီးငယ်ငယ်က တစ်ခါပဲ ချစ်သူထားခဲ့တယ် . . အဲဒီ ချစ်သူကို ကြီးကြီးသိပ်ချစ်ခဲ့တယ် . . ဒီနေ့အထိ တစ်ရက်မှ မမေ့ခဲ့ဘူး"

"အင်း . . ကြီးကြီးက အဲဒီလောက်ချစ်လျက်နဲ့များ ချစ်သူနဲ့ ဘာလို့ မပေါင်းတာလဲ"

"ပြောမယ် တူမကြီးရယ် . . ကြီးကြီးရင်ထဲမှာ နှစ်အနှစ်အောင်လောက် မျိုသိပ်ခဲ့ရတဲ့ စကားတွေကို ပြောပြပါ့မယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိနွယ်က ထိုးလက်စဇာပန်းကို ချထားလိုက်ပြီး ပြတင်းပေါက်တနေ ပိန်းပိန်းမှောင်နေသော အမှောင်ထုကိုကြည့်နေသည်။ သူ့မျက်လုံးတွေက ရီဝေနေပြီး အပြင်အမှောင်ထုက မြင်သာနေလျှင်တောင် မြင်မည့်ပုံမပေါ်ပါ။

"ကြီးကြီးအသက်နှစ်ဆယ့်သုံးနှစ်လောက်တုန်းကပေါ့ကွယ်.. ဒီမြို့လေးကို လယ်ယာစိုက်ပျိုးရေးဌာနက အရာရှိပေါက်စလေးရောက်လာတယ်...

"သူနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အလှူမှာဆုံတယ်.. မိတ်ဆက်ပေးလို့ မိတ်ဆွေတွေဖြစ်သွားတယ်ပေါ့ကွယ်"

ဒေါ်သီရိနွယ်က အတိတ်ကိုပြန်ပြီး သူ့မျက်ဝန်းထဲမှာ တွတ်တွက်ကွင်းကွင်းမြင်လာသည်။

"အဖြစ်တွေက မနေ့တစ်နေ့ကလိုပါပဲလားကွယ်.. သစ်ပင်စိုက်တာ ဝါသနာပါတဲ့ ကြီးကြီးနဲ့ သူ အတော်လေးခင်မင်သွားတယ်..

"အဲ့လိုကနေ ချစ်သူတွေဖြစ်သွားတယ်ဆိုပါတော့ကွယ်.. ချစ်ဦးသူမရှိခဲ့ဖူးလို့ ကြီးကြီးတို့နှစ်ယောက်ဟာ အချစ်ဦးတွေဖြစ်ခဲ့ကြသို့ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ခဲ့ကြတယ်"

"သူက ချောလားဟင်"

သက်နှင်းဝေက စိတ်ဝင်တစားနှင့်မေးသည်။

"ချောတာပေါ့ကွယ်.. ကြီးကြီးကလဲ အဲဒီတုန်းက ဒီပုံစံဘယ်





ဟုတ်မလဲ.. တစ်တစ်ရစ်ရစ်နဲ့ သိပ်လှတယ်လို့ သူကပြောတယ်"

"ဟုတ်မှာပေါ့.. ကြီးကြီးက အခုတောင် လှနေတာပဲ"

သက်နှင်းဝေက သဘောကျစွာ ပြုံးပြီး ထောက်ခံလိုက်သည်။

"ကြီးကြီးက အဖေနဲ့အစ်မ မသိအောင် သူနဲ့ ရည်းစားဖြစ်နေတာပေါ့"

"အဲဒီတုန်းက နှင်းဝေဖေဖေကရော"

"အဲဒီအချိန်မှာ မောင်မောင်အိမ်ကထွက်သွားပြီးပြီလေ"

"ဪ"

"ကြီးကြီးတို့ရဲ့ ချစ်သက်တမ်းလေး တစ်နှစ်ကျော်ကျော်မှာ သူ ရန်ကုန်ကိုပြောင်းရဖို့ဖြစ်လာတယ်"

"ဟုတ်လား"

"ဒါနဲ့ ကြီးကြီးတို့နှစ်ယောက်တိုင်ပင်ပြီး လက်ထပ်ကြမယ် လို့ ဆုံးဖြတ်လိုက်ကြတယ်.. သူ့ကို အိမ်ခေါ်လာပြီး ဖေဖေတို့နဲ့ တွေ့ပေးတယ်"

ဒေါ်သီရိနွယ်ရဲ့စကားသံတွေက တိမ်ဝင်သွားပြီး သူ့မျက်နှာမှာ ကြေကွဲရိပ်တွေ ထင်ဟပ်လာသည်။

"အဲဒီမှာတင် ပြဿနာအကြီးအကျယ်တက်တော့တာပဲ"

"ဘာတွေဖြစ်လို့လဲဟင်"

"ဖေဖေက သူ့ကို ဘာလုပ်လဲ.. ဘာကိုင်လဲ.. ပြီးတော့ မိဘဆွေမျိုးတွေအကြောင်းမေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပြီးတော့ ဘာပြောလဲ"

"ကြီးကြီးကို အခန်းထဲသွားနေတဲ့.. သူနဲ့ဖေဖေနှစ်ယောက်ချင်း စကားပြောချင်တယ်ဆိုပြီး ကြီးကြီးကိုသွားရှောင်ခိုင်းတယ်"

"အဲဒီတော့ သူကို့ဘာတွေပြောလဲ.. ကြီးကြီးသိရိမသိရဘူးပေါ့နော်"

"ဟုတ်တယ်.. အဲဒီနေ့က ကြီးကြီးရဲ့ ဘဝကလဲ အပြောင်းလဲကြီး ပြောင်းလဲသွားတဲ့နေ့ပေါ့"

"ဘယ်လိုပြောင်းလဲတာလဲဟင်"

"နောက်နေ့ကစပြီး အိမ်ထဲက အိမ်ပြင်မထွက်ရတော့ဘူး.. သူနဲ့လဲ လုံးဝမတွေ့ရတော့ဘူး"

"ဟင်.. ဟုတ်လား"

"ဘာလို့လဲဟင်"

"ဖေဖေက နောက်တစ်နေ့မှာပဲ ပြောတယ်.. ဆွေဂုဏ်၊ မျိုးဂုဏ်မရှိတဲ့သူနဲ့ ကြီးကြီးကို လုံးဝ သဘောမတူနိုင်ဘူးတဲ့.. လုံးဝ အဆက်အသွယ်မလုပ်ရဘူးဆိုပြီး အိမ်ထဲမှာ လှောင်ထားခဲ့တယ်"

"ဒါဆို.. သူကရော ကြီးကြီးကို မဆက်သွယ်ဘူးလားဟင်"

"ဖေဖေက ယောကျ်ားတစ်ယောက်ရဲ့ မာနကို ရစရာမရှိအောင် ရိုက်ချိုးလိုက်တယ်လို့ ဒေါ်မေပြောလို့သိရတယ်.. ဖေဖေ့ကို စိတ်နာပြီး ကြီးကြီးသိရိကို သူ လုံးဝ မဆက်သွယ်တော့တာနေမှာပေါ့"





"ကြီးကြီးကရော.. သူ့ကို မဆက်သွယ်ဘူးလား"

"သူ ဒီမြို့မှာ မရှိတော့မှ ကြီးကြီးကို ဖေဖေက အပြင်ထွက်ခွင့်ပေးတယ်.. ထွက်ခွင့်ရတာနဲ့ သူ ရန်ကုန်ပြန်သွားပြီဆိုတာ သိရတယ်"

"ရန်ကုန်မှာ ကြီးကြီးရဲ့မိတ်ဆွေမရှိတော့ စုံစမ်းခိုင်းရခက်တာပေါ့.. ဒါနဲ့ တစ်နေ့ ဒီမြို့က သူငယ်ချင်း ရန်ကုန်သွားတုန်း စုံစမ်းခိုင်းတော့ အလုပ်က ထွက်သွားတယ်ဆိုတာပဲ သိလိုက်ရတယ်"

"ဘာလို့ အဲ့လိုလုပ်လိုက်တာလဲမသိဘူးနော်"

"ကြီးကြီး သူ့ကို မဆက်သွယ်နိုင်အောင် ခြေရာဖျောက်လိုက်တဲ့သဘောနေမှာပေါ့"

"ဒါဆို ဘိုးဘိုးတို့ကို သူ စိတ်နာသွားလို့ နေမှာပေါ့"

"ဟုတ်မှာပေါ့ကွယ်"

"ကြီးကြီးမာလာကရော သူ ကြိုက်တာတိုယူတာလား"

"ဘယ်ဟုတ်မလဲကွယ်၊ ဖေဖေသဘောတူတဲ့လူကို ယူရတာ"

"အဲဒီလူကို ကြီးကြီးမာလာက မချစ်ဘူးလား"

"မချစ်ပါဘူး"

"ဟုတ်လား.. ဒါဆို ကြီးကြီးမာလာလဲ သနားပါတယ်နော်"

"သူက ချစ်သူမထားခဲ့တော့ ဖေဖေ့ပေးစားတဲ့လူနဲ့ အဆင်ပြေပါတယ်.. ဒါပေမဲ့ လောကကြီးမှာ သူ အချစ်ဆုံးက လေးလေး ငယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးသီရိက နောက်ထပ်ချစ်သူ မထားဘူးလား"

"ဟင့်အင်း.. ကြီးကြီးက တစ်သက်မှာ တစ်ယောက်ကိုပဲ ချစ်တာလေ.. ဒါကြောင့် ဖေဖေတို့အိမ်ထောင်ချပေးတဲ့လူကို ကောင်းကောင်းကြီး ဆန့်ကျင်ဖစ်လိုက်တယ်"

"အဲဒီတော့ ဘိုးဘိုးက စိတ်မဆိုးဘူးလား"

"စိတ်ဆိုးတာပေါ့.. ကြီးကြီးကို အမျိုးမျိုးဒဏ်ပေးတယ်.. ဝရှုမစိုက်ဘဲ နေလိုက်တယ်"

"ကြီးကြီးက စိတ်ပျော့ပေမဲ့ အဲလိုနေရာမှာ ဇွဲရှိသားပဲနော်"

"ဒါတင်ဘယ်ကမလဲ.. ယောကျ်ားပေးစားရင် သတ်သေပစ်လိုက်မယ်ဆိုလို့ မပေးစားကြတော့တာလေ"

"ဟုတ်လား.. ကြီးကြီးသီရိက အချစ်နဲ့ပတ်သက်ရင် တော်တော်သတ္တိရှိတာပဲ"

သက်နှင်းဝေက ဒေါ်သီရိနွယ်ကို မျက်ဝန်းတောက်တောက်လေးနှင့်ကြည့်သည်။ ဒေါ်သီရိနွယ်ရဲ့မျက်နှာ သိပ်ကို ညိုးနွမ်းနေတာတွေ့ပြီး သူ့အကြည့်တွေလည်း ညိုးကျသွားသည်။

"ကြီးကြီးရဲ့ ချစ်သူဓာတ်ပုံရှိလားဟင်"

"ရှိတာပေါ့.. မမတို့တွေ့မှာစိုးပြီး ဖွက်ထားရတယ်"

"နှင်းဝေကိုပြပါလား"

"ပြရမှာပေါ့ကွယ်"





ဒေါ်သီရိနွယ်က ကုလားထိုင်ကနေ သွက်လက်စွာထပြီး သူ့ရဲ့ အဝတ်ဗီရိုကိုဖွင့်သည်။ အကျီထပ်ရဲ့အောက်ဆုံးက စာအိတ်တစ်အိတ်ကို ထုတ်လိုက်သည်။

စာအိတ်ကို သက်နှင်းဝေအနားသို့ ယူလာပြီး စာအိတ်ထဲက ဟောင်းနွမ်းနေသော ဓာတ်ပုံကိုထုတ်လိုက်သည်။ တုန်ယင်နေသော လက်နှင့် ဓာတ်ပုံကို ပြသည်။

"အဲဒါ ကြီးကြီးနဲ့ သူ ချစ်သူစဖြစ်တဲ့နေ့က တွဲရိုက်ထားတဲ့ပုံလေ"

သက်နှင်းဝေက ဓာတ်ပုံကိုယူပြီး စိတ်ဝင်စားစွာနှင့် ကြည့်လိုက်သည်။ ဓာတ်ပုံဟောင်းနွမ်းနေသော်လည်း ဆေးသားတွေက ကောင်းပြီး မျက်နှာတွေကို ပီပီပြင်ပြင် မြင်ရသေးသည်။

"ကြီးကြီးငယ်ငယ်က တော်တော်ချောတယ်နော်"

"အင်း"

သက်နှင်းဝေက ဒေါ်သီရိနွယ်ရဲ့ မျက်နှာကို သေသေချာချာကြည့်ပြီး ပြောကာ သူ့အကြည့်ကို ဘေးဘီသို့ ရွှေ့လျားလိုက်သည်။

"ဟင်"

ဓာတ်ပုံထဲကလူသည် ငယ်ရွယ်ချောမွေ့နေသော်လည်း ထိုရုပ်ရည်ကို သက်နှင်းဝေက သေသေချာချာမှတ်မိသည်။

"ကြီးကြီးသီရိ.. သူက ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်. . နှင်းဝေကိုကြည့်ရတာ အထိတ်တလန့်
ပဲ"

"သူ့ကိုသိတယ်. . သူက နှင်းဝေကိုသိပ်ချစ်တဲ့ ဘဘသော်
တာလေ"

"ဟင်. . သူ့ကို နှင်းဝေလေးသိတယ်"

"ဟုတ်တယ်. . နှင်းဝေကို ဖေဖေနဲ့အတူတူပြုစုပျိုးထောင်
းထားတဲ့ ဘဘသော်တာပေါ့"

"ဟုတ်လား. . သူရော အခု အသက်ရှင်လျက်ရှိသေးတာ
းပါ့နော်"

"ရှိတာပေါ့ ကြီးကြီးသီရိရယ်. . ဘဘသော်တာရဲ့ အစ်မ
အြီးကြီးမြင့်တ ဆုံးသွားပြီ. . နှင်းဝေဒီကိုထွက်လာတော့ ဘဘခမျာ
အထီးကျန်တစ်ယောက်တည်းဖြစ်နေခဲ့ရှာရတာ"

"ဟုတ်လား. . သူလဲပဲ အိမ်ထောင်မပြုဘူးကိုး"

"ဘဘကို ဘာလို့ မိန်းမမယူတာလဲလို့ နှင်းဝေကမေးတော့
သူ့ဘဝမှာ သိပ်ချစ်တဲ့ မိန်းမတစ်ယောက်နဲ့ မဆုံစည်းခဲ့ဖူးတဲ့ အဲဒီ
နေရာမှာ ဘယ်သူ့ကိုမှလဲ အစားမထိုးနိုင်ဘူးလို့ပြောတယ်"

"ဟုတ်လား. . သူ ဒီလိုပဲပြောလား"

"ပြောပါတယ်. . သူက ကြီးကြီးသီရိနေရာမှာ ဘယ်သူ့ကိုမှ
အစားမထိုးခဲ့တာ ထင်ရှားနေတာပဲ"





"ကြီးကြီးကလဲ အဲဒီအတိုင်းပါပဲဆိုတာ သူ့ကို သိစေချင်
လိုက်တာ"

"ဘိုးဘိုးမရှိတော့ဘူး. . ကြီးကြီးသီရိနဲ့ ဘဘပေါင်းဆုံလို့
ရပြီနော်"

"ကလေးရယ်. . အသက်တွေကြီးကုန်ပါပြီ. . ဒီကိစ္စတွေက
မဖြစ်နိုင်တော့ပါဘူး"

"အသက်ကြီးကုန်ပေမဲ့ ကြီးကြီးတို့က သိပ်ချစ်ကြတဲ့ ချစ်
သူတွေလေ. . ပြီးတော့ နှစ်ယောက်စလုံးက လွတ်လွတ်လပ်လပ်တွေ
ပဲဟာ"

"မလုပ်ပါနဲ့တူမကြီးရယ်. . အသက်ကြီးမှ ဝက်သက်ပေါက်
တယ်ဆိုပြီး ကြီးကြီးကို နှစ်ပြားမတန်အောင်ပြောလိမ့်မယ်"

"တစ်ခါမှ မပေါက်ဖူးလို့ ပေါက်တာပဲ ကြီးကြီးသီရိရယ်. .
အပြစ်ပြောလို့မရပါဘူး"

ဒေါ်သီရိကြွယ်ရဲ့ မျက်နှာဝယ် ရှက်ပြုံးလေးတွေ လွှမ်းနေ
ပါတော့သည်။

"ကြီးကြီးသီရိဘဘဆီစာရေးလိုက်ပါလားဟင်"

"ဘာကိုရေးရမှာလဲ ရှက်စရာကွယ်"

"ကြီးကြီးသီရိ ခုချိန်အထိ လွတ်လွတ်လပ်လပ်ပဲဆိုတာ ရေး
လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရေးချင်ပါဘူးကွယ်. . ဒီလိုအခြေအနေနဲ့ ကြီးကြီးသီရိ နှစ်ပေါင်းနှစ်ဆယ်မကျော်နေခဲ့ရလို့ နေသားကျနေပါပြီကွယ်"

"အသက်ငါးဆယ်ဆိုတာ မကြီးသေးပါဘူး. . ကြီးကြီးသီရိရယ်"

"ဒီအရွယ်က တရားကိုဖက်ရတော့မှာပါ"

"တစ်သက်လုံး အထီးကျန်နေခဲ့ရတာ ဘဝရဲ့ ကျန်တဲ့ အစိတ်အပိုင်းမှာ တရားလဲလုပ်. . စိတ်ချမ်းသာအောင်လဲ နေသွားပေါ့ ကြီးကြီးသီရိရယ်"

"မသင့်တော်တော့ပါဘူးကွယ်"

"ဘာလို့ မသင့်တော်ရမှာလဲ ကြီးကြီးသီရိရဲ့. . လူငယ်လို ချစ်ခဲ့တဲ့ အချစ်မျိုးနဲ့ မဟုတ်ဘဲ တစ်ဦးကိုတစ်ဦး မြင့်မြတ်တဲ့ မေတ္တာတရားတွေနဲ့ အဖော်ပြုသွားပေါ့. . အသက်ကြီးရင် ဆေးပေးမီးယူဆိုတဲ့ စကားကို ကြီးကြီးသီရိက လက်တွေ့ အသုံးချလိုက်ပေါ့"

"ကြီးကြီးရဲ့ တူမကြီးက လူတစ်ဖက်သားကို စိတ်ချမ်းသာအောင် သိပ်ပြောတတ်တာပဲနော်"

"ကြီးကြီးသီရိလို စက်ရုပ်ကြီးလို လှုပ်ရှားနေရတဲ့ ဘဝထဲ နှင်းဝေက အသက်သွင်းပေးချင်တာပါ"

"အင်း. . မမကြီးကြားရင် တူမကြီးကောင်းကောင်းအဆူခံရမှာပဲ"





"သူမသိအောင် နှင်းဝေနဲ့ ကြီးကြီး တိတ်တိတ်ကလေးတိုင်ပင်ကြမယ်လေ"

"ရှိပါစေတော့ကွယ်"

"ဘဘကို မသနားတော့ဘူးလား. . ခုဆို ဘဘက တစ်ယောက်တည်း နေထိုင်မကောင်းရင်တောင် ကြည့်မယ့်သူမရှိဘူး"

"ချက်ပြုတ်တော့ရော"

"သူ့ဘာသာပဲပေါ့"

"အင်းလေ. . အဲဒီလိုကြားတော့လဲ စိတ်မကောင်းလိုက်တာ"

"စိတ်မကောင်းရင် ဘဘပျော်ရွှင်ဖို့ အဆင်ပြေဖို့ နည်းလမ်းကို ကြီးကြီးသီရိရှာပေါ့"

"ဘယ်လိုရှာရမှာလဲ"

"ပြောပြီးပြီလေ ကြီးကြီးရဲ့. . တစ်ယောက်ကိုတစ်ယောက် အဖော်လုပ်ပေါ့. . ဘုရားသွား ကျောင်းတက်လဲ အဖော်ရတာပေါ့"

"တူမကြီးကတော့ ကြီးတော်ကို အတင်းယောက်ျားယူခိုင်းနေပြန်ပြီ"

"ကြီးကြီးရယ်. . အချစ်အတွက် စွန့်စားလိုက်ပါ. . အချစ်မှာ အသက်ကြီးတယ် ငယ်တယ်ဆိုတာ မရှိပါဘူး. . အချစ်ဆိုတာ အမြဲပျိုမျစ်လန်းဆန်းနေတာပါ"

"ကြီးကြီး သူ့ကို စာရေးရမှာရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးရှုတ်ရင် နှင်းဝေ ဘဘဆီ စာရေးပေးမယ်လေ"

"ရေးချင် ရေးလေ"

"ဘဘကို သိပ်ပြီး အံ့ဩဝမ်းသာသွားအောင် လုပ်လိုက်မယ်"

"တဲ့ . . မိုးချုပ်ပြီ . . သွားအိပ်တော့နော်"

"ဟုတ်တဲ့ . . ကြီးကြီးလဲ ဘဘအကြောင်းတွေကို ပြန်ပြီး တွေးပြီး ပျော်ပျော်ကြီးအိပ်လိုက်နော်"

"အို . . ဒီကလေး"

သက်နှင်းဝေရဲ့ကျောကို မနာအောင် လှမ်းပုတ်လိုက်ရင်း ဒေါ်သီရိနွယ်က ရှက်ပြုံးတွေပြုံးရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါတော့သည်။

◆◆◆





(၁၅)

သက်နှင်းဝေက အခန်းပြန်ပြီး မအိပ်သေးဘဲ ဒေါ်သီရိနွယ်ရဲ့ ကီစွတ်ကို လက်ငင်းအကောင်အထည်ဖော်လိုက်သည်။

ဦးသော်တာထံသို့ ရှည်လျားသော စာတစ်စောင်ကို ရေးလိုက်သည်။ ဦးသော်တာသိပ်ချစ်ခဲ့သော မိန်းမတစ်ယောက်သည် သူ့ရဲ့အဒေါ်အရင်းဆိုတာကို ဝမ်းသာအားရစွာ ရေးလိုက်သည်။

"ဘဘသော်တာ သိပ်ချစ်တဲ့ သူက နှင်းဝေရဲ့ ကြီးကြီးသီရိဖြစ်နေတာကို သိပ်ဝမ်းသာတာပဲ . .

"နှင်းဝေ ငယ်ငယ်ကတည်းက သွေးသားရင်းလို ချစ်ခင်တွယ်တာခဲ့ရတဲ့ ဘဘကို အမျိုးတော်ရတော့မှာမို့ နှင်းဝေလောက်ပျော်တဲ့သူရှိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးသော်တာနှင့် ဒေါ်သီရိနွယ်က ဘယ်လိုဆုံးဖြတ်မှာမသိသေးဘဲ သတ်နှင်းဝေက အတင်းကြီးကို ဆွေမျိုးတော်နေပါတော့သည်။

စာရေးပြီး စာအိတ်မှာ လိပ်စာတပ်ပြီး ထားလိုက်သည်။ မနက်ဈေးသွားရင်းနှင့် စာကို မှတ်ပုံတင်ပြီး ထည့်လိုက်ရန် စိတ်ကူးသည်။

သက်နှင်းဝေအိပ်ရာဝင်ချိန်က အတော်လေး ညဉ့်နက်နေပြီဖြစ်သည်။ ညက မိုးချုပ်မှ အိပ်ဖြစ်သော်လည်း မနက်စောစောထသည်။

သူ့ရဲ့ လုပ်နေကျအလုပ်ဝတ္တရားတွေ မပျက်ကွက်အောင်လုပ်ပြီးမှ ဈေးသွားသည်။ ယခုတလော လေးလေးငယ်က မောသည်ဆိုပြီး စာမသင်တာကြောင့် အလုပ်တစ်ခုသက်သာနေသည်။

စာတိုက်သို့ဝင်ပြီး စာထည့်စဉ် မတွေ့ချင် မဆုံချင်သော ကျော်ကျော်လင်းနှင့်ဆုံသည်။ စာတိုက်ထဲက သက်နှင်းဝေထွက်လာသည်ကိုမြင်ပြီး ကျော်ကျော်လင်းက စိတ်ဝင်တစားမေးသည်။

"သက်နှင်းဝေ ဘာလာလုပ်တာလဲ"

"စာတိုက်လာတာ. . စာလာထည့်တာပေါ့ရှင်"

"ဘယ်သူ့ဆီလဲ"

"ဟာ. . ကိုကျော်ကျော်လင်းက သူများအကြောင်း တော်တော်စပ်စုချင်တာပဲနော်"





လူ့ယဉ်ကျေးတစ်ယောက်ရဲ့ အမူအကျင့်ကို ရုတ်တရက်မေ့ပြီး မေးလိုက်မိသည့် သူ့အဖြစ်အတွက် ကျော်ကျော်လင်းက ရှက်သွားသည်။ မျက်နှာကြီးရဲသွားပြီးမှ သက်နှင်းဝေကို အားတုံ့အားနာနှင့် ပြန်ဖြေရှင်းသည်။

"စပ်စုတာမဟုတ်ပါဘူး. . သက်နှင်းဝေရယ်. . ကိုယ့်ရင်ထဲမှာ စိုးရိမ်သွားလို့ပါ"

"ဘာတိုစိုးရိမ်တာလဲ"

"စာထည့်တယ်ဆိုတော့ သက်နှင်းဝေရဲ့ စပါယ်ရှယ်လူတစ်ယောက်များလားလို့ပါ"

"မဟုတ်ပါဘူး. . ဘကြီးဆီပါ"

ထိုသို့စကားကိုကြားရပြီး ကျော်ကျော်လင်းရဲ့မျက်နှာက အားတက်သရောဝင်းကြည်သွားသည်။ သက်နှင်းဝေက လိမ်ညာမပြောလိုက်မိသည့်အတွက် နောင်တရသွားသည်။

"ငါ့မှာ ရည်းစားရှိတယ်လို့ ပြောလိုက်ရင် ကျော်ကျော်လင်းဆိုတဲ့ တောကြီးရှင်းသွားမှာကို ငါ ကြိုတွေးလိုက်မိဖို့ ကောင်းတာ"

"တော်ပါသေးရဲ့ သက်နှင်းဝေရယ်. . တစ်ယောက်ယောက်သက်နှင်းဝေကို လက်ဦးသွားပြီလားဆိုပြီး စိုးရိမ်လိုက်ရတာ"

"ရှင့်မှာလဲ ဒါပဲ"

သက်နှင်းဝေက မျက်စောင်းလေးချိတ်ပြီး ပြောတာ ထွက်လာခဲ့သည်။



www.burmeseclassic.com

"သက်နှင်းဝေကိုယ့်မှာ ကားပါတယ်. . လိုက်ပို့ပေးမယ်လေ"

"ရပါတယ်. . ကျွန်မဈေးဝယ်ဦးမှာ"

ကျော်ကျော်လင်းကို ခပ်သွက်သွက်ပင် နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

ဈေးကထွက်လာတော့ လမ်းမှာ ကျော်ကျော်လင်းကိုများ တွေ့ဦးမှာလားလို့ တွေးမိသည်။ ကျော်ကျော်လင်းရှိမနေ၍ စိတ်သက်သာစွာနှင့် အိမ်ကိုပြန်လာခဲ့သည်။

❀

သူပြန်ရောက်ချိန်မှာ ဒေါ်သီရိနွယ်က ဆိုင်သွားပြီမို့ စာထည့်လိုက်ကြောင်းကို မပြောရသေးပါ။ ဒေါ်မာလာကြွယ်က ဆိုင်ကိုနောက်ကျမှ သွားသလို တစ်ခါတစ်ရံ လုံးဝမသွားသည့်အခါလည်းရှိသည်။

သက်နှင်းဝေက လှေကားကိုတက်လိုက်စဉ် ခပ်သုတ်သုတ်ဆင်းလာသော ဒေါ်မာလာကြွယ်ကိုတွေ့ရသည်။

"သက်နှင်းဝေရယ်. . ညည်းကလဲ ဈေးသွားတာကြာလိုက်တာ"





အရေးတကြီးနိုင်နေသော ဒေါ်မာလာကြွယ်ကိုကြည့်ပြီး သက်နှင်းဝေက ခပ်သွက်သွက်မေးသည်။

"ဘာဖြစ်လို့လဲ ကြီးကြီးမာလာ"

"သမီးလေးမှူးလို့တဲ့. . မောင်သူရိန်ကို ဖုန်းဆက်လိုက်စမ်း"

"ဟုတ်ကဲ့"

တယ်လီဖုန်းရှိရာသို့ သက်နှင်းဝေက ခပ်သွက်သွက်ပြေးဆင်းပြီး ကျော်သူရိန်ထံသို့ ဖုန်းဆက်လိုက်သည်။ တစ်ဖက်က တယ်လီဖုန်းကိုင်လိုက်သူက ကျော်သူရိန်ကိုယ်တိုင်ပါ။

"ဘာဖြစ်လို့လဲ သက်နှင်းဝေ"

"လေးငယ် မူးလို့တဲ့"

"တော်သေးတာပေါ့. . ကိုယ် အခုပဲထွက်တော့မလို့"

"ကိုကျော်သူရိန် မြန်မြန်လာခဲ့ပါနော်"

"အခုပဲလာခဲ့မယ်"

သက်နှင်းဝေက တယ်လီဖုန်းဆက်ပြီး အပေါ်ထပ်ကို မြန်မြန်ပြန်တက်ခဲ့သည်။

"ဘာပြောလဲ"

"ခုပဲ ထွက်လာပါပြီ"

"အိပ်ရာခင်းတွေဖြန့်လိုက်ဦး"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"



www.burmeseclassic.com

www.burmeseclassic.com



လေးငယ်ခုတင်ပေါ်က စောင်တွေကို ခေါက်ပြီး အိပ်ရာကို သပ်ရပ်အောင် ဖြန့်လိုက်သည်။ ဒေါ်မာလာကြွယ်က လေးလေးငယ်ကို မှူးဆေးတောင့်ရှူပေးနေသည်။

ခဏအကြာမှာ ကျော်သူရိန်ရောက်လာသည်။ နံ့သာမြိုင်နှင့် အလွန်ရင်းနှီးနေသူမို့ တကူးတက သူ့ကိုထွက်ကြိုစရာမလိုပါ။

လေးလေးငယ်ရဲ့အခန်းထဲသို့ ကျော်သူရိန်က ဝင်လာသည်။

"လေးငယ် သိပ်မူးနေလား"

ခုတင်အနားသို့ မရောက်ခင်ကပဲ လှမ်းမေးသည်။

"တော်တော်မူးတယ်လို့ပြောတယ်"

ဒေါ်မာလာကြွယ်က ဖြေလိုက်သည်။ ကျော်သူရိန်က သွေးပေါင်ချိန်ကိုတိုင်း၊ ရင်ဘတ်ကို နားကြပ်နှင့် နားထောင်လိုက်သည်။

"ကျွန်တော်ပေးတဲ့ အားဆေးတွေသောက်ရဲ့လား"

"သောက်ပါတယ်"

သက်နှင်းဝေက အမြဲပင် လေးလေးငယ်ကို ဆေးတိုက်သူမို့ ဝင်ဖြေလိုက်သည်။

"ဆေးသောက်လျက်နဲ့ သွေးပေါင်ချိန်အရမ်းကျတာ အစာမစားလို့ထင်တယ်"

"အစားကတော့ သိပ်ပြီးမစားဘူး"

"ခက်တာပဲ. . လေးလေးငယ်က ကလေးကျနေတာပဲ. . အားရှိတဲ့ အစားအစာဆို သိပ်ချေးများတယ်"

ကျော်သူရိန်က တရုတ်ဆေးဝါသနှင့်ပြောပြီး အမူးသက်သာစေရန် ဆေးတိုက်သည်။

"ခဏအိပ်လိုက်. . လေးငယ် သက်သာသွားလိမ့်မယ်. . နိုးရင် အစားစားရမယ်နော်"

"အင်း"

လေးလေးငယ်က ခေါင်းညိတ်လိုက်သည်။ ကျော်သူရိန်က ဒေါ်မာလာကြွယ်ကို အခန်းပြင်သို့ မျက်နှာရိပ်ပြပြီး ခေါ်သွားသည်။

"သက်နှင်းဝေ. . သမီးအနားမှာ နေလိုက်ဦး"

"ဟုတ်ကဲ့ကြီးကြီး"

အခန်းပြင်သို့ရောက်တော့ ကျော်သူရိန်က ဒေါ်မာလာကြွယ်ကို ပြောသည်။

"လေးငယ်အခြေအနေက မဆုတ်ယုတ်ပါဘူး ကြီးကြီး. . ဒါပေမဲ့ သူ့ကို ရန်ကုန်သွားစေချင်တယ်"

"ဘာဖြစ်လို့လဲကွယ်"

"အခု လောလောဆယ်မဟုတ်ပါဘူး. . လေးငယ်ကျန်းမာ ကြံ့ခိုင်လာအောင် ကျွန်တော်ကုပေးပါဦးမယ်. . ပြီးမှ ရန်ကုန်သွားပြီး နှလုံးအတွက် ပါရဂူကြီးနဲ့ တွေ့စေချင်လို့"

"မသွားရင် မရဘူးလားကွယ်"







www.burmeseclassic.com

www.burmeseclassic.com



"လေးငယ်တစ်သတ်လုံး ကျန်းမာပြီး ကြီးကြီးတို့စိတ်ချမ်းသာနေရေးအတွက် သွားသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်"

"မောင်သူရိန်က သွားခိုင်းရင် သွားရမှာပေါ့ကွယ်"

"ကောင်းပါပြီ. . ကြီးကြီးသွားသင့်တဲ့အချိန်ကျရင် ကျွန်တော်ပြောပါ့မယ်"

"အေးပါကွယ်"

"အခုလေးငယ်က သွေးအားနည်းတာကလွဲရင် ဘာမှစိုးရိမ်စရာမရှိပါဘူး"

"အဲ့လိုပဲကြားချင်ပါတယ်ကွယ်"

သက်နှင်းဝေက ဒေါ်မာလာကြွယ်နှင့် ကျော်သူရိန်တို့ လေးလေးငယ်ရဲ့အကြောင်းကို ပြောနေသည်ဆိုတာကိုသိ၍ သူလည်းသိချင်နေသည်။

ခဏကြာပြီးမှ ဒေါ်မာလာကြွယ်အခန်းထဲကို ပြန်ဝင်လာသည်။ လေးလေးငယ်လည်း အိပ်ပျော်နေသည်။

"သက်နှင်းဝေ လုပ်စရာရှိတာသွားလုပ်. . လိုရင် ခေါ်လိုက်မယ်"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

လေးလေးငယ်ရဲ့ ကျန်းမာရေးအခြေအနေကို မေးချင်သော်လည်း ဒေါ်မာလာကြွယ်က ပြောလိုစိတ်မရှိသည်ကို တွေ့ရ၍ မမေးရဲ၍ မမေးတော့ပါ။





မီးဖိုထဲလုပ်ကိုင်စရာရှိသည်များကို လုပ်ကိုင်ပေးပြီး ဧည့်ခန်းကို ရှင်းလင်းလိုက်သည်။ ဒေါ်မာလာကြွယ်က လေးလေးငယ်နိုးလာသည့်အခါ ထမင်းကျွေးခိုင်း၍ ပြင်ဆင်ခူးခပ်ပြီး အခန်းကို ယူသွားကျွေးသည်။

"ညီမလေး. . ထမင်းစားချင်စိတ်ရှိအောင် မမနှင်းဝေ ကြက်သားသုပ်ထားတယ်. . စားကြည့်ပါလား"

"ဟုတ်ကဲ့. . မမနှင်းဝေ"

သက်နှင်းဝေက ချော့မော့ကျွေးတော့ လေးလေးငယ်က ထမင်းကို ကုန်အောင်စားသည်။

"လေးငယ် အစားမစားရင် ကိုကျော်သူရိန်က မကြိုက်ဘူး. . ဒါကြောင့် ကောင်းကောင်းစားပါကွယ်"

"သူက အဲ့လိုပြောသွားလား"

"ပြောသွားတယ်လေ"

"မျက်နှာလေး ပြည့်ပြည့်ဖြိုးဖြိုးနဲ့မှ ပိုပြီး လှပြီး ခွဲမက်စရာကောင်းမှာ လေးငယ်ရဲ့"

"အဲ့လိုလှလာရင် ကိုကိုသူရိန်က ပိုပြီး စိတ်ဝင်စားလာမယ်ထင်တယ်"

"အင်း. . စိတ်ဝင်စားမှာပေါ့"

"ဒါဆို လေးငယ်မစားချင်လဲ ကြိုးစားပြီး စားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တွက်တာပေါ့"

လေးလေးငယ်ရဲ့ အကြိုက်ကို လိုက်လျောပြောဆိုပြီး ထမင်းတို့ ကျွေးသည်။ စားသောက်ပြီး လေးလေးငယ်က အခန်းထဲမှာပဲ အညောင်းပြေခဏလျှောက်ပြီး အိပ်ရာပေါ် ပြန်ရောက်သွားသည်။

"လေးငယ်အရမ်းအိပ်ချင်သေးတယ်၊ အိပ်လိုက်ဦးမယ်နော်"

"အိပ်လေ. . မမနှင်းဝေစောင့်နေမယ်"

လေးလေးငယ်က ပြန်အိပ်ပျော်သွားသည်။ သက်နှင်းဝေက စိတ်အလွန်ရှုပ်သော ကျော်သူရိန်ရဲ့ အကြောင်းကိုတွေးနေသည်။

ကျော်သူရိန်ကိုကြည့်ရသည်မှာ လေးလေးငယ်အပေါ် လို အပ်သည်ထက်ပိုပြီး အလေးထားနေသည်လို့ထင်သည်။

"သူ ဒီလိုဆက်ဆံနေသော လေးငယ်ကိုချစ်နေလို့လား"

"အဲ့လိုချစ်နေတာဆိုရင် သိပ်ကောင်းမှာပဲ. . လေးငယ်လေး အရမ်းဝမ်းသာသွားမှာ"

နောက်ဆုံးမေးခွန်းက တွေးထင်မထားဘဲ သူ့ကိုယ်သူမေးမိသည်။ ထိုသို့ မေးမိစဉ်ခိုက်မှာပဲ သူ့နှလုံးသားတွေက နာကျင်သလိုဖြစ်သွားသည်။

"ဘာဖြစ်လို့ ကိုကျော်သူရိန်ကို ဆုံးရှုံးရမှာကို ငါ ဝမ်းနည်းသလိုဖြစ်သွားရတာလဲ"

"သူ့ကို ငါ ချစ်မိနေပြီလား"





"ရင်ထဲမှာ အထိတ်တလန့်ဖြစ်သွားသည်။

"ဟင့်အင်း. . ငါ ဒီလိုမတွေးရဘူး. . ဒီလိုစိတ်ထားတွေလဲ မထားရဘူး. . လေးငယ်စိတ်ဆင်းရဲအောင် ငါ တွေးမိတာကိုက ယုတ်ညံ့လွန်းသလိုဖြစ်နေပြီ"

"ကိုကျော်သူရိန်ဆိုတာ ငါ့အတွက် မစားကောင်းတဲ့ အသီးလို့ သဘောထားရမယ်"

ထွေပြားသွားသော သူ့ရဲ့စိတ်ကို ဆုံးမပြီး တည်ငြိမ်အောင် မြှုလုပ်လိုက်သည်။

"လေးငယ်. . ငါ့ကြောင့် ဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်စေရဘူး. . ဒုက္ခလဲ မရောက်စေရဘူး"

သက်နှင်းဝေက ပိုင်နိုင်သော ဆုံးဖြတ်ချက်ကိုချပြီး ရင်ထဲသို့ စိမ့်ပျံ့ဝင်လာသော သံယောဇဉ်တွေကို ခါထုတ်ပစ်လိုက်သည်။

ညနေမှာ ကျော်သူရိန်က လေးလေးငယ်ကို တခေါက်လာကြည့်ပေးသည်။ ပြန်ခါနီးမှာ ကျော်သူရိန်ကသက်နှင်းဝေကို မျက်လုံးနှင့်ပတ်သက်ပြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်နှင်းဝေ. . မြီးခဲ့တဲ့အပတ်လောက်က ကားနဲ့တိုက်မိမယ်လိုဖြစ်တဲ့ မိုးလုံးကို မှတ်မိလား"

"ဟုတ်ကဲ့"

"အဲဒီမိုးလုံးရဲ့ မိဘတွေက ကိုယ့်ကို မြသာနာလုပ်နေကြတယ်"

"ရှင်. . ဘာဖြစ်လို့လဲ"

"ကိုယ့်ကားနဲ့တိုက်မိလို့ သူတို့သား နံရိုးအက်သွားတယ်တဲ့"

"သူ့ဘာသာလဲတာပဲ. . ကားနဲ့တိုက်မိတာမှမဟုတ်ပဲ"

"ဟုတ်တယ်. . ဒါပေမဲ့ သူတို့က ကိုယ့်ကို တရားစွဲတယ်"

"တရားစွဲတယ် ဟုတ်လား"

"ဟုတ်တယ်. . သက်နှင်းဝေ. . ဒါကြောင့် ဟုတ်ဟုတ်မဟုတ်ဟုတ် တရားကို ရင်ဆိုင်ဖြေရှင်းရမယ်"

"အလုပ်ပိုလိုက်တာနော်"

"အလုပ်ပိုတာထက် ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်"

"ဟုတ်တာပေါ့နော်"

"မျက်မြင်သက်သေတစ်ယောက်တော့ရှိတယ်. . သူကလဲ ကိုယ့်ဘက်ကလိုက်ပေးမယ်ပြောတယ်"

"နှင်းဝေလဲ မျက်မြင်သက်သေပါ"

"ဟုတ်ပါတယ်. . ဒါကြောင့် သက်နှင်းဝေ ကိုယ့်ရုံးချိန်းကျရင် လိုက်ပေးဖို့ပြောမလို့ပါ"





"ရပါတယ်. . နှင်းဝေလိုက်ပေးပါ့မယ်"

"ဖေဖေက အတော်လေးမကျေမနပ်ဖြစ်နေတယ်. . ဒီအမှုကို သူမလိုက်ဘူးတဲ့. . သူ့သူငယ်ချင်းနဲ့ လွှဲပေးမယ်"

"ဟုတ်ပါတယ်. . သားအဖချင်းဆိုတော့ ဘက်လိုက်တယ်ဖြစ်နေမှာပေါ့"

"မေမေကလဲ မတရားတာပေါ်စေချင်လို့ ဒီပြင်ရှေ့နေနဲ့ စီစဉ်တာပါ"

ဒေါ်မာလာကြွယ်နှင့် လေးလေးငယ်က သက်နှင်းဝေနှင့် ကျော်သူရိန်တို့ပြောဆိုနေကြသည်ကို နားထောင်နေသည်။ ပြီးမှ ဒေါ်မာလာကြွယ်က မေးသည်။

"ရုံးချိန်းက ဘယ်တော့လဲ"

"ရှေ့အပတ်ထဲမှာပါ. . သက်နှင်းဝေကို အဲဒီနေ့ကျရင် ရုံးကို လိုက်ခဲ့ပေးဖို့ ကြီးကြီးမာလာခွင့်ပြုပေးပါ"

"ရပါတယ်ကွယ်. . ကူညီရမှာပေါ့"

ကျော်သူရိန်က ခဏစကားပြောဆိုပြီး ပြန်သွားသည်။ သက်နှင်းဝေက မတရားစွပ်စွဲခံရသည့်အတွက် ကျော်သူရိန်အတွက် စိတ်မကောင်းဖြစ်နေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ညအချိန်မှာ လေးလေးငယ်ရဲ့အခန်းထဲတွင် သက်နှင်းဝေနှင့် လေးလေးငယ်နှစ်ယောက်ရှိနေသည်။ ထိုအချိန်မှာ လေးလေးငယ်က ပြောသည်။

"ကိုကိုသူရိန် မိုးလုံးကို တိုက်မိမလိုဖြစ်တုန်းက ကားထဲမှာ လေးငယ်ပါရင် သိပ်ကောင်းမှာပဲနော်"

"ဘာဖြစ်လို့လဲ လေးငယ်"

"ကိုကိုသူရိန်ဘက်က သက်သေလိုက်ပေးပြီး ကိုကိုသူရိန်ကို ကူညီချင်လို့ပေါ့"

"ရုံးတွေဘာတွေကို လိုက်ရရင် လေးငယ်ပင်ပန်းမှာပေါ့"

"ပင်ပန်းလဲ ဘာဖြစ်လဲ. . မမနှင်းဝေရယ်. . ကိုကိုသူရိန် အတွက် လုပ်ပေးရတာပဲ"





"အဲ့လိုရုံးကို လိုက်ပေးမှမဟုတ်ပါဘူးကွယ်. . ကိုကျော်သူရိန်ကို တခြားနည်းတွေနဲ့ လေးငယ်ကူညီနိုင်တာပဲ"

"ဘယ်လိုကူညီနိုင်တာလဲဟင်"

"ကိုကျော်သူရိန်က လေးငယ်နေကောင်းအောင် ကုပေးနေတယ်မဟုတ်လား"

"အင်းလေ"

"အဲ့လိုကုတဲ့အခါ လူနာကို နေကောင်းစေချင်တဲ့စေတနာနဲ့ ပင်ပန်းခံကုပေးတာ"

"အဲ့ဒီတော့ ဘာဖြစ်လဲ"

"လေးငယ်က နေကောင်းရင် သူ ဝမ်းသာမှာပေါ့. . သူ ကုသပေးတာ အောင်မြင်တယ်ဆိုပြီး ဝမ်းသာလာရတာပေါ့. . သူလဲ ပင်ပန်းရကျိုးနပ်မှာပေါ့"

"ဟုတ်လား"

"ဟုတ်တယ်. . ဒါကြောင့် လေးငယ်က နေကောင်းအောင် ကြိုးစားတာ. . သူ့ကို ကူညီရာရောက်တာပေါ့"

"အင်း. . ဟုတ်တယ်နော်"

"ဟုတ်တာပေါ့. . ညီမလေးရယ်"

"ဒါဆို လေးငယ်နေကောင်းအောင် ကြိုးစားမယ်. . မမနှင်း ဆေးတလဲ လေးငယ်စားကောင်းအောင် ချက်ကျွေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေးမှာပေါ့တွယ်"

လေးလေးငယ်ကို စိတ်ခေါက်စစ်ဆင့်ရေးတစ်ခုလှမ်းလိုက်သည်မှာ အောင်မြင်သွားပြီမို့ သက်နှင်းတွေတော့ တွေနပ်သွားသည်။

"ကဲ . . ခုချက်ချင်းလက်တွေ့ အကြောင်းအထည်ဖော်မယ်"

"ဘာကိုဖော်မှာလဲဟင်"

"ကွတ်ကာအုပ်ဖျော်ပေးမယ် . . ဆေးနဲ့အတူသောက်ရမယ်"

"အဲဒါ . . မကြိုက်ဘူးလေ"

"ကြည့် . . ချက်ချင်းပဲ ဗွေဖောက်ပြီ . . နေကောင်းအောင်လုပ်မယ်ဆို"

"ဘွာတေးဘွာတေးသောက်မယ်"

"မကြိုက်လဲ နှာခေါင်းပိတ်ပြီး ဆေးအဖြစ် မျိုချလိုက်ပေါ့"

"ဟုတ်ကဲ့ပါ . . မမဆရာမရယ်"

"နောက်မနေနဲ့ . . ခိုင်းတာလုပ်"

ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ပြီး ဆေးသောက်သည်။

"ကဲ . . အိပ်တော့နော်"

"မအိပ်ချင်သေးဘူး"

"ဒါဆို ဘာလုပ်မှာလဲ"

"စကားပြောမယ်"





"နေ့တိုင်းစကားပြောနေတာပဲ"

"လေးငယ်ရဲ့ ရင်ထဲမှာ ပြောလို့မဝသေးတဲ့ စကားတွေရှိတယ်"

"လုပ်ပြန်ပြီ"

"ဟုတ်တယ် . . ကိုကိုသူရိန်နဲ့ဝတ်သိတ်ရင် ပြောမကုန်တာတွေရှိသေးတယ်"

"တော်ပါတော့ လေးငယ်ရယ် ခေါတ်ပြားဟောင်းကြီးဖွင့်ဦးမလို့ မဟုတ်လား . . အပ်ကြောင်းထပ်ပြီး ခေါတ်ပြားကြီးကွဲသွားမှ ဖွင့်မရဘဲ ရှိနေပါဦးမယ်"

"ကိုကိုသူရိန်ဆိုတဲ့ ခေါတ်ပြားဟောင်းကြီးက ဘယ်တော့မှ ကွဲမှာမဟုတ်ပါဘူး"

"ဘာပြုလို့လဲ"

"မကွဲ မကျိုး မပဲ့အောင် သံမဏိနဲ့ လုပ်ထားလို့ပေါ့"

"တော်တော့်အပြောကောင်းတယ်"

"ကိုကိုသူရိန့်အကြောင်း မပြောရဘူးလား"

"လေးငယ် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာပဲ ပြောဦးမလို့ မဟုတ်လား"

"မဟုတ်ဘူး . . ဒီတစ်ခါ တစ်ဆင့်တက်သွားပြီ"

"ဘာလဲ . . ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"တိုကိုသူရိန်တို့ ချစ်ရွှတင်မကဘူး. . မြန်မြန်ကြီးကို လက်ထပ်ချင်တာ"

"ဗုဒ္ဓေါ. . ရောဂါကလဲ မသေးပါလား"

သက်နှင်းဝေတ ရယ်မောနောက်ပြောင် ပြောလိုက်ပေမဲ့ ရင်ထဲမှာ နင့်တင့်တင့်ကြီးဖြစ်သွားသည်။

"ကဲပါ လေးငယ်ရယ်. . မမနှင်းဝေသိပါတယ်. . ညဥ့်နက်နေပြီ အိမ်တော့နော်. . စောစောအိပ်မှ အားရှိမှာ"

"မမနှင်းဝေကလဲ အဲဒါနဲ့ချည်း ကိုင်အုပ်နေတာပဲ"

"တကယ်ပြောတာပါ လေးငယ်ရယ်"

"ဒါဆို. . တီဗွီဖွင့်ပေး. . မျက်လုံးညောင်းအောင်ကြည့်ပြီးမှအိပ်မယ်"

"ကောင်းပြီ. . ဖွင့်ပေးမယ်"

သက်နှင်းဝေက နားပူသက်သာအောင် တီဗွီဖွင့်ပေးလိုက်သည်။ လေးလေးငယ်က နာရီဝက်လောက်ကြည့်ပြီး အိပ်ပျော်သွားသည်။

လေးလေးငယ်အိပ်ပျော်တော့မှ အခန်းထဲမှ ထွက်ခဲ့သည်။ အခန်းပြင်ဘက်ရောက်တော့ ဒေါ်မာလာကြွယ်က သူ့အခန်းထဲက ထွက်လာသည်နှင့် တိုးသည်။

"သမီးလေး. . အိပ်ပြီလား"





"အိပ်သွားပါပြီ. . ကြီးကြီးမာလာ"

"ဒါဆို. . ကြီးကြီးမာလာရဲ့ အခန်းကို ခဏလိုက်ခဲ့ဦး"

"ဟုတ်ကဲ့"

လုံးဝမဝင်ဖူးသော ဒေါ်မာလာကြွယ်ရဲ့အခန်းကို ပထမဦးဆုံးအကြိမ် သက်နှင်းဝေရောက်ခဲ့ပါသည်။ အခန်းကျယ်ကျယ်မှာ ပစ္စည်းများက သူ့နေရာနှင့်သူ သပ်ရပ်စွာရှိနေသည်။

"ထိုင်ဦး"

သက်နှင်းဝေက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"သမီးလေးရဲ့ ကျန်းမာရေးက စိတ်ပေါ်မှာလဲ အများကြီးမူတည်တယ်ဆိုတာ သက်နှင်းဝေသိထားပါ"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

"သမီးလေးကို စိတ်ချမ်းသာအောင်ထားပါ. . ကျန်းမာဖို့လဲ သက်နှင်းဝေဂရုစိုက်နော်"

"ဟုတ်ကဲ့"

"သမီးလေးက မောင်သူရိန်ကို သိပ်သံယောဇဉ်ရှိတာ တစ်နေ့တော့ မောင်သူရိန်နဲ့လက်ထပ်ရမှာပဲ"

ဒေါ်မာလာကြွယ်က ကျော်သူရိန်နှင့် လေးလေးငယ်တို့ ခမ်းခမ်းနားနား လက်ထပ်ပေးရန် အစီအစဉ်ရှိနေကြောင်း ပြောသည်။

"နှံ့သာမြိုင်ကို အမွေဆက်ခံမယ့် သမီးလေးတို့ သက်နှင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတောင်းဂရုစိုက်ပါ၊ သမီးလေးကို စိတ်ဆင်းရဲအောင် စိတ်ညစ်အောင် မလုပ်မိဖို့လဲ သတိထားပါ"

"ဟုတ်ကဲ့ပါ ကြီးကြီးမေ"

"သမီးလေးမှာ အသက်အန္တရာယ်တော့ မရှိပါဘူးလို့ မောင်သူရိန်ကပြောတယ်၊ ဒါပေမဲ့ ရန်ကုန်မှာသွားပြီး ဆေးစစ်ဆေးချင်တယ်လို့ ပြောတယ်"

"အဲဒါ အရေးကြီးလို့လားဟင်"

"စိတ်ချရအောင်၊ သေချာရအောင်လို့ပြောတယ်"

"ဘယ်တော့သွားရမှာလဲ ကြီးကြီးမာလာ"

"လောလောဆယ်တော့ မတုတ်သေးပါဘူး"

"နှင်းဝေကို စိတ်ချပါ၊ ကြီးကြီးမာလာ ညီမလေးကို မလစ်ဟင်းအောင် ဂရုစိုက်ပါ့"

"ရန်ကုန်သွားရမယ့်အကြောင်း သမီးလေးကို မပြောနဲ့ဦးနော်"

"ဟုတ်ကဲ့ပါ"

"ကဲ၊ ဒါဆို သွားနားတော့"

"ဟုတ်ကဲ့ ကြီးကြီးမာလာ"

ဒေါ်မာလာကြွယ်ရဲ့အခန်းထဲမှ သက်နှင်းဝေပြန်ထွက်ခဲ့သည်။ ဦးသော်တာထံသို့ စာရေးပို့ပြီးသည့်အကြောင်းကို ဒေါ်သီရိနွယ်ကိုပြောရန် ဒေါ်သီရိနွယ်အခန်းသို့ ကူးခဲ့သည်။





အခန်းတံခါးပိတ်ထား၍ တိုးတိုးလေးခေါ်ကြည့်သော်လည်း အတွင်းက ထူးသံကို မကြားရပါ။

"ကြီးကြီးသီရိအိပ်ပျော်သွားပြီထင်တယ်"

သက်နှင်းဝေက သူ့အခန်းကိုပြန်ခဲ့သည်။ ဒေါ်မာလာကြွယ်က နံ့သာမြိုင်၏ မျိုးဆက်အမွေခံမည့်သူသည် ဇေရ်လေးငယ်ဟု အတိအလင်းကြေညာသည်ကို သူ့စိတ်ထဲမှာ လုံးဝ စွမ်းနည်းခြင်းမရှိပါ၊

အမွေပြတ်ကြေညာခဲ့သော သားသမီးက မွေးဖွားလာသောသူသည် နံ့သာမြိုင်ရဲ့ ခံစားခွင့်ကို မရရှိသည်ကို နားလည်သည်။ နံ့သာမြိုင်မှာ ယခုလို ခိုကပ်မှီတွယ်ခွင့်ရသည်ကိုပင် အလွန်ကျေးဇူးတင်နေသည်။

အိမ်ထောင်မကျဖြစ်လျှင်လည်း နံ့သာမြိုင်ရဲ့ မိသားစုကို တစ်သက်လုံး အလုပ်အကျွေးပြုသွားမည်ဟု စိတ်ကူးလိုက်သည်၊

နောက်တစ်နေ့နံနက် လုပ်နေကျအလုပ်တွေကို [illegible] လုပ်နေစဉ် ဒေါ်သီရိနွယ်က ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညတ ကြီးကြီးသီရိကို လာကြည့်သေးတယ်. . ကြီးကြီးအစောကြီး အိပ်သွားတယ်နော်"

"ဟုတ်တယ်. . ခေါင်းနည်းနည်းနောက်လို့ စောစောအိပ်လိုက်တာ"

"ဘာဘဆီကို နှင်းဝေစာရေးလိုက်ပြီသိလား"

"ဟင်. . မြန်လိုက်တာ. . ဘာတွေရေးလိုက်လဲ"

"ကြီးကြီးက ခုထိ အမျိုးကြီးလုပ်ပြီး ဘာဘကို စောင့်နေတုန်းလို့"

"ဟယ်. . ဒီကောင်မလေး လျှောက်ပြီး ရေးတယ်"

ဒေါ်သီရိနွယ်က ဆယ့်ခြောက်နှစ်သမီးလေးလို ရှက်သွေးဖြာသော မျက်နှာနှင့်ရှိနေသည်။

"ဒီတူအရီးနှစ်ယောက် ဘာတွေသဘောကျနေတာလဲ"

ရုတ်တရက် မီးဖိုခန်းဝကနေ ဒေါ်မာလာကြွယ်ရဲ့အသံကို ကြားပြီး နှစ်ယောက်စလုံး ခိုးထုပ်ခိုးထည်နှင့် မိသလိုတုန်သွားသည်။

"ဘာမှမဟုတ်ပါဘူး. . ကြီးကြီးမာလာ"

"သီရိ. . အချိန်မဖြုန်းနဲ့. . စားသောက်ပြီး ဆိုင်ကို မြန်မြန်သွား. . ဒီနေ့ နိုင်ငံခြားသားဧည့်သည်တွေလာမယ်"

"ဟုတ်တဲ့ မမ"

ဒေါ်မာလာကြွယ်က ပြောဆိုပြီး ထွက်သွားသည်။ သိပ်မြီး





အနိုင်ခံရသော ဒေါ်သီရိနွယ်ကို သက်နှင်းဝေက သနားနေသည်။

"ကြီးကြီးမာလာကို ကြီးကြီးသီရိက သိပ်ကြောက်ရတာပဲနော်"

"ဟုတ်တယ်. . ဖေဖေက အကြီးဆုံး ဆိုပြီး သူ့ကို ငယ်ငယ်ကတည်းက နေရာပေးထားတာ. . ပြီးတော့ သူက ကြီးကြီးသီရိနဲ့ မောင်မောင်ထက် အဖေ့ရဲ့စကားကို နားထောင်တယ်လေ"

"ဟုတ်လား"

"ဒါကြောင့် သူက သမီးလိမ္မာဖြစ်ပြီး ဒီနံ့သာမြိုင်ကိုပါ ဖေဖေက သူ့ကို ပေးခဲ့တာ"

"ဒါဆို. . ကြီးကြီးသီရိအတွက်ရော"

"ကြီးကြီးအတွက် အတွင်းပစ္စည်းတချို့တစ်ဝက်ရပါတယ်"

"အဲဒီအတွက် နှင်းဝေဝမ်းသာပါတယ်"

"ကြီးကြီးစိတ်မကောင်းတာ မောင်မောင့်ရဲ့ ဟောဒီသမီးလေးအတွက်. ."

"နှင်းဝေအတွက် ကြီးကြီးစိတ်မကောင်းပါဘူး"

"ဘာအတွက်လဲ. . ကြီးကြီးသီရိရယ်"

"သြော်. . တူမကြီးက နံ့သာမြိုင်ရဲ့ မျိုးဆက်ဖြစ်ပေမဲ့ ဘာခံစားခွင့်ကိုမှ မရလို့ပေါ့"

"အဲဒီအတွက် ဖေဖေလဲ ကျေနပ်ခဲ့တယ်. . နှင်းဝေလဲ ကျေနပ်ပါတယ်. . ကြီးကြီးသီရိစိတ်မကောင်းမဖြစ်ပါနဲ့. . အမွေဆိုတာ ခံစားထိုက်မှ ခံစားခွင့်ရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးက ဒီလိုပဲ ခံယူထားတာလား"

"ဟုတ်ပါတယ် ကြီးကြီးသီရိ"

ဒေါ်သီရိနွယ်ရဲ့ ရင်ထဲမှာ အလွန်မကောင်းပါ။ မောင်မောင်ဇော်ရဲ့ အလွန်စိတ်ထားဖြူစင်သော သမီးလေးကို နံ့သာမြိုင်ရဲ့ ခံစားမှုတချို့တစ်ဝက်ကို ခွဲပေးချင်ပါသည်။

"အင်း. . မမရဲ့သဘောတစ်ခုတည်းမို့ မမစေတနာမပါရင် ငါက ဘာတတ်နိုင်မှာလဲ. . နှင်းဝေလေးကို မမစာနာသနားပါစေလို့ ဆုတောင်းရမှာပဲ"

"နှင်းဝေလေ. . ဒီ နံ့သာမြိုင်မှာ ခိုနားခွင့်ရတာကိုပဲ ဝမ်းသာနေတာ. . ဆွေမျိုးသားချင်းဆိုတာ ငွေနဲ့ဝယ်လို့ရတာမဟုတ်ဘူးလေ"

"အင်း. . စိတ်ထားဖြူစင်နူးညံ့တဲ့ တူမကြီး. . တစ်နေ့တော့ ကံအကြီးအကျယ်ကောင်းဦးမှာပါကွယ်"

"နှင်းဝေက ငွေရေးကြေးရေးနဲ့ပတ်သက်ရင် နေတတ် သုံးတတ်ပါတယ်. . ကြီးကြီးသိရိရယ်"

"ကဲ. . ကြီးကြီးသွားမယ်နော်"

"ဟုတ်ကဲ့"

စေတနာသည် ကံမည်သည်ဆိုသည့်အတိုင်း၊ စိတ်ရင်းစေတနာကောင်းသော သက်နှင်းဝေသည် ဘဝတစ်လျှောက်လုံး ကံကောင်းခြင်းတွေသာ ဖြစ်ပါစေလို့ ဒေါ်သီရိနွယ်က မျှော်လင့်သည်။





သူ ပိုင်ဆိုင်သော ပစ္စည်းတွေကို သူမရှိသည့်နောက်ပိုင်း သက်နှင်းဝေကို လွှဲပေးခဲ့မည်ဟု စိတ်ကူးသည်။

ဒေါ်သီရိနွယ်က ဆိုင်သို့ထွက်သွားသည်။ လေးလေးငယ်အတွက် နံနက်စာကိုယူပြီး အပေါ်ထပ်သို့ သက်နှင်းဝေတက်ခဲ့သည်။

ကျော်သူရိန်က လေးလေးငယ်အခန်းထဲသို့ သက်နှင်းဝေရောက်ပြီး မကြာခင်မှာပဲ ရောက်လာသည်။ လေးလေးငယ်ကို ကြည့်ရှုပေးပြီး ပြန်ခါနီး သက်နှင်းဝေကိုမှာသည်။

"သန်ဘက်ခါ ရုံးချိန်းရှိတယ်. . သက်နှင်းဝေလိုက်ပေးနော်"

"ဟုတ်ကဲ့"

"မနက်ဆယ်နာရီ. . ကိုယ်လာခေါ်မယ်"

"ဟုတ်တဲ့ပါ"

သက်နှင်းဝေ တာဝန်ဝတ္တရားအတိုင်း လေးလေးငယ်ကို ဆေးတိုက်ပြီး အိပ်ရာခင်း ခေါင်းအုံးစွပ်တွေ လဲပေးသည်။ အခန်းသန့်ရှင်းရေးကိုလည်း လုပ်ပေးလိုက်သည်။

◆◆



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

လေးလေးငယ်က အစားကောင်းကောင်းစားပြီး အိပ်လည်း အိပ်သဖြင့် နှစ်ရက်သုံးရက်အတွင်းမှာ ကောင်းလာသည်။ ကျော်သူရိန်က ရုံးချိန်းအတွက် သက်နှင်းဝေကို ဝင်ခေါ်သည့်အခါ ကလေးဆန်စွာပြောဆိုသည်။

"ရုံးကို လေးငယ်လဲ လိုက်မယ်.. ကိုကိုသူရိန်"

"လေးငယ်ရယ်.. နေကောင်းပြီးခါစ ဘယ်လိုက်လို့ရမှာလဲ၊ အပျော်သွားတာမဟုတ်ဘူး.. ပြီးတော့ ရုံးမှာက အခုသွား.. အခုပြန်လို့ရတာမဟုတ်ဘူး.. စောင့်ရဦးမှာ"

"စောင့်ရလဲ ဘာဖြစ်လဲ.. လေးငယ်လိုက်ချင်ပါတယ်ဆို"

"အဲဒီကို မလိုက်နဲ့.. ညနေကျရင် ကိုကိုသူရိန်ကားနဲ့ လိုက်ပို့ပေးမယ်.. ကားလျှောက်စီးကြတာပေါ့"





"အခုလိုက်ချင်တာပါဆို"

"လေးငယ်ရာ.. ကိုယ် အရမ်းစိတ်ရှုပ်နေတယ်.. ဒီနေ့ ရုံးချိန်းက အသားလွတ်ကြီး.. ကိုယ့်ကို ဒုက္ခပေးတယ်ဆိုတာ သိလျက်နဲ့ ထပ်ပြီး စိတ်ရှုပ်အောင်မလုပ်နဲ့"

ကျော်သူရိန်က စိတ်မရှည်စွာ ထိုသို့ ပြောလိုက်တော့မှ လေးလေးငယ်က မပူဆာတော့ပါ။ သက်နှင်းဝေက မျက်နှာရိပ်မျက်နှာကဲနှင့် သူ့ကို ရပ်တန်းက ရပ်ခိုင်းလိုက်သဖြင့် ငြိမ်သွားသည်။

"လေးငယ်မလိုက်တော့ပါဘူး.. ညနေကျရင် ကားလျှောက်စီးမယ်နော်.."

"ကိုကိုသူရိန်စိတ်မညစ်ပါနဲ့.. ရုံးမှာ အားလုံးအဆင်ပြေသွားမှာပါ"

လေးငယ် ပထမဦးဆုံးအကြိမ် သူတစ်ပါးအတွက်တွေးပြီး ထိုစကားကို ပြောလိုက်သည်။

"ကောင်းပြီ.. အဲ့လို လိမ္မာမှပေါ့"

သက်နှင်းဝေနှင့် ကျော်သူရိန်တို့နှစ်ယောက် လေးလေးငယ်ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ လေးလေးငယ်က သက်နှင်းဝေရဲ့ နေရာမှာ သူဖြစ်လျှင် ဘယ်လောက်ကောင်းလိုက်မလဲဟုတွေးသည်။

"ကိုကိုသူရိန်ရဲ့ အနားမှာ ငါကလွဲပြီး ဘယ်သူ့တိုမှ မရှိစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေနှင့် ကျော်သူရိန်တို့ ရုံးသို့ရောက်ပါပြီ။ မိုးလုံးထို့မိသားစုလည်း ရောက်လာပါသည်။ မိုးလုံးတို့မိသားစုသည် တမင်သက်သက်ငွေလိုချင်၍ ပြဿနာရှာလိုက်ခြင်းပါ။ အားလုံးစစ်ဆေးပြီးသည့်အချိန်မှာ နေ့ဝက်ပင် ကျိုးသွားသည်။ ကျော်သူရိန်မှာ အပြစ်မရှိ၍ အမှုက နိုင်သွားမှာ သေချာပါသည်။

သက်နှင်းဝေနှင့် အခြားသက်သေတစ်ယောက်ထွက်ဆိုသည့်အတွက် ကျော်သူရိန်သည် အပြစ်မရှိကြောင်း ထင်ရှားသွားသည်။

ထမင်းစားချိန်လွန်ပြီးမှ ရုံးတော်က ပြန်ရသည်။ မလိုလားအပ်သော ပြဿနာတစ်ခုရှင်းပြီး အောင်မြင်ခဲ့၍ ကျော်သူရိန်က စိတ်သက်သာမှုရသွားသည်။

"တော်ပါသေးရဲ့နော်. . တရားမှန်ကို နတ်စောင့်လို့"

"ဟုတ်ပါတယ်. . သက်နှင်းဝေ. . နေရင်းထိုင်ရင်း ကိုယ့်မှာ ပြဿနာတက်ရတယ်"

ရုံးရှေ့ကနေ ကျော်သူရိန်က ကားမောင်းထွက်လာခဲ့သည်။

"သက်နှင်းဝေ ဗိုက်ဆာနေပြီပေါ့နော်"

"မဆာသေးပါဘူး"

"မဆာဘဲ နေမလား. . ကိုယ်တောင် ဆာနေပြီ"

"ခု အိမ်ရောက်တော့မှာပဲ. . ရပါတယ်"

"ကိုယ့်အိမ်မှာ လိုက်စားပါ သက်နှင်းဝေ"





"ရပါတယ်. . အိမ်ရောက်မှပဲ စားတော့မယ်"

"ကိုယ့်ကို မုန်းပေမဲ့ ကိုယ်က စေတနာနဲ့ ကျွေးတဲ့ ထမင်းကိုတော့ စားပါ သက်နှင်းဝေရယ်"

သက်နှင်းဝေရင်ထဲမှာ အလွန်စိတ်မကောင်းဖြစ်သွားသည်။ သူ့ရင်ထဲက ခံစားချက်ရဲ့ ဆန့်ကျင်ဘက်ကိုမှ ကျော်သူရိန်က ထင်နေသည်ကိုး။

"ကိုကျော်သူရိန်ကို နှင်းဝေမုန်းစရာအကြောင်းမရှိပါဘူး"

"ထားလိုက်ပါ သက်နှင်းဝေ. . ဖြေရှင်းစရာမလိုပါဘူး"

ကျော်သူရိန်ရဲ့ ပြောပုံကို ကြည့်မြင်းအားဖြင့် လေးလေးငယ်ပြောသော စကားကို ကောင်းစွာ သက်ဝင်ယုံကြည်နေပြီဆိုတာ သိသာထင်ရှားသည်။ သက်နှင်းဝေက ထပ်မံပြီး ရှင်းမပြချင်တော့ပါ။

"အိမ်ကို လိုက်ပြီး ထမင်းစားမယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကျေးဇူးတင်ပါတယ်. . သက်နှင်းဝေ"

ကျော်သူရိန်က သူ့အိမ်ဆီသို့ ကားကိုမောင်းသွားသည်။ ကျော်သူရိန်ရဲ့ဖခင်ဦးမျိုးမြင့်က အိမ်ဝက ဆီးကြိုသည်။

"ဘယ်လိုလဲသား. . အဆင်ပြေရဲ့လား"

"ပြီးသွားပြီ ဖေဖေ. . သားဘက်က သက်သေခိုင်လုံတော့ သေးနိုင်မှာ သေချာပါတယ်"



www.burmeseclassic.com

"ဒါဆို. . သက်သေတွေကို သား ကျေးဇူးတင်ရမှာပေါ့"

သက်နှင်းဝေကို ဦးမျိုးမြင့်က နွေးထွေးစွာ ပြုံးပြီးပြောသည်။

"ကျေးဇူးတင်လို့ ထမင်းကျွေးမလို့ ခေါ်လာတာ ဖေဖေရဲ့"

"ဟာ. . ထမင်းတစ်နပ်နဲ့ ကျေးဇူးဆပ်ရတာ နည်းတာပေါ့"

"ရပါတယ်. . အန်ကယ်ရယ်"

"ဖေဖေ ထမင်းပွဲပြင်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ ဖေဖေ"

ထမင်းဝိုင်းပြင်ဆင်ပြီး ဦးမျိုးမြင့်တို့အိမ်တွင် ချက်ရေးပြုတ်ရေး ရော၊ အိမ်တာဝန်ကိုရောယူထားသော မောင်ထွေးလာခေါ်သည်။

"ကဲ. . စားကြတော့နော်. . အန်ကယ်က စားပြီးပြီ"

ထမင်းစားခန်းဆီသို့ ဦးမျိုးမြင့်က လိုက်လာပြီး ညှော်ဝတ်ကျေ စွာ ပြောသည်။

"စားနော်. . သက်နှင်းဝေ. . အားမနာနဲ့"

"ဟုတ်ကဲ့ပါ"

"တူမကြီးရေ. . အန်ကယ်တို့အိမ်မှာ မိန်းမသားမရှိတော့ ချက်ရေး၊ ပြုတ်ရေးက တူမကြီးတို့အိမ်လောက် ကောင်းမှာမဟုတ် ပါဘူး"

"ကောင်းပါတယ် အန်တယ်"

ထမင်းတစ်လုတ်နှစ်လုတ်စားပြီး သက်နှင်းဝေက ထောက်ခံ လိုက်သည်။





"ချက်ရေး၊ ပြုတ်ရေး၊ အိမ်ထောင်ရေးပါနိုင်နင်းတဲ့ မိန်းမ တစ်ယောက်ကိုယူပါဆို. . သားက ပြောမရသေးဘူး. . သူ့လူနာတွေ နဲ့ပဲ အချိန်ကုန်နေတယ်"

သက်နှင်းဝေရင်ထဲမှာ စိတ်မကောင်းဖြစ်သွားသည်။ လေး လေးငယ်သည် ဦးမျိုးမြင့်တောင့်တသော ချွေးမမျိုး ဘယ်လိုမှမဖြစ် နိုင်သောကြောင့်ဖြစ်သည်။

လေးလေးငယ်သည် ချူချာသည့်အပြင် အိမ်မှုကိစ္စကို လုံးဝ စိတ်မဝင်စားသလို ခေါ်မာလာကြွယ်ဖလည်း မခိုင်းသဖြင့် ဘာတစ်ခု မှုလုပ်တတ်၊ ကိုင်တတ်ခြင်းမရှိပါ။

ထမင်းစားသောက်ပြီး ဦးမျိုးမြင့်က စကားတွေပြောနေသဖြင့် သက်နှင်းဝေက နေလိုက်သည်။ သူသိပ်သိချင်သော ဖခင်ရဲ့ ငယ်စဉ် လူပျိုဘဝက အဖြစ်အပျက်တွေကို ဦးမျိုးမြင့်ထံမှ သိလိုက်ရသည်။

အိမ်ပြန် သိပ်ပြီး နောက်ကျလျှင်မဖြစ်၍ နာရီဝက်လောက် သာ စကားပြောပြီး ပြန်လာခဲ့သည်။

"နှင်းဝေ ဘာသာပြန်ပါ့မယ်. . ကိုကျော်သူရိန်. . လိုက်မပို့ ပေးပါနဲ့"

"မဟုတ်တာ သက်နှင်းဝေရယ်. . ခေါ်တုန်းက ခေါ်ခဲ့ပြီး ပြန် မပို့တော့ ဘယ်ကောင်းမလဲ"

"အားနာရမယ့်သူတွေမှ မဟုတ်တာ"

www.burmeseclassic.com



"ကြိုးကြိုးမာလာမဆူအောင် ကိုယ်ပဲ လိုက်ပို့ပေးပါ့မယ်"

ကျော်သူရိန်မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ ဒေါ်မာလာကြွယ်ဆူတတ်ပူတတ်သည်ကို ကိုကျော်သူရိန်သိနေပါလား။

"ကိုယ်ပြောတာဟုတ်တယ် မဟုတ်လား"

"ကိုကျော်သူရိန်ရဲ့ ကိစ္စကို ကူညီတာမို့ ကြိုးကြိုးမာလာက ဆူမှာမဟုတ်ပါဘူး"

"ဟုတ်လား"

ကျော်သူရိန်က တစ်ခုံမှုကို သဘောပေါက်သည့်ပုံစံနှင့် ပြုံးရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။ သက်နှင်းဝေက ကားပေါ်တက်လိုက်သည်။

အိမ်ကိုရောက်တော့ လေးလေးငယ်ကို ထူးဆန်းစွာ ဧည့်ခန်းတွင် ရှိနေသည်ကိုတွေ့ရသည်။ ကားသံကြားသည်နှင့် ထွက်ကြိုသည်။

"ကြာလိုက်တာ မမနှင်းဝေရယ်"

လေးလေးငယ်က သက်နှင်းဝေကို ဆီးကြိုပြီး အပြစ်တင်လိုက်သည်။

"ရုံးဆိုတာ ကြာမယ်လို့ ကိုယ်ပြောခဲ့သားပဲ . . လေးငယ်"

ကျော်သူရိန်က မျက်နှာထားတည်တည်နှင့် ပြောလိုက်သဖြင့် လေးလေးငယ်က အပြစ်တင်စကားဆက်ပြီး မဆိုတော့ပါ။

"ရုံးကိစ္စတွေ ပြီးသွားပြီလားဟင်"





"ပြီးပြီ"

"နောက်တစ်ခါ မမနှင်းဝေကိုခေါ်ရဦးမှာလား"

"စီရင်ချက်ချပြီး ကို့ကိုပဲခေါ်မှာပါ"

"ဟုတ်လား . . တော်ပါသေးရဲ့ ကိုကိုသူရိန်ရယ်"

လေးလေးငယ်က ကျော်သူရိန်ရဲ့လက်မောင်းကို ဖက်တွယ်ပြီး ပြောသည်။ လေးလေးငယ်က သူ့ရင်ထဲက ခံစားချက်ကို သိပ်ပြီး ပေါ်ပေါ်ထင်ထင်ပြသည့်အတွက် သက်နှင်းဝေက မျက်နှာပူသွားသည်။

"နှင်းဝေကို ခွင့်ပြုပါဦးနော်"

ကျော်သူရိန်ကို နှုတ်ဆက်ပြီး သူ့အခန်းဆီသို့ လျှောက်ခဲ့သည်။ အဝတ်အစားလဲပြီး အောက်ထပ်ပြန်ဆင်းလာချိန်မှာ ကျော်သူရိန်ပြန်သွားပါပြီ။

"ကိုကိုသူရိန်က သိပ်မုန်းဖို့ကောင်းတယ်"

"ဘာဖြစ်လို့လဲ လေးငယ်ရယ်

"နံ့သာမြိုင်မှာဆိုရင် ဖင်နွေးအောင်တောင် မထိုင်ဘူး . . လာပြီး ချက်ချင်းပြန်တာပဲ"

"အလုပ်မအားလို့နေမှာပေါ့"

"တစ်ချိန်လုံး အလုပ်နဲ့ လူနာနဲ့ပဲပြီးနေတာပဲ . . လေးငယ်တော့ စိတ်မရှည်တော့ဘူး"



www.burmeseclassic.com

"လူနာတွေကြည့်စရာရှိလို့နေမှာပေါ့ကွယ်"

"အဲဒီလူနာတွေကိုပဲ ဦးစားပေးနေတာပဲ. . လေးငယ်တစ်ယောက်တည်း ကိုကိုသူရိန်ကို ပိုင်ချင်တယ်"

"ဆရာဝန်ဆိုတာ သူ့ဘဝကို သူပိုင်တာမဟုတ်ဘူး. . လူနာတွေကပဲပိုင်တာ. . သူတို့ဆရာဝန်တွေကလဲ လူနာအတွက်ပဲဖြစ်နေတာလေ"

"ဟွန်း မုန်းစရာကြီး"

"ဆရာဝန်ကတော်လုပ်ချင်ရင်တော့ လူနာတွေအတွက် ဦးစားပေးထတ်တဲ့စိတ်. . လေးငယ်မှာရှိဖို့လိုတယ်သိလား"

"လေးငယ် အဲဒါတွေ နားမလည်ဘူး. . လေးငယ်သိပ်ချစ်တဲ့ ကိုကိုသူရိန်ကို လေးငယ်အနားမှာပဲ နေစေချင်တာ"

သိပ်ကို တစ်ယူသန်သော လေးလေးငယ်ကို ပြောလျှင် ဂါးစပ်ညောင်းသည်သာ အဖတ်တင်သည်မို့ ဆက်မပြောတော့ပါ။ အပြင်ထွက်လိုက်၍ အိမ်အလုပ်တွေ လစ်ဟင်းသည်မို့ အိမ်အလုပ်တွေကို ဖိလုပ်လိုက်သည်။





သက်နှင်းဝေရဲ့စာကို ဦးသော်တာရရှိပြီး မယုံကြည်နိုင်လောက်အောင်ဖြစ်သွားသည်။ တစ်သက်လုံး တမ်းတလွမ်းမောစွာ ချစ်ခဲ့ရသော သိီရိနွယ်သည် အသက်ရှင်လျက်ရှိပြီး အိမ်ထောင်မကျသေးသော အပျိုကြီးဘဝနှင့် ရှိနေဆဲဆိုတာ သိရသည်။

သက်နှင်းဝေက သူတို့နှစ်ယောက်ကို နီးစပ်စေချင်သည်လို့ ပွင့်ပွင့်လင်းလင်းရေးသည်။ ဒေါ်သီရိနွယ်ရဲ့ဘဝကို အသေးစိတ်ရေးလိုက်သည်။ ဒေါ်သီရိနွယ်တစ်ချိန်က လိုအင်တောင့်တခဲ့သော ဘဝကို ပြန်လည်ရရှိစေချင်သည်။

ဦးသော်တာက စာပြန်သည်။ သက်နှင်းဝေကို တစ်စောင်၊ ဒေါ်သီရိနွယ်ကို တစ်စောင်ရေးသားလိုက်သည်။ ဦးသော်တာထံမှ သက်နှင်းဝေကို ကျေးဇူးတင်ကြောင်း ဝမ်းသာကြောင်း ရေးထားသော စာကိုရသည်။

ဒေါ်သီရိနွယ်ထံရောက်လာသော စာကို သက်နှင်းဝေက ဒေါ်သီရိနွယ်ဆိုင်ရောက်နေသည်မို့ သူကပဲ ယူထားလိုက်သည်။

ထိုနေ့ည ဒေါ်သီရိနွယ် သူ့အခန်းထဲမှာရှိနေတော့မှ သတ်နှင်းဝေက ထိုစာကို သွားပေးသည်။

"ကြီးကြီးသီရိ ဘဘသော်တာဆီက စာရောက်ပြီ"

"ဟင်. . ဟုတ်လား"

"ဖောက်ဖတ်ကြည့်နော်. . နှင်းဝေအနားက ရှောင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် တူမကြီးရယ်. . ထိုင်နေပါ"

သက်နှင်းဝေက သိပ်ရှက်တတ်သော ဒေါ်သီရိနွယ်ရှက်နေမှန်းသိ၍ အလိုက်သိတတ်စွာ ရှောင်ပေးမည်ဟု ပြောသည်။ ဒေါ်သီရိနွယ်က သက်နှင်းဝေကို ထိုင်ခိုင်းပြီး စာအိတ်ကို ဖောက်လိုက်သည်။

စာထဲတွင် ရေးထားသော အကြောင်းအရာတွေကို ဖတ်ရင်း ဒေါ်သီရိနွယ်ရဲ့ မျက်နှာက ကြည်နူးဝမ်းသာမှုဖြင့် နုပျိုနေသည်။

စာကို ဆုံးအောင်ဖတ်ပြီး ဒေါ်သီရိနွယ်က သက်နှင်းဝေကို လှမ်းကြည့်နေသည်။

"သူ ဒီကိုလာခဲ့မယ်တဲ့. . ပြီးတော့ ကြီးကြီးသီရိကို လက်ထပ်ချင်တယ်တဲ့ကွယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့၊ ကြီးကြီးသီရိရယ်"

"ကြီးကြီးသီရိလဲ သူ့ကို တွေ့ချင်ပါတယ်. . ဒါပေမဲ့ လက်ထပ်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး"

"ဘာပြုလို့လဲ ကြီးကြီးသီရိရယ်"

"မမက ဘယ်ခွင့်ပြုမလဲ"

"ဒီအချိန်အထိ ကြီးကြီးသီရိ သူများလွှမ်းမိုးတာခံနေဦးမှာလား. . ကိုယ့်ဘဝအတွက် ကိုယ်လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပါ"

"မမကို ကြီးကြီးက ကြောက်ရတာလေ"

"ကြီးကြီးသီရိ. . နှင်းဝေ့ကို မှန်မှန်ဖြေပါ"





"ဘာကိုဖြေရမှာလဲကွယ်"

"ဘဘကိုချစ်ပြီး. . ဘဘနဲ့အတူ နေချင်တယ်မဟုတ်လား"

"ဒါတော့ဒါပေါ့"

"ဒါဆို. . ဘဘလာရင် သေသေချာချာတိုင်ပင်ပြီး ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပါ. . ကြီးကြီးဘက်မှာ နှင်းဝေတစ်ယောက်လုံးရှိတယ်"

"အင်းလေ. . ကိုသော်တာလာတော့မှာပဲ. . တိုင်ပင်ကြတာပေါ့ကွယ်"

"ဒါဆို. . နှင်းဝေသွားမယ်"

"ကျေးဇူးတင်ပါတယ်. . တူမကြီးရယ်"

"ကြီးကြီးသီရိစိတ်ချမ်းသာဖို့ဆိုရင် နှင်းဝေဘာမဆိုလုပ်ပေးနိုင်ပါတယ်"

ဒေါ်သီရိနွယ်က သက်နှင်းဝေကို ကျေးဇူးတင်သောအကြည့်တွေနှင့် ကြည့်ပြီး ကျန်ရစ်သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

"မမနှင်းဝေရေ. . ရွှေအပတ်ထဲဆိုရင် လေးငယ် ဆယ့်တိုးနှစ်ပြည့်ပြီသိလား"

လေးလေးငယ်ကို စာသင်ပေးနေရင်းက လေးလေးငယ်တကောက်ကာ ငင်ကာနှင့်ပြောသည်။

"ဟုတ်လား. . ဒါဆို မွေးနေ့လုပ်မှာပေါ့"

"လေးငယ်ပင်ပန်းမှာစိုးလို့ ဆိုပြီး မေမေက မွေးနေ့မလုပ်ပေးတာကြာပါပြီ"

"ခု. . မမနှင်းဝေရောက်နေပြီ. . လေးငယ်မွေးနေ့လုပ်ချင်ရင်လုပ်ပေးမယ်လေ"

"တကယ်လား"

"ကြီးကြီးမာလာကို ငွေသာထုတ်ပေး. . မမနှင်းဝေအားလုံးစီစဉ်ပေးမယ်"





"ဟုတ်ပြီ. . ဒါဆို မေမေ့ကို လေးငယ်အခုပဲ သွားပြောမယ်"

လေးလေးငယ်က တက်ကြွစွာနှင့် အခန်းထဲမှထွက်သွားသည်။ သက်နှင်းဝေပါ သူ့နောက်က ပါလာသည်။

"မေမေ. . လေးငယ်ကို ဒီနှစ်မွေးနေ့လုပ်ပေးနော်"

"သမီးမှ နေမကောင်းတာ. . ပင်ပန်းမှာပေါ့ကွယ်"

"မပင်ပန်းပါဘူး မေမေရယ်. . မမနှင်းဝေက သူ အားလုံးစီစဉ်ပေးမှာပါ"

"ဟုတ်တယ် ကြီးကြီးမာလာ. . လေးငယ်ပျော်အောင်လို့ မွေးနေ့လုပ်ပေးလိုက်ပါနော်"

လေးလေးငယ်က ပူဆာသည်။ သက်နှင်းဝေက ထောက်ခံတိုက်တွန်းသည်မို့ မွေးနေ့လုပ်ရန် ဒေါ်မာလာကြွယ်က သဘောတူလိုက်သည်။

"ကျေးဇူးတင်လိုက်တာ. . မမနှင်းဝေကြောင့် မေမေက မွေးနေ့လုပ်ပေးဖို့ သဘောတူလိုက်တာ"

"ဟုတ်ပြီ. . လေးငယ်က မမနှင်းဝေကို ကတိတစ်ခုပေးရမယ်"

"ဘာလဲဟင်"

"နေကောင်းအောင်နေမယ်. . ပြောစကားနားထောင်မယ်. . စားခိုင်းတာ စားမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ. . နားထောင်ပါ့မယ်"

"နားထောင်တယ်ဆိုရင် ခုကပဲစပြီး နားထောင်တော့နော်"

"ဟုတ်ကဲ့ပါ"

လေးလေးငယ်ပျော်ရွှင်နေသည်ကိုကြည့်ပြီး သက်နှင်းဝေပါ ပျော်ရွှင်နေသည်။

သက်နှင်းဝေက မွေးနေ့ပွဲအတွက်ပြင်ဆင်ပါတော့သည်။ တစ်နေ့ တစ်နေ့ အိမ်ကိုရှင်းလိုက်၊ အလှဆင်လိုက်နှင့်အလုပ်ရှုပ်နေသည်။

လေးလေးငယ်ကို အနားမှာ ထိုင်ခိုင်းပြီး ဘာတစ်ခုမှမခိုင်းဘဲ သူ့ဘာသာသူလုပ်သည်။ လေးလေးငယ်က ဘေးကထိုင်ပြီး အားပေးရင်း လေပေါသည်။

"မမနှင်းဝေက သိပ်တော်တာပဲနော်. . အားလုံးလုပ်တတ်ကိုင်တတ်တယ်"

"မမနှင်းဝေက လေးငယ်လိုမဟုတ်ဘူးလေ. . ငယ်ငယ်တုန်းက ကိုယ့်ဘာဝကိုယ် ကျောင်းရကာလေ"





"လေးငယ်ကို မေမေက မခိုင်းတော့ လုပ်လေ့လုပ်ကျင့်မရှိဘဲ. . လုပ်လဲ မလုပ်ချင်တော့ဘူးလေ"

"လေးငယ်မလုပ်နိုင်ရင် မလုပ်ပါနဲ့. . နေကောင်းအောင်သာနေပါ"

"ကိုကိုသူရိန်နဲ့ လက်ထပ်ပြီးရင် လေးငယ်က အိမ်အလုပ်တွေမလုပ်လဲ မလုပ်တတ်. . လုပ်လဲ မလုပ်ချင်နဲ့ ကိုကိုသူရိန်က ကျေနပ်ပါ့မလားဟင်"

"မမလေးရယ်. . အဲဒါတော့ မလျှောက်တတ်ဘူး. . ရှင့်အချစ်တော်ကြီးလာမှ မေးကြည့်တော့နော်"

သက်နှင်းဝေက ထိုသို့နောက်ပြောင်ပြီး ပြောလိုက်တော့ လေးငယ်က သဘောကျစွာရယ်သည်။

"ဖိတ်ရမယ့်သူတွေ စာရင်းကို လေးငယ်လုပ်ထားနော်"

"မေမေနဲ့ တိုင်ပင်ရေးထားလိုက်မယ်နော်"

"အင်း"

သက်နှင်းဝေက လေးငယ်မွေးနေ့အတွက် မမောနိုင် မပန်းနိုင်အောင် စီစဉ်သည်။ အိမ်သန့်ရှင်းရေးပါ လုပ်လိုက်သည်၊

ပြင်ရင်း ဆင်ရင်းနှင့် လေးလေးငယ်ရဲ့ မွေးနေ့ပွဲက ဆိုတ်ဆိုက်မြိုက်မြိုက်ရောက်လာသည်။

မွေးနေ့ပွဲတွင် လေးလေးငယ်ကို အလှဆုံးဖြစ်အောင် ဆင်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝေပြင်ဆင်ပေးသည်။ ကြေးမုံပြင်ရိပ်တွင် ထင်ဟပ်နေသော သူ့ပုံရိပ်ကိုမြင်ပြီး လေးလေးငယ်က အလွန်သဘောကျနေသည်။

"မမနှင်းဝေက သိပ်ပြီး တော်တာပဲနော်. . လေးငယ်ကို အရမ်းလှအောင်ပြင်ပေးတယ်"

"နဂိုတတည်းက လေးငယ်က လှပြီးသားပါတွယ်"

"လေးငယ် ဒီလိုလှတာ ကိုကိုသူရိန့်မြင်ရင် သဘောကျမှာပဲနော်. . လေးငယ်ကို ချစ်သွားမှာပဲနော်"

"လေးငယ်ရယ်. . မွေးနေ့ပွဲမှာချစ်တာ ကြိုက်တာတွေ အသာဘေးဖယ်ထားပြီး ပျော်ပျော်ကြီး ဆင်နွှဲလိုက်ပါကွယ်"

ဧည့်သည်တစ်ဦးစ နှစ်ဦးစရောက်လာပြီး နောက်မှ ကျော်သူရိန်က သူ့ဖခင်နှင့်အတူ ရောက်လာသည်။ လေးလေးငယ်ကို အမွေးပွဝက်ဝံရုပ်ကြီးတစ်ရုပ် လက်ဆောင်ပေးသည်။

"ဟယ်. . ကိုကိုသူရိန်ပေးတဲ့ ပင်ဒါဝက်ဝံရုပ်လေးက လှလိုက်တာ"

"လေးငယ်ကြိုက်မယ်မှန်းသိလို့ မန္တလေးကနေ လှမ်းမှာလိုက်တာ"

"လေးငယ်သိပ်ကြိုက်ပါတယ်. . ကျေးဇူးလဲ အရမ်းတင်ပါတယ် ကိုကိုသူရိန်ရယ်"

လေးလေးငယ်က ကျော်သူရိန်ပေးသော လက်ဆောင်ကို





အမြတ်တနိုးနှင့် ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားသည်။ ကျော်သူရိန်နှင့်ဝတ်သက်လာလျှင် အစစ အလေးထားတတ်သော စိတ်ကို ကျော်သူရိန်က လေးလေးငယ်အလွန်ကလေးဆန်၍ ဝက်ဝံရုပ်ကို နှစ်သက်၍ အချိန်ကြာမြင့်စွာ ပွေ့ပိုက်ထားသည်လို့ သဘောပေါက်သွားသည်။

လေးလေးငယ်က ပျော်နေ၍ မောရပန်းရမှန်းပင်မသိပါ။ ဧည့်သည်တွေကလည်း တဖွဲဖွဲရောက်နေသည်မို့ သက်နှင်းဝေမှာ မအားရအောင်ဖြစ်နေသည်။

"ကိုကိုသူရိန် လေးငယ်ရဲ့မွေးနေ့ပြီးတဲ့အထိ နေရမယ်နော်၊ ပြန်မသွားရဘူး"

"ကောင်းပါပြီဗျာ"

လေးလေးငယ်က ဧည့်သည်တွေစုံမှ သက်နှင်းဝေ အထူးစီစဉ်ပေးထားသော မွေးနေ့ကိတ်မုန့်ကြီးကို ခွဲသည်။ အားလုံး ဝိုင်းဝန်း၍ ဆုတောင်းပေးသည်ကို လေးလေးငယ်က အလွန်ဝမ်းသာကြည်နူးစွာနှင့် လက်ခံလိုက်သည်။

ဧည့်သည်များစဲပြီး လူတွေရှင်းပြီမို့ သိမ်းဆည်းစရာရှိသည်များကိုသိမ်းဆည်းကြသည်။ ထိုစဉ်မှာ လေးလေးငယ်က လက်ဆောင်ပစ္စည်းများကို ဖောက်ပြီးကြည့်နေစဉ် လေးလေးငယ် ရုတ်တရက်မူးလဲပြီး သတိလစ်သွားသည်။

"အမလေး မောင်သူရိန်ရယ် လုပ်ပါဦး. . သမီးလေး အပျိုဖြစ်သွားပြီလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရိန်က မေ့မြောသွားသော လေးလေးငယ်ကို ပွေ့ပြီး ခုတင်ပေါ်တင်လိုက်သည်။ စမ်းသပ်ပြီး ဆေးတစ်လုံးထိုးပေးသည်။

ဒေါ်မာလာကြွယ်နှင့်နှစ်ယောက်တည်း စကားပြောချင်သည်ဟု ပြော၍ ဒေါ်မာလာကြွယ်က သူ့ကို စာကြည့်ခန်းသို့ ခေါ်သွားသည်။

သက်နှင်းဝေက လေးလေးငယ်သတိရလာသည့်အခါ ပြုစုပေးနေသည်။ ဖြူဖတ်ဖြူရော်နှင့် ဖြစ်သွားသော လေးလေးငယ်ကို ကြည့်ပြီး လွန်စွာ စိတ်မကောင်းဖြစ်နေသည်။

သူ တိုက်တွန်း၍ မွေးနေ့ပွဲလုပ်လိုက်ရသည့်အတွက် လေးလေးငယ်လွန်စွာ ပင်ပန်းသွားပြီဆိုပြီး စိတ်မကောင်းဖြစ်နေသည်။

ကျော်သူရိန်နှင့် ဒေါ်မာလာကြွယ်တို့ လေးလေးငယ်အကြောင်း ဘာတွေတိုင်ပင်နေသည်ဆိုတာကို သိလိုလှသည်။ ဒေါ်မာလာကြွယ်နှင့် ကျော်သူရိန်တို့ နာရီဝက်လောက်ကြာပြီးမှ လေးလေးငယ်ရဲ့ အခန်းကိုပြန်ရောက်လာသည်။

ဒေါ်မာလာကြွယ် အလွန်မျက်နှာမကောင်းသည်ကိုတွေ့ပြီး လေးလေးငယ်အတွက် အလွန်စိတ်ပူသွားသည်။ ကျော်သူရိန်က လေးလေးငယ်ကို စမ်းသပ်ကြည့်ပေးပြီး ပြန်သွားသည်။

သက်နှင်းဝေက အလွန်သိလိုလှသော စကားကို လေးလေးငယ်ရဲ့ ကွယ်ရာမှာ ဒေါ်မာလာကြွယ်ကိုမေးသည်။





"မောင်သူရိန်က သမီးလေးကို ရန်ကုန်ကို အမြန်ဆုံးသွားစေချင်ပြီ"

"ဘာလို့လဲ ကြီးကြီးမာလာ"

"ဟိုမှာ နှလုံးအထူးကုဆရာဝန်ကြီးနဲ့ ပြပြီး လိုအပ်ရင် ခွဲစိတ်ကုသမှုကိုပြုရမယ်တဲ့"

"ဟင်. . အဲဒီလောက်တောင်ပဲလား"

"ဟုတ်တယ်. . အဲဒီအကြောင်းကို သမီးလေးသိလို့မဖြစ်ဘူး သက်နှင်းဝေကိုပြောပြတာ သမီးလေးကို သက်နှင်းဝေပိုပြီး ဂရုစိုက်နိုင်အောင်လို့ပြောပြတာ"

"စိတ်ချပါ ကြီးကြီးမာလာ. . နှင်းဝေ ညီမလေးကို ပိုပြီး ဂရုစိုက်ပါ့မယ်. . သူ့အကြောင်းကိုလဲ ဘယ်သူ့ကိုမှ မပြောပါဘူး"

"သမီးလေး နည်းနည်းနေကောင်းတာနဲ့ ကြီးကြီးတို့ ရန်ကုန်သွားမယ်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

လေးလေးငယ် ကျန်းမာပါစေလို့ သက်နှင်းဝေက ဆုတောင်းရင်း စိတ်ထဲမှာလည်း စိုးရိမ်စိတ်တွေဖြစ်နေသည်။



www.burmeseclassic.com

နောက်တစ်နေ့ နံနက် ကျော်သူရိန်က လာကြည့်သည်။ လေးလေးငယ်ရဲ့ အခြေအနေက ကောင်းမွန်လာသည်။ သက်နှင်းဝေလည်း မအားမလပ်အောင် ပြုစုနေသည်။

ညနေဘက်မှ ကျော်သူရိန်က တစ်ခေါက်ရောက်လာသည်။ လေးလေးငယ်က ထိုအချိန်မှာ အိပ်ပျော်နေသည်။ သက်နှင်းဝေက လေးလေးငယ်အိပ်နေစဉ် အိမ်အလုပ်တွေကို လုပ်နေသည်။

ညဘက်မှာ ကျော်သူရိန်က တစ်ခေါက်ရောက်လာပြီး လေးလေးငယ်နှင့် စကားအကြာကြီးပြောနေသည်။ တစ်နေ့လုံး ညောင်းညာနေသော သက်နှင်းဝေက လေကောင်းလေသန့်လေးရှူချင်၍ ခြံထဲဆင်းခဲ့သည်။

ခြံထဲမှာ လမ်းလျှောက်နေစဉ် ကျော်သူရိန်က သူ့အနားသို့ ရောက်လာသည်။ သက်နှင်းဝေက ကျော်သူရိန်ကို လေးလေးငယ်နှင့် စကားပြောနေသည်လို့ထင်ပြီး သည်လိုရုတ်တရက်တွေ့လိုက်ရ၍ အံ့ဩသွားသည်။

"သက်နှင်းဝေ ဘာလုပ်နေတာလဲ"

"ညောင်းတာနဲ့ လမ်းလျှောက်နေတာပါ"

"ပန်းနံ့လေးတွေ မွှေးနေတော့ လမ်းလျှောက်ရတာ ကောင်းလိုက်တာ"

"ဟုတ်တယ်. . ဒါကြောင့် ဆင်းလျှောက်နေတာပါ"





"တစ်နေ့တစ်နေ့ သက်နှင်းဝေလဲ အရမ်းပင်ပန်းတာပဲနော်"

"ဒါလောက်လဲမဟုတ်ပါဘူး. . ကိုကျော်သူရိန် ပြန်တော့မှာလား"

"မပြန်သေးဘူး. . သက်နှင်းဝေနဲ့ ဒီမှာ လမ်းလျှောက်ဦးမယ်"

"ဟို. . နှင်းဝေက လေးငယ်ဆီကိုသွားရမှာ"

"ခဏနေရင် သူ အိပ်ပျော်သွားမှာ ကိုယ်နဲ့အတူ လမ်းလျှောက်ပါဦး သက်နှင်းဝေရယ်"

သက်နှင်းဝေက လေးလေးငယ်ထံသွားလိုသော်လည်း ကျော်သူရိန်ကို အားနာ၍ ချက်ချင်းမသွားဖြစ်ပါ။

"ဒီမှာ ထိုင်ပါဦး. . သက်နှင်းဝေ"

ပန်းခြံထဲက ထိုင်ခုံမှာ ထိုင်ခိုင်းသဖြင့် သက်နှင်းဝေက ထိုင်သည်။ နှစ်ယောက်သား ထိုင်ရင်း တိတ်ဆိတ်စွာရှိနေပြီးမှ ကျော်သူရိန်က တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်။

"သက်နှင်းဝေက ရန်ကုန်မှာ မွေး. . ရန်ကုန်မှာ ကြီးတာပေါ့နော်"

"ဟုတ်ကဲ့"

"သက်နှင်းဝေရဲ့အကြောင်းလေးတွေ သိချင်တယ်. . ပြောပြနိုင်မလား"

ကျော်သူရိန်က ရင်းရင်းနှီးနှီး ဆက်ဆံလိုက်သည့်အတွက် သက်နှင်းဝေက အံ့ဩသလို ရင်ထဲမှာလည်း ကြည်နူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဝေအကြောင်းက ဘာမှ ထွေထွေထူးထူးမရှိပါဘူး"

"အဲဒီ ထွေထွေထူးထူးမရှိတာကိုပဲ သိချင်တာ"

"ငယ်ငယ်ကတည်းက အမေဆုံးပါတယ်. . အဖေနဲ့ပဲ ကြီးပြင်းခဲ့ရတယ်. . အဖေကလွဲပြီး ပြုစုယုယမှုကို မခံခဲ့ရဘဲနဲ့ ကိုယ့်ဘဝကိုယ် ကျောင်းခဲ့ရတာပါ"

"ဒါကြောင့် အရည်အချင်းတွေ ပြည့်ဝနေတာပေါ့"

"နှင်းဝေမှာ အရည်အချင်းတွေ မရှိပါဘူး ကိုကျော်သူရိန်ရယ်"

"ရှိတာပေါ့ လေးငယ်နဲ့ယှဉ်နိုင်ရင် နှင်းဝေမှာ အရည်အချင်းတွေ အများကြီးပဲ"

ကျော်သူရိန်က စူးရှသော အကြည့်နှင့်ကြည့်ပြီး ထိုသို့ပြောလိုက်စဉ်မှာ သက်နှင်းဝေရဲ့ရင်ထဲမှာ ပြင်းထန်စွာ လှုပ်ခတ်သွားသည်။

ကျော်သူရိန်က သူ အလွန်ချစ်မြတ်နိုးနေပြီဖြစ်သော မိန်းကလေးကိုချစ်လျက်၊ ဖွင့်ပြောချင်လျက်နှင့် သက်နှင်းဝေသည် သူ့ကို မုန်းပြီး ကျော်ကျော်လင်းနှင့် ရည်ငံနေလေမည်လို့ထင်၍ ဖွင့်မပြောပါ။

"ကိုယ်နဲ့ သက်နှင်းဝေက ဘဝတူတွေပါ. . ကိုယ့်မှာလဲ အမေ မရှိတော့ပါဘူး"

"ဒါပေမဲ့ အဖေရှိသေးတယ်လေ"

သူတို့နှစ်ယောက်စကားပြောရင်း သက်နှင်းဝေရဲ့ ရင်ထဲမှာ ကျော်သူရိန်နှင့် စကားပြောရသည်ကို ကြည်နူးနေသည်။ ထိုစဉ်မှာ





သက်နှင်းဝေကို လိုက်ရှာသော ဒေါ်မာလာကြွယ်က သူတို့အနားရောက်လာပြီး သက်နှင်းဝေနှင့် ကျော်သူရိန် စကားပြောနေသည်ကို တွေ့ပြီး အလွန်စိတ်ဆိုးသွားသည်။

"သက်နှင်းဝေ ဒီမှာဘာလုပ်နေတာလဲ. . သမီးလေးခေါ်နေတယ်"

"ဟုတ်. . ဟုတ်ကဲ့. . ခုသွားလိုက်ပါ့မယ်"

သက်နှင်းဝေက အထိတ်တလန့်နှင့် ကျော်သူရိန်ရဲ့ဘေးမှ ပြေးထွက်ခဲ့သည်။

"အဲဒီကောင်မလေးက သိပ်ပြီး တာဝန်မဲ့တယ် မောင်သူရိန်ရယ်. . သူ့အလုပ်ကသမီးလေးအနားမှာ နေရမှာပဲ မဟုတ်လား"

"တစ်ခါတလေ သူလဲ စိတ်လွတ်လက်လွတ်နေချင်မှာပေါ့ ကြီးကြီးရယ်"

"အိမ်မှာ သိပ်မလုပ်ရပါဘူး. . သူသက်သာပါတယ်"

"ကြီးကြီး ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"အေး. . ကောင်းပြီ"

ဒေါ်မာလာကြွယ်မတရားဘူးဟု ထင်သောကြောင့် တစ်ခွန်း စပြောလိုက်ပေမဲ့ ဒေါ်မာလာက လက်မခံသဖြင့် နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၁၉)

သက်နှင်းဝေက လေးလေးငယ်ရဲ့ အခန်းကို ခပ်သွက်သွက် တက်လာခဲ့သည်။ လေးလေးငယ်က စူပုပ်သော မျက်နှာထားနှင့် ရှိနေသည်။

"မမနှင်းဝေ ဘယ်သွားနေတာလဲ"

"အောက်က ခြံထဲမှာ လမ်းလျှောက်နေတာပါ"

"လေးငယ်အနားမနေဘဲ ဘာလို့ လမ်းလျှောက်နေရတာလဲ"

"လေးငယ်ရယ်.. တစ်ခါတလေ လေကောင်းလေသန့်ရှူပြီး လမ်းလျှောက်ရတာ စိတ်ကြည်လင်လို့ပါ"

"မောင်သူရိန်နဲ့ ထိုင်စကားပြောနေရတော့ ပိုပြီး စိတ်ကြည်လင်တယ်မဟုတ်လား"

"နောက်ကျောဘက်ကနေ ထွက်လာသော အသံစူးစူးကြောင့် သက်နှင်းဝေရဲ့ ကိုယ် ဆတ်ခနဲတုန်သွားသည်။





"ဟင်.. မမနှင်းဝေက ကိုကိုသူရိန်နဲ့ စကားပြောနေတယ် ဟုတ်လား"

"ဟုတ်ပါတော်"

"ဒါဆို.. သဲသဲပြောတာမှန်တာပေါ့"

"သဲသဲက ဘာပြောလို့လဲ သမီးလေး"

"ဟိုတစ်ခါက ကိုကိုသူရိန်က မမနှင်းဝေရဲ့လက်ကို ဆွဲပြီး ဈေးခြင်းတောင်းကိုယူပြီး နှစ်ယောက်ရယ်မောပြီး စကားပြောလာတယ်ဆိုတာ"

"ဟုတ်လား သက်နှင်းဝေ"

"အဲ.. အဲ့ဒါ ဈေးမှာတွေ့လို့ လိုက်ပို့ပေးတာပါ"

"မမနှင်းဝေ မရိုးသားဘူး.. တကယ်ဆို အဲဒီအကြောင်း လေးငယ်ကို ပြောရမှာပေါ့"

သဲသဲက စိတ်ကူးယဉ်ပြီး ရှုးရှူးပေါပေါနှင့် လျှောက်ပြောသော စကားကို လေးလေးငယ်က သေချာစွာ ယုံကြည်လိုက်သည်။

"လေးငယ်က ကိုကိုသူရိန်ကို ချစ်မှန်းသိနေလျက်နဲ့ လေးငယ် ကွယ်ရာမှာ မမနှင်းဝေကို ကိုသူရိန်ကို အရောမဝင်သင့်ဘူး"

"နေစမ်းပါဦး.. ညည်းက ဘာဆိုင်လို့ သူနဲ့ လေညင်းခံပြီး အရောဝင် စကားပြောနေရတာလဲ"

"ကြည့်စမ်း.. မမနှင်းဝေက ကိုကိုသူရိန်ကို မုန်းသလိုလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပြီး ကွယ်ရာမှာ ဒီလိုနေတာ ဘာသဘောလဲ. . ကွယ်ရာမှာ ကိုကိုသူရိန်ကို သွေးဆောင်နေတာလား"

"ဟုတ်တယ်. . တစ်နေ့ကျရင် လေးငယ်နဲ့ မောင်သူရိန်နဲ့ ပေးစားမယ်ဆိုတာသိလျက်နဲ့ နင်က ကြားကဖြတ်လုချင်နေတာလား"

သဲသဲက မဆင်မခြင်ဘဲ ထင်ရာလျှောက်ပြောလိုက်သောစကားက သက်နှင်းဝေကို လုံးဝသိက္ခာမဲ့စေပါသည်။ သားအမိနှစ်ယောက်က ကောင်းကောင်းကြီး အထင်လွဲပြီး သက်နှင်းဝေကို အရှက်ရအောင် ပြောဆိုနေပါတော့သည်။

သက်နှင်းဝေက ဘယ်လိုမှ ရှင်းနိုင်စွမ်းမရှိပါ။

ရှက်လွန်း၍ လဲသေချင်သည့်စိတ်တောင်ပေါက်လာပါတော့သည်။

"လေးငယ်ကဖြင့် မမနှင်းဝေကို ချစ်လိုက်ရတာ. . မမနှင်းဝေက လေးငယ်အပေါ်မှာ သစ္စာမရှိဘူး"

"မဟုတ်ပါဘူး လေးငယ်ရယ်. . ကိုကျော်သူရိန်ကို မမနှင်းဝေစိတ်နဲ့တောင် မပြစ်မှားပါဘူး"

"မယုံဘူး. . မယုံဘူး. . မမနှင်းဝေကို မုန်းတယ်. . အရမ်းမုန်းတယ်. . မမြင်ချင်ဘူး"

လေးလေးငယ်က ခြေထောက်ဆောင့်ပြီး အော်ငိုသည်။ သက်နှင်းဝေက ရှက်လွန်း၍ သူတို့အနားမှ ပြေးထွက်လာခဲ့သည်။ သူ့



အခန်းထဲမှာအောင်းပြီး ငိုနေစဉ် ဒေါ်သီရိနွယ်ရောက်လာသည်။

"ဘာဖြစ်တာလဲ တူမကြီးရယ်"

"ကြီးကြီးသိရိရယ်. . သူတို့နှစ်ယောက်စလုံး နှင်းဝေကို အထင်လွဲပြီးလျှောက်ပြောနေတယ်"

သက်နှင်းဝေက ဖြစ်ကြောင်းကုန်စင်ကိုပြောသည်။ ရှက်လွန်း၍ မျက်ရည်ပေါက်ပေါက်ကျပြီး ဖြေရှင်းသည်။

"နှင်းဝေ ဒီမှာမနေဘူး. . မနက်ဖြန် ဒီကနေထွက်သွားတော့မယ် ကြီးကြီးသိရိရယ်"

"မဟုတ်တာကွယ်. . တူမကြီးက ဘယ်ကိုထွက်သွားဦးမှာလဲ"

"ဘာဘာသော်တာဆီပဲ နှင်းဝေပြန်တော့မယ်"

"စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ကွယ်. . သေသေချာချာစဉ်းစားပါဦး"

နံ့သာမြိုင်တွင် ဩဇာအာဏာမရှိရှာသော ဒေါ်သီရိနွယ်တသက်နှင်းဝေကို ချော့မော့ဖျောင်းဖျရုံကလွဲပြီး ဘာမျှ အကူအညီမပေးနိုင်ပါ။

သက်နှင်းဝေက သူ့ရဲ့ အဝတ်အစားအသုံးအဆောင်များကို သိမ်းဆည်းလိုက်သည်။ ဒေါ်သီရိနွယ်က စိတ်မကောင်းစွာနှင့် အခန်းထဲမှ ထွက်သွားသည်။

နံနက်မိုးလင်းလုပ်စရာရှိသည့်အလုပ်တွေကို ထလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာကြွယ်နှင့် လေးလေးငယ်နီးသည်အထိစောင့်သည်၊ သူတို့နှစ်ယောက်နီးသည်နှင့် သူ နံ့သာမြိုင်က ထွက်ခွာတော့မည်ဟု နှုတ်ဆက်သည်။

"ဘာပြောတယ်. . မမနှင်းဝေ နံ့သာမြိုင်ကနေ သွားတော့မယ် ဟုတ်လား"

"ဟုတ်တယ်လေးငယ်. . မမနှင်းဝေကို ထင်နေတဲ့ သံသယတွေကိုခြေဖျက်ဖို့က ဒီတစ်နည်းပဲရှိတယ်"

"ညည်းကို ငါတို့က မနှင်သေးဘူးနော်. . သက်နှင်းဝေ"

"ဟုတ်ပါတယ် ကြီးကြီးမာလာ. . ခုလို နှင်းဝေကို တစ်နှစ်နီးပါး စောင့်ရှောက်ဖေးမတဲ့အတွက် နှင်းဝေ ကျေးဇူးတင်ပါတယ်. . နှင်းဝေ ဒီကနေထွက်သွားပြီး ကိုယ့်ဘဝကို ကိုယ့်ဘာသာထူထောင်တော့မလို့ပါ"

သက်နှင်းဝေ တကယ်ထွက်သွားတော့မည်ဆို၍ လေးလေးငယ်ထိတ်လန့်သွားသည်။ သက်နှင်းဝေကို နိုင်စားအားကိုးနေသော လေးလေးငယ်က သက်နှင်းဝေထွက်သွားမှာကိုတော့ မလိုလားပါ။

"မမနှင်းဝေက လေးငယ်ကို ပစ်ထားခဲ့မှာပေါ့ ဟုတ်လား"

"ပစ်ထားခဲ့တာမဟုတ်ပါဘူး. . အခြေအနေက မမနှင်းဝေကို နံ့သာမြိုင်နဲ့ ဝေးအောင် နှင်နေတာပါ"

"လေးငယ်စိတ်ဆိုးလို့ မဟုတ်တာတွေ လျှောက်ပြောမိတာကို





မမနှင်းဝေက ခွင့်မလွှတ်နိုင်ဘူးလား"

"ခွင့်လွှတ်ပါတယ်. . ဒါပေမဲ့ မမနှင်းဝေရှိနေရင် လေးငယ်က သံသယစိတ်တွေနဲ့ အလကားစိတ်ဆင်းရဲမှာစိုးလို့ပါ"

"မမနှင်းဝေရယ်. . လေးငယ်ကို ထားမသွားပါနဲ့. . မမနှင်းဝေကို လေးငယ်ချစ်ပါတယ်"

လေးလေးငယ်က ပြောရင်း ဝမ်းပန်းတနည်းငိုသည်။ ဒေါ်မာလာကြွယ်က ညက သူ့စကားများသွားသည်ကို သိပြီး စိတ်မကောင်းဖြစ်သွားသည်။

"သက်နှင်းဝေ ညည်းတကယ်သွားမှာလား"

"ဟုတ်ကဲ့ပါ. . ကြီးကြီးမာလာ"

"ဟင့်အင်း. . မမနှင်းဝေ မသွားရဘူး. . မမမရှိရင် လေးငယ် မနေတတ်ဘူး"

လေးလေးငယ်က သူ့ဒဏ်ကို အလွန်ခံသော သက်နှင်းဝေ ထွက်ခွာသွားမှာကို လွန်စွာစိုးရိမ်နေသည်။ လေးလေးငယ်ငိုရှိုက်နေသည်ကိုကြည့်ပြီး ဒေါ်မာလာကြွယ်က ပြောပြန်သည်။

"မကျန်းမာတဲ့ ညီမလေးကို ညည်းခွင့်လွှတ်ဖို့ ကောင်းပါတယ် သက်နှင်းဝေ"

"ဒါဆို နှင်းဝေ ဘာလုပ်ပေးရမလဲ"

"သူက မသွားပါနဲ့ဆို မသွားနဲ့တော့ပေါ့. . ဒီမှာပဲ နေလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးတို့လိုလားရင် နှင်းဝေနေပေးပါ့မယ်"

အထင်မှားပြီး ဒေါသနှင့်ပြောကြတာပဲဆိုပြီး သက်နှင်းဝေက ခွင့်လွှတ်လိုက်သည်။

"မမနှင်းဝေမသွားပါနဲ့နော်. . မမသွားရင် လေးငယ်သေမှာပဲ၊ ကိုကိုသူရိန်နဲ့ မမနှင်းဝေကို လေးငယ်ဘယ်တော့မှ အထင်မလွဲပါဘူး နော်"

ကလေးတစ်ယောက်လို တောင်းပန်နေသော လေးလေးငယ်ကို သက်နှင်းဝေက ခွင့်လွှတ်လိုက်ပါသည်။

"ညီမလေးကို မမနှင်းဝေ ဘယ်တော့မှ စိတ်ဒုက္ခရောက်အောင် မလုပ်ပါဘူး ဆိုတာယုံရင် တော်ပါပြီကွယ်"

"ယုံပါပြီ မမနှင်းဝေရယ်. . ဒီမှာပဲ နေမယ်မဟုတ်လားဟင်"

"ညီမလေး နေစေချင်နေမှာပေါ့ကွယ်"

"နေပါ မမနှင်းဝေရယ်. . နေပါနော်"

"နောက်တစ်ပတ်ဆိုရင် ကြီးကြီးတို့ရန်ကုန်သွားမယ်. . နံ့သာမြိုင်မှာ လူလိုနေတဲ့အချိန်မှာ မင်းရှိနေသင့်တယ် သက်နှင်းဝေ"

ဒေါ်မာလာကြွယ်က လေသံတင်းတင်းနှင့် ထိုသို့ပြောတော့ သက်နှင်းဝေက ထွက်သွားရန် ပို၍ မဖြစ်တော့ပါ။

"နှင်းဝေနေပါ့မယ် ကြီးကြီးရယ်"

လေးလေးငယ်နှင့် ဒေါ်မာလာကြွယ်တို့သည် စိတ်ထား





အပြောင်းအလဲ အလွန်မြန်သည်လို့ တွေးမိသော်လည်း သူတို့ကို သက်နှင်းဝေက ခွင့်လွှတ်နားလည်ပေးလိုက်ပါသည်။

❀

နောက်ရက်များတွင် ကျော်သူရိန်အိမ်သို့လာလျှင် သက်နှင်းဝေက တမင်ပင် ရှောင်နေလိုက်သည်။ လေးလေးငယ်ရဲ့ အထင်လွဲခြင်းကိုလည်း ထပ်မံပြီး မခံစားချင်တော့ပါ။

တစ်ပတ်ခန့်ကြာပြီး ဒေါ်မာလာကြွယ်နှင့် လေးလေးငယ် ရန်ကုန်သို့ ဆေးကုရန် သွားသည်။ ကျော်သူရိန်ပါ ပါသွား၍ သက်နှင်းဝေအတွက် နေရထိုင်ရပိုအဆင်ပြေသွားသည်။

ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေတို့ တူအရီးနှစ်ယောက် အိမ်မှာ ကျန်နေခဲ့ပြီး ညဘက်မှာ အေးအေးဆေးဆေးစကားပြောခွင့်ရနေသည်။

"တူမကြီးသက်နှင်းဝေ. . မင်း ဘဘက ရွှေလထဲလောက် စစ်တိုင်းကိုလာမယ်တဲ့"

"ဟုတ်လား. . ကြီးကြီးသီရိကို လာတွေ့မှာပေါ့နော်"

"တူမကြီးကိုလဲ လာတွေ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘလာမယ်ဆိုလို့ မျှော်လိုက်တာ. . ကြီးကြီးသီရိက ဟိုပြီး ဖျော်မှာပေါ့နော်"

"ဒီကောင်မလေး လူကြီးကို နောက်ပြန်ပြီ"

"ကြီးကြီးသီရိ. . ဘဘနဲ့ လက်ထပ်လိုက်ရင် ရန်ကုန်လိုက်သွားမှာဆိုတော့ နှင်းဝေ ဒီမှာကျန်ခဲ့မှာနော်"

"အခြေအနေက ဘာမှန်းမသိသေးဘူး. . လျှောက်မပြောနေပါနဲ့ကွယ်"

ဒေါ်သီရိနွယ်က ရှက်ဝဲဝဲနှင့် တူမကြီးကိုပြောသည်။ တူအရီးနှစ်ယောက် အေးချမ်းစွာနှင့်စကားပြောရင်း အချိန်တွေကုန်လွန်ပြီး အိပ်ချိန်ရောက်မှ လူခွဲကြသည်။

ဒေါ်မာလာကြွယ်တို့ကို ရန်ကုန်တွင် နှလုံးအထူးကုပါရဂူနှင့် အပ်နှံပြီး ကျော်သူရိန်က ပြန်လာခဲ့သည်။ ပြန်ရောက်လာပြီး ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေကို လေးလေးငယ်ရဲ့ ရောဂါအခြေအနေကို ပြောသည်။





"ကြီးကြီးသီရိ လေးငယ်အတွက် စိတ်မပူနဲ့တော့. . ရန်ကုန်မှာ နိုင်ငံခြားက နှလုံးအထူးကုဆရာဝန်ကြီးတွေရောက်နေတယ်. . သူ့ကို အဲဒီဆရာဝန်ကြီးတွေ ကုသတဲ့စာရင်းထဲမှာ ထည့်ပေးတာ လေးငယ်သိပ်ကို ကံကောင်းတယ်"

"လေးငယ်လေး. . ခွဲစိတ်ကုရမှာလားဟင်"

"မခွဲရဘူး. . ပေါင်အကြောကနေ ပိုက်သွင်းပြီး နှလုံးသွေးကြောကို ချဲ့ပေးမှာ. . လေးငယ်က ရောဂါဆိုးဆိုးဝါးဝါးမဟုတ်တော့ အဲလိုကုသလိုက်ရင် ပျောက်သွားမှာပါ"

"ဟုတ်လား. . ဝမ်းသာလိုက်တာကွယ်"

သက်နှင်းဝေကလည်း လေးငယ်ရဲ့သတင်းကိုကြားပြီး အလွန်ဝမ်းသာနေသည်။

"ဒါဆို. . ညီမလေးကျန်းမာပြီး လူကောင်းတစ်ယောက်လို ဖြစ်သွားပြီပေါ့"

"ဟုတ်တယ်. . သွေးအားနည်းတာကိုတော့ ကုရမှာပေါ့. . ဒါကလဲ အစားမှန် အအိပ်မှန်ရင်ကောင်းသွားမှာပါ"

"ဝမ်းသာလိုက်တာကွယ်. . သူလေး ကျန်းမာမှ နှံ့သာမြိုင်မှာ ပိုပြီး စိုပြည်မှာ"

ဒေါ်သီရိနွယ်က ဝမ်းပန်းတသာနှင့်ပြောသည်။

"ကျွန်တော်ပြန်လိုက်ပါဦးမယ် ကြီးကြီးသီရိ. . လိုအပ်တာရှိရင် ပြောပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်"

"သက်နှင်းဝေ ကိုယ်ပြန်မယ်"

သက်နှင်းဝေရဲ့မျက်နှာကို အချိုသာဆုံး အပြုံးတွေနှင့် လှမ်းကြည့်ပြီး ပြောသည်။ သက်နှင်းဝေက ခေါင်းညိတ်လိုက်သည်။ သက်နှင်းဝေသည် ယခင်ကထက် သူ့ကို ပိုပြီး ရှောင်နေသည်ကို ဘဝင်မကျသော်လည်း မမေးရဲပါ။

သက်နှင်းဝေအား နှစ်ယောက်တည်း တွေ့ပြီး ဘာကြောင့်သူ့အပေါ် စိမ်းကားရသည်လဲလို့ မေးချင်သည်။

"ချစ်သူရှိတာနဲ့ပဲ တခြားယောကျ်ားတစ်ယောက်ကို မခေါ်မပြောဖြစ်နေရအောင် သက်နှင်းဝေဘယ်လိုဖြစ်နေလို့လဲ"

သက်နှင်းဝေ ကျော်ကျော်လင်းနှင့် ချစ်ကြိုက်နေသည်လို့ ထင်ပြီး ကျော်သူရိန်က ထိုသို့တွေးသည်။

"ငါ့ကို မိတ်ဆွေတစ်ယောက်လိုတောင် သက်နှင်းဝေ့က မဆက်ဆံနိုင်တာကိုက ဘဝင်မကျဘူး"

သက်နှင်းဝေထံမှ အချစ်ကိုမရရှိနိုင်မှန်းသိသော်လည်း ခင်မင်ရင်းနှီးမှုကိုတော့ ရချင်နေသည်။

နောက်တစ်နေ့ညတွင် ဒေါ်သီရိနွယ်က ကိုယ်လက်ညောင်းသည်ဆိုပြီးတော့ အိပ်သွားသည်။ လသာညမို့ သက်နှင်းဝေက မအိပ်ချင်သေး၍ လသာဆောင်မှာထိုင်ပြီး အဝေးသို့ငေးကာ တွေးနေသည်။





ထိုသို့တွေးရင်းနှင့် သက်နှင်းဝေရဲ့အကြည့်က ကျော်သူရိန်တို့နေထိုင်ရာအရပ်ဘက်ဆီသို့ ရောက်သွားသည်။ ထိုနေရာမှာ ကောင်းကင်ကြီးနီနေသည်ကို တွေ့သည်။

"ဟင်. . မီးလောင်နေသလိုပဲ"

ထိုသို့ တအံ့တဩငေးနေစဉ် ဆူညံစွာ အော်သော မီးဆိုသောအသံနှင့်အတူ ဆရာဝန်ကျော်သူရိန်တို့အိမ် မီးလောင်နေသည်ဆိုတာကို သက်နှင်းဝေကြားရသည်။

"အမလေး. . ဒုက္ခပါပဲ"

ဘာကိုမျှ ဆင်ခြင်တွေးတောနိုင်စွမ်းမရှိတော့ဘဲ သက်နှင်းဝေက အိမ်ပေါ်မှပြေးဆင်းခဲ့သည်။ တဟုန်ထိုး ကျော်သူရိန်တို့အိမ်ဘက်ဆီသို့ ပြေးလွှားနေသော လူတွေနှင့် ရောပြီး ပြေးခဲ့သည်။

ကျော်သူရိန်တို့အိမ်ဆိုလို့ မနားတမ်းပြေးခဲ့သဖြင့် သက်နှင်းဝေက အလွန်မောဟိုက်နေပါသည်။ ဒါပေမဲ့ ရင်ထဲမှာ စိုးရိမ်စိတ်က လွန်စွာပေါက်ကွဲနေသဖြင့် မောဟိုက်မှုကို ဂရုမပြုနိုင်ပါ။

ကျော်သူရိန်တို့ခြံထဲကိုပြေးဝင်ခဲ့သည်။ အိမ်ကြီးမီးလောင်ခြင်း မဟုတ်ဘဲ နောက်ပိုင်းက အလုပ်သမားနေသော အိမ်လောင်ခြင်းပါ။

သက်နှင်းဝေရောက်သည့်အချိန်မှာ ထိုအိမ်လေး၏အောက်ထပ်မှာရှိသော ရန်လုံကြီးမီးလောင်သည်ကို ကြောက်လန့်ပြီး အိမ်ရှေ့မှာ လျှောက်ပြေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရန်လုံသေတော့မှာပဲ"

သတ်နှင်းဝေကမီးထဲမှာ ကြောက်လန့်တကြားပြေးနေသော ရန်လုံတို့မြင်ပြီး ကြောက်လန့်တကြားအော်သည်။ ထိုအချိန်မှာ ကျော်သူရိန်တို့တွေ့လိုက်သည်။ မီးထဲဝင်ပြီး ရန်လုံကို ကယ်ဖို့ ကြိုးစားနေသည်ကို တွေ့ပြီး ပိုလန့်သွားသည်။

"အမယ်လေး. . ကိုသူရိန်တော့ ဒုက္ခရောက်တော့မယ်"

ကျော်သူရိန်ရဲ့အနားသို့ သက်နှင်းဝေရောက်သွားသည်။

"ကိုသူရိန်ရယ်. . မီးထဲမဝင်နဲ့. . မဝင်ပါနဲ့"

ကျော်သူရိန်ရဲ့ကိုယ်ကို အတင်းဖက်၍ ဖမ်းထားပြီး တောင်းပန်လိုက်သည်။

သက်နှင်းဝေကိုတွေ့လိုက်ရတော့ ကျော်သူရိန်က အံ့ဩသွားသော်လည်း ရန်လုံကို ကယ်ချင်၍ သက်နှင်းဝေရဲ့လက်ကို အတင်းဖယ်ရှားသည်။

"လွှတ်ပါ. . ရန်လုံသေသွားလိမ့်မယ်"

"ကိုသူရိန်ဝင်သွားရင် ကိုသူရိန်ပါ သေသွားမှာပေါ့"

သက်နှင်းဝေက အတင်းပင် ဖမ်းချုပ်ထားပြီး အရူးမလေးတစ်ယောက်လို အော်ဟစ်ငိုနေသည်။

"နှင်းဝေ ကိုသူရိန်ကိုသိပ်ချစ်တယ်. . အသေမခံနိုင်ဘူး. . မသွားရဘူး. . မသွားရဘူး"





မီးခဲပြာဖုံးသလို တိမ်မြုပ်နေသော သက်နှင်းဝေရဲ့အချစ်က ရုတ်တရက်တိုက်လိုက်သော လေပြင်းကြောင့် ပြာတွေလွင့်ပြီး မီးကျီခဲ ရဲရဲကြီးပေါ်လာတော့သည်။ ကျော်သူရိန်က တအံ့တဩဖြစ်သွားပြီးမှ သူ့လက်ကို အတင်းဖြုတ်ပြီး ရန်လုံကို ဝင်ကယ်သည်။

သက်နှင်းဝေက ကျော်သူရိန်ကို ဆွဲထား၍ မရသဖြင့် အော်ဟစ်ငိုယိုပြေးလွှားနေသည်။

"ကိုသူရိန်သေလိမ့်မယ်. . ကယ်ကြပါဦး. . ကယ်ကြပါဦး"

သက်နှင်းဝေက အသံတွေပြာအောင် ဟစ်အော်နေသည်။ ထိုအချိန်မှာ မထင်မှတ်သော မြင်ကွင်းကိုမြင်လိုက်ရသည်။ ကျော်သူရိန်ရဲ့ ကိုယ်ပေါ်သို့ မီးစွဲနေသော ထုတ်တန်းကြီးပြုတ်ကျတော့မည့် အချိန်မှာ ကျော်ကျော်လင်းက ကျော်သူရိန်ကို ဝင်ပြီး ကယ်လိုက်သည်။

ကျော်သူရိန်ရဲ့အပေါ်သို့ကျတော့မည့် ထုတ်တန်းက ကျော်ကျော်လင်းရဲ့ ကိုယ်ပေါ်သို့ကျသွားသည်။

"အား"

ကျော်ကျော်လင်းရဲ့ စူးဝါးသောအော်သံနှင့် သက်နှင်းဝေရဲ့ အော်သံပြိုင်တူလိုထွက်လာသည်။

ကျော်ကျော်လင်းကို ဝိုင်းဝန်းဆွဲထုတ်ပြီး ဆေးရုံပို့လိုက်ကြသည်။ ကျော်သူရိန်က မီးကူသတ်ရင်း နောက်ဆုံး လူအင်အားများ၍ မီးငြိမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့. . အိမ်မကြီးကို မကူးလို့"

အားလုံးက ရင်တမမနှင့်ဖြစ်နေရသော ဒုက္ခကင်းဝေးသွားကြသည်။

အားလုံး မီးငြိမ်းသွားတော့ စစ်ဆေးကြည့်သည့်အခါ ထမင်းချက်ပေးနေသော အခန်းကနေ ဝါယာရှော့ဖြစ်ပြီး မီးလောင်သည်ဆိုသော အဖြေကိုရသည်။

သက်နှင်းဝေက စစ်ဆေးမေးမြန်းသည့်နေရာတွင် မနေဘဲ မီးလောင်သည့်နေရာမှာနေပြီး သေသွားသော ရန်လုံကြီးကိုကြည့်ပြီး အလွန်စိတ်မကောင်းဖြစ်နေသည်။

"နှင်းဝေ"

သူ့အမည်ကို အလွန်ညင်သာသော လေသံဖြင့် ခေါ်သံကြား၍ ချာခနဲလှည့်ကြည့်လိုက်သည်။ ရွှန်းလဲ့နေသော ကျော်သူရိန်ရဲ့ မျက်လုံးအစုံကို တွေ့လိုက်ရသည်။

"နှင်းဝေရယ်. . မင်းလေး ကိုယ့်အတွက် အရမ်းစိုးရိမ်နေတာကို တွေ့ရတော့ ပိုပြီး ချစ်လိုက်ရတာ"

"ရှင်"

"နှင်းဝေကို ကိုယ်ချစ်နေတာကြာပြီ. . နှင်းဝေ ကိုယ့်ကို မုန်းတယ်ထင်ပြီး ဖွင့်မပြောရဲတာပါကွယ်"

သက်နှင်းဝေက ရီဝေသောမျက်ဝန်းတွေနှင့် ကြည်နူးစွာ ကျော်သူရိန်ကိုပြောသည်။





"နှင်းဝေကြောက်လန့်ပြီး ကိုယ် သေမှာကြောက်ပြီး ကိုယ့်ကို ချစ်တယ်လို့ ပြောလိုက်တာ. . တကယ်ပဲပေါ့နော်"

သက်နှင်းဝေက ဝန်ခံရအခက်၊ ငြင်းရအခက်ဖြစ်နေသည်။

"နှင်းဝေရယ်. . ဝမ်းသာလိုက်တာ. . မင်းကို မြင်စ တွေ့စကတည်းက ကိုယ် ချစ်ခဲ့တာပါ"

ရုတ်တရက် သက်နှင်းဝေရဲ့ ကိုယ်လေးကို ထွေးပိုက်လိုက်သဖြင့် သက်နှင်းဝေတစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားသည်။

"တစ်သက်လုံး ဘယ်သူ့ကိုမှ မချစ်ဖူးတဲ့ အချစ်တွေ မင်းကို ချစ်တာပါကွယ်"

"သားရေ. . သား"

လှမ်းခေါ်လိုက်သော ဦးမျိုးမြင့်ရဲ့အသံကြောင့် လူချင်းခွာလိုက်သည်။

"သားရေ လာပါဦး. . ဒီမှာမေးစရာရှိနေတယ်"

"နှင်းဝေ ခဏနော်"

"ရပါတယ်. . ကိုသူရိန်လုပ်စရာရှိတာ သွားလုပ်ပါ"

ကျော်သူရိန် ထွက်သွားသည့်အခါမှာ သက်နှင်းဝေဟာ လေးလေးငယ်ကို သတိရလိုက်သည်။

ထိုသို့ သတိရလိုက်စဉ်မှာပဲ တစ်ကိုယ်လုံး အေးစက်သွားကာ တောင့်တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားသွားပြီ . . သိပ်ကို မှားသွားပြီ . . လေးငယ်ရည်ရွယ်ထားတဲ့သူတို့မှ ချစ်မိသွားပြီ"

စိတ်မှာ အလွန်ချောက်ချားတုန်လှုပ်ပြီး တဟုန်ထိုး နံ့သာမြိုင်ဆီသို့ ပြေးလာခဲ့သည်။ ဒေါ်သီရိနွယ်ကို အိမ်ထဲဝင်လိုက်စဉ် မတွေ့ရသဖြင့် သူ့အခန်းကို တန်းပြန်ခဲ့သည်။

ဒေါ်သီရိနွယ်က အိပ်ဆေးသောက်ပြီး အိပ်နေသဖြင့် အလှမ်းဝေးသော ကျော်သူရိန်တို့အိမ်က အဖြစ်အပျက်ကို မသိရှာပါ။ သက်နှင်းဝေတစ်ယောက်သာ ထိတ်လန့်တုန်လှုပ်ပြီး ခုတင်ပေါ်မှာ အသည်းပေါက်မတတ် ငိုကြွေးနေသည်။

◆◆◆





(၂၀)

နောက်တစ်နေ့ နံနက် သက်နှင်းဝေအိပ်ရာကထပြီး မီးဖိုထဲဝင်ပြီး လုပ်ကိုင်နေစဉ်မှာ ဒေါ်သီရိနွယ်က နိုးပြီး ရောက်လာသည်။

"ကြီးကြီးသီရိ . . နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် . . ညက အိပ်ဆေးသောက်ပြီး အိပ်လိုက်တာ အိပ်ရေးတော်တော်ဝသွားတယ်"

"ညက ကိုကျော်သူရိန်တို့ရဲ့ နောက်ဖေးတန်းလျားမီးလောင်တယ်"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် . . တန်းလျားပဲလောင်ပြီး အိမ်ကြီးမလောင်လို့တော်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးကို ဘယ်သူပြောတာလဲ"

"ပြောတာမဟုတ်ဘူး.. နှင်းဝေရောက်သွားတာ"

"ဟင်.. ဟုတ်လား"

"မီးတောက်တွေမြင်ပြီး ကိုကျော်သူရိန်တို့အိမ်ဆိုတာနဲ့ ပြေးပြီး သွားကြည့်လိုက်တယ်"

"လူတွေရော.. ဘာဖြစ်သေးလဲ"

"မဖြစ်ဘူး.. ခွေးလေး ရှန်လုံပဲသေတယ်"

သက်နှင်းဝေက အဖြစ်အပျက်အကုန်လုံးကို ဒေါ်သီရိနွယ်အား ပြောပြသည်။ ကျော်သူရိန်နှင့် သူ့ကိစ္စကိုတော့ ထိန်ဝှက်ထားလိုက်သည်။

"ဒါဆို.. ကြီးကြီးသိရသွားပြီး သတင်းမေးမှဖြစ်မယ်.. တူမကြီးလိုက်ဦးမလား"

"ဟင့်အင်း.. မလိုက်တော့ဘူး"

ကျော်သူရိန်နဲ့တွေ့ရမှာ အနေခက်သဖြင့် သက်နှင်းဝေက ငြင်းပြီး ကျန်ရစ်ခဲ့သည်။ ဒေါ်သီရိနွယ်တစ်ယောက်တည်း ထွက်သွားသည်။ သက်နှင်းဝေက ဒေါ်မေနှင့်အတူ မီးဖိုထဲ ချက်ပြုတ်နေသည်။

"မမနှင်းဝေ.. ဆရာလာတယ်"

သဲသဲက လာပြောသဖြင့် သက်နှင်းဝေ တုန်လှုပ်သွားသည်။ ကျော်သူရိန်ရောက်နေ၍ ထွက်မတွေ့လျှင်လည်း မဖြစ်သဖြင့် ထွက်တွေ့ရသည်။





"နှင်းဝေ ဘာပြုလို့ ကိုယ့်ကို နှုတ်မဆက်ဘဲ ညတ ပြန်သွားတာလဲ"

"ကြီးကြီးသိရှိနိုးပြီး လိုက်ရှာနေမှာစိုးလို့ပါ"

"ဟုတ်လား.. ဒါဆို မနေ့ညက မပြီးပြတ်သေးတဲ့ ကိုယ်တို့ရဲ့ ဇာတ်လမ်းလေး ဆက်လိုက်ကြရအောင်.. ကိုယ် ဖေဖေ့တို့ ဖွင့်ပြောလိုက်တော့မယ်"

"အို့ မပြောပါနဲ့ ကိုသူရိန်.. မပြောပါနဲ့"

သက်နှင်းဝေက မျက်လုံးလေးဝိုင်းဝိုင်းနှင့် အထိတ်တလန့်ပင် ပြောသည်။

"ဘာလို့လဲ နှင်းဝေ"

"ကိုသူရိန်ရယ် တောင်းပန်ပါတယ်.. ညက အဖြစ်အပျက်တွေ မေ့ပေးပါနော်.. နှင်းဝေနဲ့ ကိုသူရိန်မိတ်ဆွေအဆင့်ထက် မပိုနိုင်ဘူးပါ"

"ဘာပြုလို့လဲ"

ကျော်သူရိန်က သက်နှင်းဝေရဲ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီးမေးသည်။

"နှင်းဝေ ကိုသူရိန်ကိုမချစ်ဘူး.. လက်လဲ ထောင်နိုင်တယ်"

"ဒီမှာ နှင်းဝေ.. မင်းက အပြောင်းအလဲမြန်တဲ့ မိန်းကလေး မဟုတ်ဘူး.. ညက ကြောက်လန့်တကြားနဲ့မို့ မင်းဟန်ဆောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဒူးပေါ်သလိုပေါ်သွားခဲ့တယ်. . အဲဒါကို မင်း မငြင်းနဲ့ ငြင်းလဲ ကိုယ် မယုံဘူး"

"ကိုသူရိန်ရယ်. . နှင်းဝေ တောင်းပန်ပါတယ်. . ညက အဖြစ်အပျက်ကို အိပ်မက်လို့ပဲ သဘောထားလိုက်ပါနော်"

"နှင်းဝေ. . မင်းဘာဖြစ်လို့ မင်းကိုယ်မင်း ညာနေတာလဲ. . ကိုယ့်ကို မင်းချစ်တယ်ဆိုတာ ကိုယ် သေချာသိတယ်"

သတ်နှင်းဝေက ဘာလုပ်ရမှန်းမသိအောင်ကိုပင် ရင်ထဲမှာ စိုးရိမ်ကြောက်လန့်မှုတွေ စိုးမိုးနေသည်။

"ကိုသူရိန် အဲ့လိုမေ့မပေးနိုင်ဘူးဆိုရင် နှင်းဝေ ဒီက ထွက်သွားမှာပဲ"

"ရတယ်. . ကြိုက်တဲ့နေရာသွား ကိုယ်ကလဲ လိုက်ပြီးသားပဲ"

"ဒုက္ခပါပဲ. . ကိုကျော်သူရိန်ရယ်"

"နှင်းဝေ မှန်မှန်ဖြေပါ. . ကိုယ့်ကို ချစ်လျက်နဲ့ မင်းဘာကြောင့် ငြင်းနေရတာလဲ. . ခိုင်လုံတဲ့အကြောင်းပြချက်မရှိရင် ကိုယ် လက်မခံဘူးနော်"

"ခိုင်လုံတဲ့အကြောင်းပြချက်ရှိရင်ကော"

"ပြောကြည့်လေ. . ကိုယ် လက်ခံနိုင်ရင် လက်ခံမယ်"

"အဓိက က လေးငယ်ကြောင့်ပါ. . လေးငယ်က ကိုသူရိန် ကို သိပ်ချစ်တယ်. . ကြီးကြီးကလဲ သဘောတူတယ်. . ကိုသူရိန့်ကိုမှ





မရရင် သေတောင်သေသွားနိုင်တယ်"

"ဘာဆိုင်လို့လဲ"

"သိပ်ကိုဆိုင်ပါတယ်. . ကိုသူရိန်ကိုသာ နှင်းဝေလက်ခံလိုက် ရင် ကြီးကြီးနဲ့ လေးငယ်ကို ကောင်းကောင်းကြီး [illegible] သလိုဖြစ်မှာမို့ပါ"

"ကိုယ်မှ လေးငယ်ကို မချစ်တာ. . သူ့ကို ညီမလေးတစ် ယောက်လိုပဲ သံယောဇဉ်ရှိတယ်"

"နှင်းဝေကျေးဇူးကန်းတဲ့သူ မဖြစ်ချင်ဘူး ကိုသူရိန်ရယ်. . ကိုသူရိန်ကိုသာ နှင်းဝေလက်ခံလိုက်ရင် နှင်းဝေ သူတို့ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး"

"ခက်တာပဲနော်"

"ဟုတ်တယ် ကိုသူရိန်. . လေးငယ်က ရောဂါသည်. . နှင်း ဝေတို့ကြောင့် သူ ဒုက္ခရောက်လို့မဖြစ်ဘူး. . ပြီးတော့ သူ့ရောဂါ [illegible] အနေကို ကိုသူရိန်သိသားပဲ"

"သူ့ရောဂါက ဒါလောက်အခြေအနေဆိုး [illegible] အတွက် ကိုယ်တို့ရဲ့ ပျော်ရွှင်မှုကို မဆုံးရှုံးနိုင်ဘူး"

"ကိုသူရိန်ရယ်. . သူပြန်လာပြီး အခြေအနေ [illegible] နှင်းဝေကို တကယ်ချစ်ရင် စိတ်ချမ်းသာစေချင် [illegible] တို့နှစ်ယောက်ရဲ့ ကိစ္စကို ခဏလျှို့ဝှက်ထားပေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ. . နှင်းဝေဒီလောက်တောင် စိတ်ဒုက္ခဖြစ်နေရင် ခဏလျှို့ဝှက်ထားပေးမယ်. . ပြီးရင် ကိုယ့်ဆန္ဒကို လိုက်လျောရမယ်"

"ဟုတ်ကဲ့ပါ"

ကျော်သူရိန်သည် နောက်ဆုတ်ပေးမည်မဟုတ်ဆိုတာသိ၍ ခဏစိတ်သက်သာရာရလျှင်ပြီးရောဆိုပြီး သက်နှင်းဝေက ချွေးသိပ်လိုက်သည်။ လေးလေးငယ်ပြန်ရောက်လာပြီး သူ့ရောဂါအခြေအနေကိုကြည့်ပြီးမှ ပြောဖို့စိတ်ကူးသည်။

"လေးငယ် ကိုသူရိန်ကိုချစ်နေမှန်းသိလျက်နဲ့ နှင်းဝေကို သူရိန်ကိုချစ်လိုက်တာကိုက နှင်းဝေမကောင်းတာပါ"

"ဘာဆိုင်လို့လဲ နှင်းဝေရယ်. . လေးငယ်ကို ကိုယ်ကမှ မချစ်တာ. . ဘယ်တုန်းကမှလဲ ချစ်တယ်လို့ မပြောခဲ့ဘူး"

"ဒါပေမဲ့ သူက မျှော်လင့်ခဲ့နေတယ်လေ"

"သူ့စိတ်ကိုချည်း ဘယ်လိုလိုက်လျောနိုင်မှာလဲ. . ကိုယ့်မှာလဲ ကိုယ့်နှလုံးသားနဲ့ကိုယ်. . ကိုယ့်ခံစားချက်နဲ့ကိုယ်ပဲ. . ကိုယ် ချစ်မြတ်နိုးတဲ့ သူကိုသာ ကိုယ်လက်ထပ်နိုင်မှာပေါ့"

ကျော်သူရိန်ပြောသောစကားက မှန်နေ၍ သက်နှင်းဝေက ဘာပြန်ပြောရမှန်းမသိ။

"စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး လူတစ်ဖက်သားကို နှင်းဝေစာနာတာကို နားလည်ပါတယ်. . နှလုံးသားရေးရာနဲ့တော့ နှင်း





ဝေရယ် မစာနာလိုက်ပါနဲ့. . သိပ်ချစ်တဲ့ ကိုယ့်ရဲ့ မေတ္တာကို စော်ကားသလိုဖြစ်သွားလိမ့်မယ်"

"ကိုသူရိန်ရယ်"

"နှင်းဝေကိုမြင်မြင်ချင်း ကိုယ်သိပ်မြတ်နိုး. . သိပ်ချစ်ခဲ့တာ အဲဒါကို နှင်းဝေကချစ်လျှူမရှုသင့်ဘူး"

"ဟုတ်ပါပြီ ကိုသူရိန်ရယ်. . လေးငယ်ပြန်ရောက်ပြီးမှ ဒီကိစ္စကို ခေါင်းအေးအေးနဲ့ဆွေးနွေးကြမယ်နော်"

"လေးငယ်က ဟိုမှာ ကုသအောင်မြင်နေပြီ. . မကြာခင် လူကောင်းပကတိလိုဖြစ်ပြီး ပြန်လာတော့မယ်"

"အဲဒီအတွက် နှင်းဝေ ဝမ်းသာပါတယ်"

"ကဲ. . သူများအကြောင်းတွေ အသာထား. . ကိုယ့်အနားလာပါဦး. . သူတစ်ပါးကို သိပ်ပြီး မေတ္တာထားတတ်တဲ့ မေတ္တာရှင်မလေးတော့ ဒီမေတ္တာသူဖုန်းစားကို အချစ်လေးနည်းနည်း စွန့်ကြပါဦး"

ကျော်သူရိန်က ပြောရင်းနှင့်သက်နှင်းဝေ၏ ကိုယ်လေးကို ဆွဲခနဲပွေ့ဖက်လိုက်သည်။

"အို. . ကိုသူရိန်အိမ်ထဲမှာ သဲသဲတို့ရှိတယ်. . မြင်သွားရင် နှင်းဝေတို့ လျှို့ဝှက်ချက်ပေါ်သွားလိမ့်မယ်"

"သူတို့ကလဲ ရှုပ်လိုက်တာကွာ. . နှင်းဝေကို ကိုယ် ဘယ်တော့ လွတ်လွတ်လပ်လပ်တွေ့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်လာခဲ့လေ . . နှင်းဝေ ခြံထဲမှာ စောင့်နေမယ်"

"ကောင်းပြီ"

ကျော်သူရိန်ကို ချွေးသိပ်လွှတ်လိုက်၍ ကျော်သူရိန်ပြန်သွားသည်။ သက်နှင်းဝေက လေးလေးငယ်ကို တွေးမိလေတိုင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင်ဖြစ်နေသည်။

❀

သက်နှင်းဝေက အိမ်မှာ ကျန်ရစ်ခဲ့ပြီး ဒေါ်သီရိနွယ်က ဆိုင်ထွက်သည်။ ထိုအချိန်မှာ ဦးသော်တာရောက်လာသည်။

"ဟယ် . . ဘဘသော်တာလာတယ် . . ဝမ်းသာလိုက်တာ"

သက်နှင်းဝေက ဦးသော်တာကိုဖက်ပြီး ခုန်ပေါက်နေသည်။

"ဘဘ . . ကြီးကြီးသီရိနဲ့ တွေ့ချင်မှာပေါ့နော် . . လာ နှင်းဝေ ဆိုင်ကို လိုက်ပို့ပေးမယ်"

ဒေါ်သီရိနွယ်ရှိရာဆိုင်သို့ ပို့ပေးသည်။ နှစ်ပေါင်းများစွာ ကွေကွင်းခဲ့ရသော ချစ်သူနှစ်ဦးကိုကြည့်ပြီး သက်နှင်းဝေက မျက်ရည်လည်သည်အထိ ဝမ်းသာနေသည်။





"ဘဘ ကြီးကြီးနဲ့နေခဲ့နော် . . ထမင်းစားချိန်ကျရင် ကြီးကြီးနဲ့အတူ အိမ်လိုက်ခဲ့နော်"

"အေးပါကွယ်"

ချစ်သူနှစ်ဦးကို လွှတ်လပ်စွာထားခဲ့ပြီး သက်နှင်းဝေပြန်လာခဲ့သည်။ ထမင်းဟင်းကို ဖွယ်ဖွယ်ရာရာစီစဉ်လိုက်သည်။ ဦးသော်တာက တည်းခိုခန်းမှာတည်းသဖြင့် ညစာကျွေးပြီးမှ ပြန်လွှတ်သည်။

ထိုနေ့ညက ဒေါ်မာလာတွယ်ထံမှ တယ်လီဖုန်းလာသည်။ သူတို့ နောက်နေ့ညတွင် ရောက်မည်။ အထူးဧည့်သည်ပါလာ၍ အခန်းကျယ်ကို ရှင်းလင်းပြင်ဆင်ထားရန် မှာသည်။

ဦးသော်တာပြန်သွားပြီးမှ သက်နှင်းဝေက ဒေါ်သီရိနွယ်ကို မေးသည်။

"ကြီးကြီးသီရိ . . ဘဘသော်တာက ဘာတွေပြောသွားလဲဟင်"

"သူက ကြီးကြီးကို လက်ထပ်မယ်တဲ့ . . ကံကောင်းလို့ ပြန်ဆုံတာမို့ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူးတဲ့"

"အဲဒီတော့ ကြီးကြီးကရော"

"ကြီးကြီးလဲ သူနဲ့နေချင်တယ် . . မမကိုကြောက်တယ် . . ပြီးတော့ လေးငယ်ရဲ့ အခြေအနေကလဲ ဘယ်လိုမှန်းမသိဘူး"

"မနက်ဖြန်ကျရင် လေးငယ်တို့ပြန်လာပြီးမှ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပေါ့. . ကြီးကြီးသိရိကို နှင်းဝေက စိတ်ချမ်းသာစေချင်တယ်. . တစ်သက်လုံး သူများအလိုလိုက်ခဲ့ရတာ ဒီတစ်ခါ ကြီးကြီးသိရိရဲ့ စိတ်ချမ်းသာမှုကို ကိုယ့်ဘာသာကိုယ် ရှာပါတော့လို့ ပြောချင်တယ်"

"ဟုတ်တွယ်ကွယ်. . ကြီးကြီးလဲ စိတ်ချမ်းသာချင်ပါတယ်"

"အဘရောက်တုန်း စိတ်ညစ်စရာတွေမေ့ပြီး ပျော်ပျော်ကြီးနေပါ. . ကြီးကြီးသိရိရယ်"

"စဉ်းစားကြည့်သေးတာပေါ့ကွယ်"

ဒေါ်သိရိနွယ်က စောစောအခန်းအောင်းသွားပြီး သူတွေးချင်တာတွေကို လွတ်လွတ်လပ်လပ်တွေးချင်နေပုံပေါ်သည်။ သက်နှင်းဝေအတွက် အခွင့်ကောင်းမို့ ပန်းခြံထဲကို သက်နှင်းဝေ ဆင်းလိုက်သည်။

ပန်းခြံထဲက ထိုင်ခုံလေးမှာ ကျော်သူရိန်ထိုင်နေသည်ကို တွေ့ရသည်။

"ရောက်နေတာကြာပါပြီလား ကိုသူရိန်"

"ငါးမိနစ်လောက်ရှိပြီ"

"ကြီးကြီးသိရိကို စကားပြောနေတာနဲ့ ထွက်လာလို့ မရတာ"

"ရပါတယ် ကိုယ်စောင့်နိုင်ပါတယ်"

သက်နှင်းဝေထိုင်လိုက်စဉ် သက်နှင်းဝေရဲ့ ကိုယ်လေးကို ယုယကြင်နာစွာ ပွေ့ဖက်လိုက်သည်။

"မနက်ဖြန်ည လေးငယ်တို့ပြန်လာတော့မယ်"





"ကိုယ်သိပြီးပါပြီ"

"သူတို့ကိုရင်ဆိုင်ရမှာ နှင်းဝေကြောက်တယ် ကိုသူရိန်ရယ်"

"မကြောက်ပါနဲ့. . ကိုကိုတစ်ယောက်လုံးရှိတယ်"

ကျော်သူရိန်က သူ့ရင်ကို သူ လက်မထောင်ပြီး ညွှန်ပြရင်း ကိုကိုဆိုသော အခေါ်အဝေါ်ကို သုံးလိုက်သည်။

"နှင်းလေး ကိုကို့ကိုချစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ချစ်ပါတယ်. . ကိုကိုလို့ပြောလေ"

"ချစ်ပါတယ် ကိုကိုရယ်"

"ချစ်ရင် သတ္တိရှိရမယ်. . အဲဒီအချစ်အတွက် နှင်းဝေသတ္တိရှိရမယ်. . အရာရာကို ရင်ဆိုင်နိုင်ရမယ်"

"အရာရာကို ရင်ဆိုင်နိုင်ပါတယ်. . လေးငယ်တို ရင်မဆိုင်နိုင်တာပါ"

"ဒီလောက်အားပေးနေတာတောင် လေးငယ်က ပါလာပြန်ပြီလား"

"နှင်းဝေကို ယုတ်မာရက်စက်စွာနဲ့ ကိုကို့ကို ဖြတ်လုသွားတယ်လို့ အပြောခံရမှာ ကိုကို မသနားဘူးလား"

"သနားလို့ တောကြီးရှင်ခွင်ကြီးထဲမှာ တစ်သက်လုံး ယုယပိုက်ထွေးပြီး ကြင်နာမယ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်လွန်းသော ကျော်သူရိန်ရဲ့ မေတ္တာကြောင့် သက်နှင်းဝေက မျက်ရည်ဝဲ့သည်အထိ ကြည်နူးရပါသည်။

"ကိုကိုရယ် သိပ်ချစ်မပြပါနဲ့နော်. . ကိုကိုသိပ်ချစ်လေ. . နှင်းဝေရင်ကွဲအောင် ခံစားရလေလေပါ"

ထိုစကားစုကို သက်နှင်းဝေက ရင်ထဲကသာ ပြောလိုက်ပါတော့သည်။

"စိတ်ညစ်စရာတွေ မတွေးနဲ့ နှင်းဝေလေးရယ်. . ဖြစ်လာတဲ့ ပြဿနာကို မီးစင်ကြည့်ကပြီး နှစ်ယောက်အတူ ရင်ဆိုင်ကြမယ်နော်"

"ဟုတ်ကဲ့"

"ဒီလိုလရောင်တွေ ဆမ်းပြီး သာယာနေတဲ့ ညချမ်းမှာ ကြည်နူးစရာစကားတွေပဲ ပြောကြရအောင်လားကွယ်"

ကျော်သူရိန်က တိုးဖက်လိုက်၍ သူ့ရင်ခွင်ကျယ်ထဲမှာ သက်နှင်းဝေနစ်မြုပ်သွားရပါတော့သည်။

"ကိုကို့ကို နှင်း သိပ်ချစ်ပါတယ်"

◆◆◆





(၂၁)

ညွှန့်သည်ခေါ်လာမည်ဆို၍ နောက်တစ်နေ့မှာ တစ်နေ့လုံး သက်နှင်းဝေအခန်းရှင်းပြင်ဆင်နှင့် အားရသည်ကို မရှိပါ။ ညနေဘက် ရေမိုးချိုးပြင်ဆင်ပြီး ဒေါ်မာလာကြွယ်တို့အလာကို စောင့်ကြိုနေသည်။

ညနေစောင်းမှာ နုံ့သာမြိုင်ရဲ့ ဆင်ဝင်အောက်သို့ နောက်ဆုံးပေါ် ပါဂျဲရိုကားကြီး ဝင်လာသည်။ ကားစက်သံရပ်သွားသည်နှင့် ဒေါ်မာလာကြွယ်ရဲ့ အသံစာစာက ထွက်လာသည်။

"သက်နှင်းဝေ. . သီရိလာကြဦး"

ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေက ဒေါ်မာလာကြွယ်ရဲ့ အသံကို မကြားခင်ကတည်းက ထွက်လာနေပါသည်။

"ဒီမှာ ညွှန့်သည်ပါလာတယ်. . ညွှန့်ခန်းထဲခေါ်သွားပြီး အအေးတစ်ခုခု တိုက်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ကြီးကြီးမာလာ"

ညည့်သည်ရဲ့ ခရီးဆောင်သေတ္တာနှင့် ဒေါ်မာလာကြွယ်တို့ရဲ့ သေတ္တာတွေကို သက်နှင်းဝေက သယ်သည်။ ဒေါ်သီရိနွယ်က အအေး စီစဉ်ပေးသည်။

သားသားနားနားနှင့် ထိုလူစိမ်းကို သက်နှင်းဝေက ဘယ်သူပါ လိမ့်ဟု တွေးနေသည်။

"မသီရိနဲ့သက်နှင်းဝေ. . ဒါ ဒေါက်တာမိုးဝေလေ. . သမီးကို ဆေးရုံမှာ အရမ်းဂရုစိုက်တာ. . အပြန်ကိုတောင် သူ့ကားနဲ့ အတင်း လိုက်ပို့ပေးတာ"

"ဟုတ်ကဲ့. . တွေ့ရတာ ဝမ်းသာပါတယ်"

လေးလေးငယ်ကို ဆရာမိုးဝေက အတော်အလေးပေးသလို ဒေါ်မာလာကြွယ်နှင့် လေးလေးငယ်ကလည်း သူ့ကို အရေးပေးနေကြ ပါသည်။

"ကြီးကြီးတို့ ခဏနားပြီး စားကြသောက်ကြမလား"

"ရေချိုးပြီး စားကြတာပေါ့"

"ဟုတ်ကဲ့. . နှင်းဝေပြင်ထားလိုက်ပါ့မယ်"

"လာ မောင်မိုးဝေနေရမယ့်အခန်းကို အန်တီလိုက်ပြမယ်"

"မေမေကလဲ လေးငယ်ကိုယ်တိုင်လိုက်ပြမှာပေါ့"

"ဒါဆိုလဲ သွားပြလိုက်ပါကွယ်. . သူ နားချင်နေမှာပေါ့"





ဒေါက်တာမိုးဝေက သူ့ခရီးဆောင်သေတ္တာကို သူ့အာသာ သယ်သွားသည်။ ထွက်သွားသော သူတို့နှစ်ယောက်ကို ဒေါ်မာလာ ကြွယ်က ခပ်ပြုံးပြုံးကြီးကြည့်နေသည်။

"မမ တူမလေးရောဂါ ဘယ်လိုလဲဟင်"

"ကောင်းသွားပြီ. . သူ ဆိုးဆိုးဝါးဝါးကြီးမဖြစ်နိုင်တော့ဘူး. . တဖြည်းဖြည်း ပိုပြီး ကျန်းမာလာမှာပါ"

"ဝမ်းသာလိုက်တာ ကြီးကြီးမာလာရယ်"

"ငါလဲ ရေချိုးလိုက်ဦးမယ်"

"ကြီးကြီး. . ရေနွေးနဲ့ ချိုးမလား"

"မချိုးဘူး. . သမီးလေးအတွက်ပဲ စီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

လေးလေးငယ် ကျန်းမာလာသည်ဆို၍ သက်နှင်းဝေက ဝမ်း သာနေသည်။ လေးလေးငယ် ကျန်းမာရေးအခြေအနေကောင်းလျှင် ကျော်သူရိန်က လေးလေးငယ်ကို ပြင်းရသည်မှာ ပို၍ အဆင်ပြေသည် လို့ တွက်ဆသည်။

"လေးငယ်. . ရေချိုးမလား"

"ချိုးမယ်. . မမနှင်းဝေ"

"ရေနွေးစပ်ပေးမယ်နော်"

"ရတယ်. . ရေအေးနဲ့ပဲချိုးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . နေမကောင်းတော့လဲ ကိုမိုးကုပေးမှာပေါ့"

ဒေါက်တာမိုးဝေကို တရင်းတနှီးကြီးခေါ်လိုက်သဖြင့် သက်နှင်းဝေက လေးလေးငယ်ကို တအံ့တဩကြည့်နေသည်။

"မမနှင်းဝေကို လေးငယ်ပြောစရာတွေ အများကြီးရှိတယ်၊ မနက်ကျရင် ပြောပြမယ်သိလား"

"အေးပါကွယ်"

သက်နှင်းဝေက လေးလေးငယ်ကို ရေချိုးရန်ပြင်ဆင်ပေးပြီး အောက်ထပ်မှာ ထမင်းပွဲပြင်ရန် ပြန်ဆင်းလာသည်။

"ကြီးကြီးသီရိရေ. . ပါလာတဲ့ဆရာဝန်နဲ့ လေးငယ်ကြည့်ရတာ သိပ်ရင်းနှီးသလိုပဲ. . မိတ်ဟောင်းဆွေဟောင်းတွေလား မသိဘူး"

"သူ့ကို ကြီးကြီးသီရိမမြင်ဖူးပါဘူးကွယ်"

"ဟုတ်လား"

ထမင်းပွဲကို ခပ်သွက်သွက်ပြင်နေရ၍ လေးလေးငယ်နှင့် ဒေါ်သီရိကြွယ်တို့ စကားပြတ်သွားသည်။ ထမင်းစားသောက်နေစဉ် လေးလေးငယ်နှင့် မိုးဝေရဲ့ ဆက်ဆံရေးကို သက်နှင်းဝေက သိပ်ရင်းနှီးကြသည် မရိုးသားဘူးဟု ထင်သည်။

စားသောက်ပြီး ဧည့်ခန်းထဲမှာ သူတို့ စကား အေးအေး ဆေးဆေးပြောနေစဉ် ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေက ဒေါ်မေနှင့်အတူ





သိမ်းဆည်းဆေးကြောနေရသည်။

ခရီးပန်းလာကြသဖြင့် ခဏသာ စကားပြောဆိုကြပြီး သူတို့ အခန်းအသီးသီးဆီသို့ ဝင်သွားကြသည်။ ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေလည်း တစ်နေ့လုံး ပင်ပန်းမောပန်းနေသဖြင့် အိပ်ရာစောစောဝင်သည်။

❀

နောက်တစ်နေ့ နံနက် သက်နှင်းဝေက လေးလေးငယ်ရဲ့ အခန်းသို့သွားပြီး လေးလေးငယ်ကို လုပ်ကိုင်ပေးနေစဉ် ဒေါ်မာလာကြွယ်က ရောက်လာသည်။ ဒေါ်မာလာကြွယ်ရောက်လာစဉ် လေးလေးငယ်က မိုးဝေနှင့်ပတ်သက်သော အကြောင်းကို ပြောပြနေသည်။

"ရန်ကုန်မှာ ဆေးရုံတက်ရင်း ကိုမိုးနဲ့ လေးငယ်တွေ့တာ သူက ပါရဂူကြီးရဲ့လက်ထောက်လေ. . လေးငယ်ကိုမြင်မြင်ချင်း သူတာ ချစ်သွားတယ်သိလား"

"ဟုတ်လား"

"လေးငယ်ရဲ့ရောဂါက အိမ်ထောင်လဲပြုလို့ရတာ သူသိလို့



www.burmeseclassic.com

www.burmeseclassic.com



လေးငယ်ကို လက်ထပ်ပါရစေလို့ တောင်းဆိုတယ်"

"အဲဒီတော့ လေးငယ်က ဘာပြောလဲ"

"ချမ်းသာတယ်.. ဆရာဝန်လဲဖြစ်တော့ သူ့ကို လက်ခံလိုက်တယ်"

"ကိုကျော်သူရိန်က ဘယ်လိုဖြစ်သွားပြီလဲ"

"ကိုကိုသူရိန်က အလကားပါ.. လေးငယ်ကို မချစ်ဘူး.. ကိုယ်ချစ်ဆိုတာ ပင်ပန်းတယ်လို့ မမနှင်းဝေပဲပြောထားတာ.. ဒါကြောင့် သူချစ်ကို လေးငယ်ရွေးလိုက်ပြီ"

"ဟုတ်တယ်.. သက်နှင်းဝေ ရှေ့အပတ်ထဲမှာ သူ့မိဘတွေ ဒီကိုလာကြောင်းလမ်းလိမ့်မယ်"

"မမနှင်းဝေ ဝမ်းသာတယ်မဟုတ်လားဟင်"

သည်ကမ္ဘာလောကကြီးထဲမှာ သက်နှင်းဝေလောက် ဝမ်းသာသည့်သူ ရှိမည်မထင်ပါ။

"ဝမ်းသာပါတယ် လေးငယ်ရယ်.. မမနှင်းဝေအရမ်းဝမ်းသာပါတယ်"

"ကိုကိုသူရိန်ကို လေးငယ်ရဲ့ရင်ထဲက ထုတ်ပစ်လိုက်ပြီသိလား"

"အဲ့လိုကြားရတဲ့အတွက် မမနှင်းဝေပြောစရာရှိတာ ပြောပါရစေလား"





"ဘာများလဲဟင်"

"ကိုသူရိန်က မမနှင်းဝေကို လက်ထပ်ခွင့်တောင်းတယ်"

"ဘာပြောတယ်"

စောစောက ချိုမြပြုံးရွှင်နေသော လေးလေးငယ်ရဲ့မျက်နှာက ချက်ချင်းခက်ထန်သွားသည်။

"မမနှင်းဝေကို သူက ချစ်နေတယ်ပေါ့"

သက်နှင်းဝေက ခေါင်းငုံ့ပြီး နေသည်။ လေးလေးငယ်ဘာကြောင့် သည်လောက်ဒေါသဖြစ်သွားသည်ကို နားမလည်ပါ။

"မမနှင်းဝေ သူ့ကို လက်ထပ်မယ်ပေါ့"

"လေးငယ်နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူးဆိုရင် မမနှင်းဝေ သူ့ကို လက်ခံချင်တယ်"

"တွေ့လား မေမေ..လေးငယ်လဲ ထွက်သွားရော.. လေးငယ်ကို သူ တောင်းကောင်းသစ္စာဖောက်တယ်.. ကြားတာ မြတ်ရှုတယ်.. တွေ့လား မေမေ"

"လေးငယ်မလိုချင်လို့ စွန့်ပစ်တဲ့ပစ္စည်းကို မမနှင်းဝေတကောက်ယူလိုက်တာပါ"

"အလကားအပိုတွေ ပြောမနေနဲ့.. အစကတည်းက မမနှင်းဝေ ကိုကိုသူရိန်ကို ခိုးပြီး ကြံနေတာမဟုတ်လား"

"လေးငယ်ဒီလောက်ကြီး မမကို ရက်ရက်စက်စက်မပြောပါနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေက ဝမ်းနည်းလွန်း၍ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။ သက်နှင်းဝေအပေါ်မှာ နူးညံ့နားလည်ခဲ့ခြင်းမရှိသော ဒေါ်မာလာကြွယ်ရဲ့ ရင်ထဲသို့ ပထမဦးဆုံးအကြိမ် စာနာစိတ်ဝင်လာသည်။

အလိုလိုက်ထား၍ တစ်ကိုယ်ကောင်းဆန်သော သမီးကို ဘက်မလိုက်ဘဲ အမှန်တရားဘက်က ရပ်တည်လိုက်သည်။

"သမီးလေးရယ်. . မမနှင်းဝေကို အဲ့လိုမပြောပါနဲ့ကွယ်. . သမီးက မောင်မိုးဝေကို ရွေးပြီးပြီပဲ. . မောင်သူရိန်ထက် အစစသာတဲ့ မောင်မိုးဝေကိုရနေပြီပဲ. . မောင်သူရိန့်ကို လွတ်လပ်ခွင့်ပေးလိုက်ပါ. . သူ ကြိုက်တာ သူလုပ်ပါစေ"

သည်တစ်ခေါက် သမီးဘက်ကမလိုက်ဘဲ မျှတစွာ ဆုံးဖြတ်ပေးသော ဒေါ်မာလာကြွယ်ကို အလွန်ကျေးဇူးတင်သွားသည်။

"မေမေကလဲ မမနှင်းဝေ လေးငယ်အပေါ်မှာ သစ္စာမရှိတာကို အပြစ်တင်ရမှာပေါ့"

"သမီးလေးရယ်. . သမီးကြိုက်တဲ့လူနဲ့ စေ့စပ်ပြီး လက်တောင်ထပ်တော့မှာ. . ဘာပြုလို့ ကျော်သူရိန့်ကို ခေါင်းထဲထည့်နေရတာလဲ"

"ကိုကိုသူရိန်က လေးငယ်ကို မချစ်တဲ့အတွက် သူ ဘယ်သူ့ကိုမှ မယူရဘူး"





"သမီးနော်. . မေမေတစ်သက်လုံး အလိုလိုက်ခဲ့တယ်. . အခုကိစ္စ သမီးသိပ်ပြီး တစ်ကိုယ်ကောင်းဆန်ပြီး စိတ်ယုတ်မာနေတာ အဲဒါကို ခွင့်မလွှတ်ဘူး"

ဒေါ်မာလာကြွယ်ရဲ့ ရင်ထဲမှာ တရားမျှတသော စိတ်ထားတွေရှိနေသည်ကို တွေ့လိုက်ရ၍ သက်နှင်းဝေဝမ်းသာသွားသည်။

"ဒီမှာ သက်နှင်းဝေ. . မင်း မောင်သူရိန်နဲ့ လက်ထပ်မယ်ဆိုရင် ကြီးကြီးသဘောတူတယ်"

"ကျေးဇူးတင်ပါတယ် ကြီးကြီးမာလာ"

"သမီးလေးနော်. . မောင်မိုးဝေကို သမီးသိပ်ပြီး လိုချင်တယ်၊ လက်ထပ်ချင်တယ်ဆိုရင်. . မလိုလားအပ်တဲ့ ပြဿနာတွေကြား ဝင်မပါအောင် သတိထားနေပါ"

"မောင်သူရိန့်ကိုမေ့လိုက်. . သူနဲ့ဘာမှဖြစ်တာမဟုတ်ဘဲ မောင်မိုးဝေကြားသွားရင် သမီးကို အထင်လွဲသွားလိမ့်မယ်"

မိုးဝေကို အလွန်စိတ်ဝင်စားနေပြီး လက်လွတ်ဆုံးရှုံးမှာကို မလိုလားသော လေးလေးငယ်က မိခင်ရဲ့ စကားကြောင့် ထိတ်လန့်သွားသည်။

"လေးငယ်. . မေမေ့စကားကို နားထောင်ပါ့မယ်"

"ဒါဆို မောင်သူရိန်အကြောင်းကို သမီးမေ့လိုက်တော့"

"လေးငယ် ကိုကိုသူရိန်ကို ချစ်ခဲ့တာမဟုတ်ဘူးဆိုတာ သိအေး



www.burmeseclassic.com

www.burmeseclassic.com



ပြီ. . မမနှင်းဝေပြောသလိုပဲ လေးငယ်စိတ်ကစားခဲ့တာပါ. . အခု တိုမိုးကိုမှ လေးငယ်တကယ်ချစ်မိသွားပါပြီ. . သူနဲ့တွဲရရင် လေးငယ် သေမလားမသိဘူး"

"ဒါဆိုလဲ သက်နှင်းဝေကို ပြဿနာမရှာနဲ့. . အေးအေးဆေး ဆေးနေလိုက်တော့"

"ဟုတ်ကဲ့ပါ မေမေ"

လေးလေးငယ်တ သက်နှင်းဝေတို လှမ်းကြည့်ပြီး တောင်းပန် သည်။

"မမနှင်းဝေရယ်. . လေးငယ်ကိုခွင့်လွှတ်ပါ. . မမနှင်းဝေ ကြောင့် လေးငယ်ဘဝမှာ အသိဉာဏ်တွေ တိုးခဲ့ရပါတယ်. . လေးငယ် ကို ပြုစုပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်. . မမနှင်းဝေကို ကိုကို သူရိန်နဲ့ သဘောတူလိုတ်ပါပြီ. . ကျေနပ်ပါနော်"

"မမနှင်းဝေမှာ ဒီညီမလေးတစ်ယောက်ပဲရှိတာ. . မမနှင်းဝေ သိပ်ချစ်လို့ စိတ်မဆိုးရက်ပါဘူးကွယ်"

"မမနှင်းဝေရယ်"

လေးလေးငယ်က သက်နှင်းဝေကိုဖက်ပြီး ငိုသည်။ လေးလေး ငယ်သည် စိတ်ယုတ်မာမရှိပါ။ အလိုလိုက်ထား၍ တမင်သက်သက် ဆိုးနေသည်ဆိုတာကို သက်နှင်းဝေနားလည်သဘောပေါက်ပါသည်။

"မငိုနဲ့တော့နော်. . တော်ကြာ ကိုမိုးဝေရှေ့မှာ အငိုမျက်နှာ ကြီးနဲ့ဆို မကောင်းပါဘူး"





လေးလေးငယ်ရဲ့ မျက်ရည်စတွေကို ကြင်နာစွာနှင့် သက်နှင်း ဝေက သုတ်ပေးလိုက်သည်။ ညည်သည်ပါလာ၍ သက်နှင်းဝေက စားရေးသောက်ရေးကို အထူးဂရုစိုက်၍ လုပ်ကိုင်ပေးသည်။

"ကဲ. . မမနှင်းဝေ နံနက်စာအတွက်သွားပြီး ပြင်ဆင်လိုက် မယ်လေးငယ်. . ညည်သည်ကို ခေါ်ပြီး လာခဲ့နော်"

"ဟုက်ကဲ့"

သက်နှင်းဝေရဲ့ ရင်ထဲမှာ ပေါ့ပါးပျော်ရွှင်နေသည်။ ဒေါ်မာ လာကြွယ်က လက်ထပ်ခွင့်ပေးလိုက်ပြီဆိုတာကို ကျော်သူရိန်အား ပြေးပြီးပြောချင်နေသည်။

နံနက်စာကို အားလုံးအတူတကွ ပျော်ရွှင်စွာစားကြသည်။

ဒေါ်မာလာကြွယ်ဆီသို့ ကျော်သူရိန်ထံမှ တယ်လီဖုန်း လာသည်။ လေးလေးငယ်ရဲ့ အခြေအနေကို မေးပြီး သူ ကိစ္စတကြီး ရှိ၍ မန္တလေးသို့ သွားရမည်ဆိုတာကို ပြောသည်။

"အေးကွယ်. . ကိစ္စတွေပြီးရင် ပြန်လာခဲ့ပါ"

"ကျွန်တော် နှစ်ရက်လောက်ကြာမှာပါ ကြီးကြီးမာလာ"

"အေးအေး. . ပြန်လာတာနဲ့ နံ့သာမြိုင်ကို လာခဲ့ဦးနော်"

"ဟုတ်ကဲ့"

ကျော်သူရိန်ရဲ့စိတ်ထဲမှာ လေးလေးငယ်ကို လက်ထပ်ဖို့ ဒေါ်မာလာကြွယ်က ဖိအားပေးဦးမည်ဟု ထင်နေသည်။ အလွန်ချစ်



www.burmeseclassic.com

www.burmeseclassic.com



လှစွာသော သက်နှင်းဝေကို တွေ့လိုလှသော်လည်း လေးလေးငယ်နှင့် ရင်ဆိုင်ရမှာ အတော်ရှက်နေသည်။

"မောင်သူရိန်က ခရီးထွက်သွားပြီ. . နှစ်ရက်လောက်ကြာမယ်တဲ့"

ဒေါ်မာလာကြွယ်ထံမှ စကားသံကိုကြားရပြီး သက်နှင်းဝေက နှုတ်ဆက်ခွင့်တောင်မရှိလိုက်ရသော အဖြစ်အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ကိုကိုက ဖေါ့ကို နှုတ်ဆက်ချင်ရှာမှာပဲ"

"ကိုကိုပြန်လာရင်တော့ ဝမ်းသာစရာသတင်းကို ငါ ပြောရမယ်"

ဒေါ်မာလာကြွယ် လေးလေးငယ်နှင့် မိုးဝေတို့အပြင်ထွက်လည်ကြစဉ်မှာ ဒေါ်သီရိနွယ်က သက်နှင်းဝေကို တိုးတိုးတိတ်တိတ်တိုင်ပင်သည်။

"တူမကြီးရယ်. . ကြီးကြီးကိစ္စ ဘယ်လိုလုပ်ရမလဲ. . ကိုသော်တာက လေးငါးရက်နေရင် ပြန်မှာ. . ကြီးကြီးကိုပါ တစ်ခါတည်းခေါ်သွားချင်တာ"

"ဟုတ်လား. . ဒါဆို ကြီးကြီးက ဘယ်လိုဆုံးဖြတ်လဲ"

"သူနဲ့ လိုက်သွားချင်တယ်"

"ကြီးကြီးမာလာကို လိုက်သွားချင်တဲ့အကြောင်း ပြောလိုက်ပါလား"





"မပြောရဲပါဘူးကွယ်"

"ညကျရင် ကြီးကြီးမာလာအခန်းကို သွားပြီး ပြောလေ. . နှင်းဝေလဲ လိုက်ခဲ့မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

ဒေါ်သီရိနွယ်က ရှက်လည်းရှက်. . ကြောက်လည်းကြောက်နှင့်မို့ ဒေါ်မာလာကြွယ်ကို ရင်ဆိုင်ဖို့ သတ္တိတွေ အများကြီးမွေးရပါမည်။

"စိတ်မပူနဲ့. . အောင်မြင်အောင် နှင်းဝေပြောပေးမယ်"

"ကျေးဇူးပါပဲ တူမကြီးရယ်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

ထိုနေ့ည မိုးဝေနှင့် လေးလေးငယ်တို့ စကားပြောနေကြသည်။ ဒေါ်မာလာကြွယ်က သူ့အခန်းထဲမှာပါ။ ဒေါ်သီရိနွယ်နှင့် သက်နှင်းဝေတို့ ဒေါ်မာလာကြွယ်ရဲ့ အခန်းကို ချီတက်ခဲ့ကြသည်။

"တူအရီးနှစ်ယောက် အတူလာပုံထောက်တော့ ပြောစရာရှိနေပြီထင်တယ်"

အလွန် အကင်းပါးသော ဒေါ်မာလာကြွယ်က ဦးစွာ မေးလိုက်သည်။

"ဟုတ်ပါတယ် မမ"

"ဘာပြောမလို့လဲ ပြောလေ"

ဒေါ်သီရိနွယ်က ပြောဖို့အရေး နှုတ်ကမထွက်အောင်ဖြစ်နေသည်။





"ဟဲ့. . ပြောမယ်ဆို. . ပြောလေ"

ဒေါ်မာလာကြွယ်က စိတ်မရှည်စွာနှင့် အော်လိုက်ခါမှ ဒေါ်သီရိနွယ်က ပိုပြီး မပြောရဲအောင် ဖြစ်သွားသည်။ သက်နှင်းဝေက ကြားဝင်လိုက်ရပါတော့သည်။

"ဒီလိုပါ ကြီးကြီးမာလာ. . ကြီးကြီးသီရိက သူ ငယ်ငယ်က ချစ်ခဲ့ပြီး မပေါင်းခဲ့ရတဲ့သူနဲ့ ပြန်ဆုံနေပါပြီ"

"ဘာပြောတယ်"

သက်နှင်းဝေက အဖြစ်အပျက်အကုန်လုံးကို ပြောပြလိုက်သည်။

"အဲဒါ ကြီးကြီးမာလာရယ်. . ကြီးကြီးသီရိစိတ်ချမ်းသာအောင်လို့ ကြီးကြီးမာလာ ခွင့်ပြုပေးလိုက်ပါနော်"

"ညည်းက အသက်ကြီးမှ တစ်စခန်းထရတယ်လို့အေ. . လူကြားရင် ရှက်စရာကြီး"

"ကြီးကြီးမာလာရယ်. . သူ့ရဲ့ ငယ်ရည်းစားနဲ့ ပြန်ဆုံကြတာပဲ. . ရှက်စရာမဟုတ်ပါဘူး. . ကြီးကြီးသီရိ ဘဝတစ်လျှောက်လုံး လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ပျော်ရွှင်မှုကို ပြန်ပေးလိုက်ပါနော်"

"ညည်းက သူ့ကို လက်ထပ်ချင်တာ တကယ်လားသီရိ"

"မမရယ်. . ဈေးနှမပေါ်မှာ တစ်သက်လုံး သစ္စာရှိရှိနဲ့ စောင့်စားခဲ့တဲ့ သူ့ကို ဝမ်းသာစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပဲပြောပါ. . ညည်းကလဲ သိပ်ပြီး လက်ထပ်ချင်နေတယ်မဟုတ်လား"

"ဟုတ်ကဲ့"

သည်တစ်ခါတော့ ဒေါ်သီရိနွယ် မရှက်မကြောက် သတ္တိရှိရှိနဲ့ ဝန်ခံလိုက်သည်။

"အေးအေး. . ညည်းလဲ ကလေးမှမဟုတ်တာ. . ကောင်းတယ်ထင်ရင် လုပ်ပေါ့"

ဒေါ်မာလာကြွယ်က ကျေနပ်ပုံသိပ်မရသော်လည်း မကန့်ကွက်ပါ။

"ဒါဆို ကျွန်မတို့ လက်ထပ်လို့ရပြီပေါ့"

"ဒီမြို့မှာတော့ လက်မထပ်ပါနဲ့အေ. . ငါ ရှက်လွန်းလို့. . ရန်ကုန်လိုက်သွားပြီး ဟိုမှာပဲ လက်ထပ်ချင် ထပ်ပေါ့"

"ကောင်းပါပြီ. . မမကြီးပြောသလို ကျွန်မ စီစဉ်လိုက်ပါ့မယ်"

"ပြောချင်တာ ဒါပဲမဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို သွားကြတော့. . ငါ နားချင်ပြီ"

"ဟုတ်ကဲ့"

ဒေါ်မာလာကြွယ်ရဲ့ အခန်းထဲကနေ တူအရီးနှစ်ယောက် ပြန်ထွက်ခဲ့ကြသည်။





"ကြီးကြီးသီရိရယ်. . နှင်းဝေ ဝမ်းသာလိုက်တာ"

"ကိုသော်တာသိရင် သိပ်ပြီး ဝမ်းသာမှာပဲနော်"

"ဟုတ်တာပေါ့ ကြီးကြီးရယ်"

"မနက်ကျရင် သူ့ကို သွားပြောလိုက်တော့မယ်"

"ကြီးကြီးနဲ့ခွဲရမှာတော့ နှင်းဝေ ဝမ်းနည်းသား"

"အဲဒါတော့ ဟုတ်တယ်နော်"

ဆယ်ကျော်သက်လေးလို ပျော်ရွှင်ကြည်နူးနေသော ဒေါ်သီရိနွယ်ကိုကြည့်ပြီး သက်နှင်းဝေပါ ပျော်နေသည်။

နောက်တစ်နေ့ နံနက်မှာ ဦးသော်တာက နှံ့သာမြိုင်ကိုရောက်လာသည်။

"ဘဘရေ. . ကြီးကြီးမာလာက ကြီးကြီးသီရိကို လက်ထပ်ဖို့ မီးစိမ်းပြလိုက်ပြီသိလား"

"ဟုတ်လား. . သူ ခွင့်ပြုလိုက်ပြီလား"

"ဟုတ်တယ်. . ခဏထိုင်ဦးနော်. . ကြီးကြီးသီရိကို သွားခေါ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေက ဒေါ်သီရိနွယ်ရဲ့ အခန်းကိုပြေးသွားပြီး ခေါ်လိုက်သည်။

"ကြီးကြီးသီရိရေ့ . . အောက်ထပ်မှာ ချစ်ချစ်ကြီးရောက်နေပြီ"

"ဟဲ့ တိုးတိုး . . မောင်မိုးဝေကြားသွားရင် ရှက်စရာကြီး"

"မကြားပါဘူး . . ကြီးကြီးသီရိရယ်"

ဒေါ်သီရိနွယ်နှင့် ဦးသော်တာအား လွတ်လွတ်လပ်လပ် စကားပြောစေလို၍ သက်နှင်းဝေက ခပ်ခွာခွာရှောင်နေလိုက်သည်။

"ဘယ်လိုလဲသီရိ . . နောက်နှစ်ရက်နေရင် ကိုယ်ပြန်ရတော့မယ် . . သီရိသေသေချာချာဆုံးဖြတ်ပြီးပြီလား"

"မမက ခွင့်ပြုလိုက်ပြီ . . ကိုသော်တာနောက်ကို သီရိလိုက်မယ် . . ရန်ကုန်ကျမှ လက်ထပ်ရမယ်လို့ မမကပြောတယ်"

"ဟုတ်လား . . ဝမ်းသာလိုက်တာ . . ဟိုမှာက ပိုပြီး အဆင်ပြေတာပေါ့ သီရိရယ်"

"ဒီမှာ သီရိလဲရှက်တယ် . . ဟိုမှာ စိစဉ်တာပဲကောင်းပါတယ်"

"ဒါဆို မနက်ဖြန်ခရီးထွက်လို့ အဆင်ပြေပါ့မလား"

"ပြေပါတယ်"

"သီရိ . . ခရီးထွက်ဖို့ ပြင်လိုက်တော့နော်"

"ဟုတ်ကဲ့ပါ"

ဒေါ်သီရိနွယ်ကို အလွန်ခင်တွယ်နေသော သက်နှင်းဝေက





ဒေါ်သီရိနွယ် ရန်ကုန်သို့ အပြီးလိုက်သွားမည်ဆို၍ အတော်လေး စိတ်မကောင်းဖြစ်နေသည်။

"ကြီးကြီးတစ်သက်လုံး စိတ်ဆင်းရဲရသမျှ စိတ်ချမ်းသာတော့မှာကိုတွေးပြီး ငါ ပျော်လိုက်ပါတော့မယ်"

ချစ်သူနှစ်ယောက် ပေါက်ဖက်လိုသော ဆန္ဒကို ကိုယ်ချင်းစာစွာနှင့် ဒေါ်သီရိကို ခွဲနိုင်စိတ်ဖြစ်လာသည်။

အားလုံးအသီးသီးအဆင်ပြေကြပြီမို့ သက်နှင်းဝေက လွန်စွာ ဝမ်းသာနေသည်။ ကျော်သူရိန်ပြန်အလာကို သူ စောင့်မျှော်နေသည်။

ဒေါ်သီရိနွယ် နံ့သာမြိုင်ကထွက်သွားပြီး နောက်တစ်နေ့မှာပဲ မိုးဝေ . . လေးလေးနှင့် ဒေါ်မာလာကြွယ်တို့ မန္တလေးသို့ ဆင်းသွားသည်။ မိုးဝေရဲ့မိဘတွေကို ကြိုရင်းနှင့် မန္တလေးတွင် လေးငါးရက်နေကြမည်ဖြစ်သည်။

နံ့သာမြိုင်မှာ သက်နှင်းဝေနှင့် ဒေါ်မေသာ ကျန်ရစ်ခဲ့သည်။ အိမ်အလုပ်တွေပါး၍ လွတ်လပ်နေသော သက်နှင်းဝေက ကျော်သူရိန်တို့အိမ်ကို ရောက်သွားသည်။

"သမီးရယ် . . ပျောက်ချက်သားကောင်းလိုက်တာ၊ အန်တီဆီတောင်ရောက်မလာဘူး"

"အိမ်မှာ အလုပ်တွေ မအားလို့ပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရဲ့ ချွေးမလေးကို မာလာကြွယ်တို့က မတရား ခိုင်းနေကြတာလား"

"ရှင်"

ဦးမျိုးမြင့်က ပြုံးရယ်ပြီး ချွေးမလေးဟု ခေါ်လိုက်၍ သက်နှင်းဝေလွန်စွာ အံ့ဩသွားသည်။

"ချွေးမလေးလို့ ခေါ်လိုက်လို့ သိပ်အံ့ဩသွားသလား သမီးရယ်"

"ဟုတ်ပါတယ်"

"သားက အန်ကယ့်ကို အကုန်ပြောခဲ့ပြီးပါပြီကွယ်. . လေးလေးငယ်နဲ့ဆို အန်ကယ်လုံးဝ သဘောတူမှာမဟုတ်ဘူး"

"အန်ကယ်က အကုန်လုံးသိနေတယ်ဟုတ်လား"

"သိပ်သိတာပေါ့. . မာလာကြွယ် သူ့သမီးနဲ့ သားကို တိုးအရင်ကတည်းက သိပ်ပြီး ပေးစားချင်နေတာ. . သူ အလိုလိုက်ထားပြီး အရမ်းဆိုးနေတဲ့ မိန်းကလေးကို ချွေးမ မတော်ချင်ပါဘူး"

ဦးမျိုးမြင့်က သူ့ခံစားချက်ကို ဘွင်းဘွင်းကြီး ထုတ်ဖော်နေသည်။

"လေးလေးငယ်ကိုသာယူရင် တစ်သက်လုံး လူရောစိတ်ရော ပင်ပန်းဒုက္ခရောက်မှာပါ"

"လေးလေးငယ်ကြောင့် သမီးတို့လက်ထပ်ဖို့ မဆုံးဖြတ်နိုင်သေးဘူးဆို"





"အရင်က ဟုတ်ပါတယ်. . အခုတော့ ကြီးကြီးမာလာရော လေးလေးငယ်ပါ ခွင့်ပြုပါပြီ. . လေးလေးငယ်က ဒေါက်တာမိုးဝေနဲ့ လက်ထပ်တော့မှာပါ"

"ဟုတ်လား. . ဒေါက်တာမိုးဝေတို့ တွေ့ဖူးတင်လိုက်တာ. . သူ့ကြောင့် သားလေး အနှောင်အဖွဲ့က လွတ်လပ်ရပြီပေါ့"

"ကိုသူရိန်က စာနာသနားတာကလွဲပြီး လေးလေးငယ်အပေါ်မှာ ရိုးရိုးသားသားပါ"

"ဟုတ်ပါတယ်. . အန်ကယ်သိတာပေါ့ကွယ်"

"ဒီနေ့ နှင်းဝေ. . အန်ကယ့်ကို ချက်ပြုတ်ကျွေးမယ်"

"ကောင်းလိုက်တဲ့ အစီအစဉ်. . ညနေ သားပြန်လာမှာ သမီးသိနေလား"

"ဟုတ်ကဲ့"

"ဒါဆို အန်ကယ့်ကို ချက်ကျွေးချင်တာမဟုတ်ဘူး. . သားကို ချက်ကျွေးချင်တာဖြစ်မှာပါ"

"မဟုတ်ပါဘူး. . အန်ကယ့်ကိုလဲ ချက်ကျွေးချင်တာပါ"

"ဒါဆို ချက်စေဗျား"

နို့သာမြိုင်မှာ ဒေါ်မာလာကြွယ်တို့သားအမိမရှိသည့်အတွက် သက်နှင်းဝေက ကျော်သူရိန်တို့အိမ်မှာပဲ တစ်မနက်လုံး ချက်ပြုတ်ပေးပြီးမှ နို့သာမြိုင်ကို ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြင်ဆင်ပြီး ကျော်သူရိန်တို့အိမ်သို့ ထွက်ခဲ့သည်။

"ဟော. . သမီးတောင် ပြန်လာပြီကိုး"

"ဟုတ်ကဲ့ ဘဘ. . ကိုကိုသူရိန် လာခါနီးပြီနော်"

"လာတော့မှာပါ. . သမီးစောင့်နေလိုက်နော်. . အန်ကယ် စာကြည့်ခန်းထဲ ခဏဝင်မလို့"

"ဟုတ်ကဲ့ပါ"

ဦးမျိုးမြင့်က တမင်ရှောင်သွားသည်ဆိုတာ သိလိုက်သည်။ သက်နှင်းဝေက အိမ်ရှေ့ထွက်ပြီး ကျော်သူရိန်ကို စောင့်မျှော်နေသည်။

ကားသံကြားသည်နှင့် ထွက်မကြိုဘဲ စည့်ခန်းထဲတွင် ဝင်ပုန်းနေသည်။ ကျော်သူရိန်စည့်ခန်းထဲဝင်လာစဉ် ကျော်သူရိန်ရဲ့ ရှေ့သို့ အော်ပြီး ဘွားခနဲထွက်လိုက်သည်။

"ဝေး"

"ဟား"

ကျော်သူရိန်က လန့်သွားပြီး သက်နှင်းဝေမှန်းသိသည်နှင့် အဲတင်းပွေ့ဖက်လိုက်သည်။

"လန့်သွားအောင် လုပ်တဲ့ကောင်မလေးကို လန့်အောင်လုပ်လိုက်ဦးမယ်"

အတင်းပွေ့ဖက်နမ်းရှိုက်လိုက်သဖြင့် သက်နှင်းဝေအသက်ရှူပင် မှားသွားသည်။





"လွှတ်ပါဦး ကိုကိုရယ်. . အန်ကယ်ထွက်လာရင် ရှက်စရာကြီး"

"ဖေဖေက ကိုကိုတို့အကြောင်းကို သိပြီးသားပါကွယ်"

"ဒီနေ့ တစ်နေ့လုံး နှင်းဝေဒီမှာလာပြီး ချက်ပြုတ်ပေးနေတာ"

"ဟာ. . တယ်ဟုတ်ပါလား"

"ယောက္ခမကြီးကို ကြိုတင်ပြီး လာဖားတာလား"

"ကိုကိုလေ သုံးလေးရက်လေးခွဲနေရတာ နှင်းဝေလွမ်းကိုလိုက်တာ"

"နှင်းဝေလဲ လွမ်းတာပေါ့"

"ဟုတ်တယ်. . ဒါကြောင့် လေးငယ်ကိုလဲ ဂရုမစိုက်နိုင်တော့ဘူး. . နှင်းဝေကိုကို အမြန်ဆုံးလက်ထပ်မယ်"

"လေးငယ်နဲ့ ကြီးကြီးမာလာက ကိုကိုနဲ့ နှင်းဝေကို သဘောတူလိုက်ပါပြီ"

"မနောက်နဲ့နော်"

"တကယ်ပါ ကိုကိုရဲ့"

"ဟုတ်လား. . ဝမ်းသာလိုက်တာကွာ"

သက်နှင်းဝေရဲ့ ကိုယ်လေးကို ဝမ်းသာအားရနှင့် အတင်းပွေ့ဖက်လိုက်သည်။

"ဝမ်းသာတာ ရိုးရိုးဝမ်းသာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွာ. . ဆန်းဆန်းပဲ ဝမ်းသာချင်တယ်"

"နေဦး လေးလေးငယ်တို့အကြောင်း ပြောဦးမယ်"

"ဘာပြောမလို့လဲ ပြောလေ",

"လေးလေးငယ်က ရန်ကုန်မှာ ဆေးသွားကုရင်းနဲ့ ဒေါက်တာမိုးဝေဆိုတဲ့ ခပ်ချောချော. . ခပ်ထောထောလူနဲ့ ကြိုက်လာတယ်. . မကြာခင် လက်ထပ်တော့မှာ"

"ဟုတ်လား"

"ဟုတ်တယ်. . ကြီးကြီးမာလာကလဲ သဘောတူတယ်. . လေးလေးငယ်ကလဲ တဖြည်းဖြည်းကျန်းမာလာပြီဆိုတော့ အားလုံး အဆင်ပြေပြီပေါ့"

"ပြေတာမှ မပြောနဲ့ ကိုကိုရေ. . ကြီးကြီးသိရိတောင် ငယ်ချစ်ဟောင်းနဲ့ ပြန်ဆုံလို့ ရန်ကုန်မှာ လက်ထပ်လိုက်ပြီ"

"ဟင်. . ဟုတ်လား. . အံ့သြထူးဆန်းဖွယ်တွေချည်းပဲကြားနေရပါလား"

"ဒီ့ထက်ထူးဆန်းတာရှိသေးတယ်"

"ဘာလဲပြော"

"သက်နှင်းဝေဆိုတဲ့ ကောင်မလေးကလေ. . ဒေါက်တာကျော်သူရိန်ဆိုတဲ့လူကြီးကို အသေအလဲ ချစ်နေတာတဲ့"

"ကြည့်စမ်း"





သက်နှင်းဝေက ရွှတ်နောက်နောက်ကလေး ပြောလိုက်သဖြင့် ကျော်သူရိန်က အားပါးတရ ရယ်လိုက်သည်။

"အသည်းယားအောင်မလုပ်နဲ့နော်. . ဒီနေ့ပဲ လက်မှတ်ထိုးပြီး လက်ထပ်ပစ်လိုက်မှာ"

"မလုပ်နဲ့လေ. . သက်နှင်းဝေဆိုတဲ့ကောင်မလေးက နောက်ကျတယ်လို့တောင် ထင်သွားဦးမယ်"

"ကဲ. . ပြော. . ဘယ်တော့ ကိုကို့ကို လက်ထပ်မှာလဲ"

"အဲဒါ. . ကိုကိုစီစဉ်ရမှာလေ"

"ဒါဆို ဘယ်နေ့ပဲကိုစီစဉ် စီစဉ် နှင်းဝေက လက်ခံမယ်ပေါ့"

"ဟုတ်ပါသတဲ့ရှင်"

"ဒါဆို လေးငယ်တို့ထက်ဦးအောင် ကိုကိုစီစဉ်လိုက်မယ်"

"သဘောပါပဲရှင်"

"ကိုကိုရေချိုးလိုက်ဦးမယ်. . ပြီးမှ ထမင်းအတူတူစားမယ်နော်"

"ဟုတ်ကဲ့. . နှင်းဝေထမင်းပွဲပြင်ထားမယ်နော်"

"ကောင်းပြီ"

သက်နှင်းဝေက နွေးစရှိသော ဟင်းနှင့် အရည်သောက်တို့ နွေးပြီး ခူးခပ်ပြင်ဆင်နေစဉ် သားအဖနှစ်ယောက် ထမင်းစားခန်းထဲကို ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်. . ကြည့်ပါဦး. . မိန်းကလေးတစ်ယောက် ဖေဖေတို့အတွက် ထမင်းပွဲပြင်ပေးနေတာမြင်ရတာ ကျက်သရေရှိလိုက်တာနော်"

"ဟုတ်ပါတယ် ဖေဖေ. . နောင်ကို ဒီမြင်ကွင်းကို နေ့တိုင်း ဖေဖေမြင်နေရမှာပါ"

"နေ့တိုင်း ပင်ပင်ပန်းပန်းချက်ကျွေးတာကို ဖေဖေမလိုလားပါဘူးကွယ်"

"သားကလဲ နှင်းဝေကိုချည်း ချက်မခိုင်းပါဘူး. . နှင်းဝေအတွက် အကူထားပေးပြီး သူ့ကို အိမ်ရှင်မကောင်းနေရာကနေ စီစဉ်စေမှာပါ"

"ဖေဖေသိပါတယ်. . သားက သက်နှင်းဝေကို သိပ်ချစ်သိပ်မြတ်နိုးပြီး ပင်ပန်းမှာကို စိုးရိမ်နေတယ်ဆိုတာလေ"

ဦးမျိုးမြင့်က ကျော်သူရိန်ကို ရယ်မောနောက်ပြောင်လိုက်သည်။

"နှင်းဝေက နံ့သာမြိုင်မှာ သိပ်ကို ပင်ပန်းရှာတာ. . ဒါကြောင့် ကိုယ့်အရိပ်မှာ ငြိမ်ငြိမ်းချမ်းချမ်းနေစေချင်တာပါ ဖေဖေရယ်"

"နေရမှာပေါ့ သားရယ်"

"ဟင်းတွေအေးကုန်လိမ့်မယ်. . စားကြရအောင်နော်"

သက်နှင်းဝေက ဦးမျိုးမြင့်နှင့် ကျော်သူရိန်ကို ခူးခပ်ပေးပြီး





သူ့အတွက်တို ခူးခပ်လိုက်သည်။ ဟင်းတွေကိုပါ ဦးချလိုက်သည်။

ဦးမျိုးမြင့်က တစ်လုတ်နှစ်လုတ်စားပြီး ဟင်းတွေကို မြည်းရင်းနှင့် ချီးကျူးလိုက်သည်။

"ကောင်းလိုက်တဲ့လက်ရာ. . လျှာလည်သွားတာပဲ"

"ဟုတ်တယ်နော် ဖေဖေ"

"အဖေ့သားကံကောင်းတယ်. . ရုပ်ရည်ရော အရည်အချင်းပါ ပြည့်စုံတဲ့ မိန်းမကိုရတယ်"

သက်နှင်းဝေက သားအဖနှစ်ယောက်ရဲ့ ချီးကျူးထောမနာစကားတွေကြားမှာ ကြည်နူးဝမ်းသာနေပါသည်။

"သားတို့ ဘယ်တော့လက်ထပ်မလဲ"

"အမြန်ဆုံး စီစဉ်ပေးပါ ဖေဖေ"

"ဘာလို့ ဒါလောက်တောင် အချိန်ဆွဲနေရတာလဲ သားရယ်"

ဦးမျိုးမြင့်က နောက်ပြောင်လိုက်သဖြင့် ကျော်သူရိန်က ရှက်ရယ်ရယ်သည်။

စားသောက်ပြီး သက်နှင်းဝေကို ကျော်သူရိန်က အိမ်ပြန်လိုက်ပို့ပေးသည်။ လူကြီးတွေအိမ်မှာမရှိသော်လည်း အခွင့်အရေးယူပြီး မိုးချုပ်သည်အထိ ကျော်သူရိန်က မနေဘဲ ပြန်သွားသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



(၂၃)

ဒေါ်မာလာကြွယ်တို့ ပြန်ရောက်လာသည့်အခါမှာ ဦးမျိုးမြင့်က လာ၍ ကြောင်းလမ်းသည်။ သက်နှင်းဝေကို လက်ထပ်ဖို့ကိုလည်း သဘောတူလိုက်သည်။

"လေးလေးငယ်တို့က နောက်နှစ်လလောက်မှ လက်ထပ်ဖြစ်ကြမယ်ဆိုတော့. . သက်နှင်းဝေတို့ အရင်လက်ထပ်မှာကို ကြီးကြီးသဘောတူရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ကြီးကြီးရယ်"

"သူ့မှာ မိဘတွေမရှိတော့ ကျွန်မဘဲ မိဘပေါ့ ဦးမျိုးမြင့်ရယ်၊ သူတို့မင်္ဂလာကိစ္စကို ကျွန်မ ကုန်ကျနိုင်သလောက် ပါဝင်ပါ့မယ်"

"ကြီးကြီးရယ်. . အဲဒါတွေမလိုပါဘူး. . ကြီးကြီးသဘောတူပေးတာကိုပဲ ကျွန်တော်က အထူးကျေးဇူးတင်နေတာပါ. ."





လူကြီးတွေပါ ပြေပြေလည်လည် ကြည်ဖြူသွားကြသည်မို့ သက်နှင်းဝေနှင့် ကျော်သူရိန်တို့ အလွန်ဝမ်းသာနေကြသည်။

တစ်ပတ်ခန့်အကြာမှာ သက်နှင်းဝေနှင့်ကျော်သူရိန်တို့ မင်္ဂလာဆောင်လိုက်ကြပါသည်။ စည်ကားသော မင်္ဂလာပွဲကို သက်နှင်းဝေတို့ ဆင်နွှဲလိုက်ပါသည်။

လောလောဆယ် ပျားရည်ဆမ်းခရီးကို မထွက်ဖြစ်သေး၍ အိမ်မှာပဲ မင်္ဂလာဦးအချိန်ကာလကို ဆင်နွှဲရန် ဆုံးဖြတ်ထားကြသည်။

"နှင်းဝေကို ကိုကိုသိပ်အားနာတာပဲကွာ"

"ဘာလို့လဲ ကိုကို"

သက်နှင်းဝေရဲ့ ကိုယ်လေးကို ထွေးပွေ့ရင်းနှင့် ကျော်သူရိန်က ပြောသည်။

"ဟန်းနီးမွန်းမထွက်ရလို့လေ"

"ဩော်. . ဒါလား ကိုကိုရယ်"

"ဟုတ်တယ်. . မင်္ဂလာဦးမှာ အပျော်ခရီးထွက်ချင်တာ အရေးကြီးတဲ့ လူနာကြောင့်ခက်နေတယ်"

"ကိုကို့အတွက် လူနာက ပိုအရေးကြီးပါတယ်. . ဟန်းနီးမွန်းက ဘယ်တော့ထွက်ထွက်ရပါတယ်"

"သိပ်ကိုသိတတ်နားလည်တဲ့ မိန်းမပဲ. . နှင်းဝေကို ကိုကိုရတာ သိပ်ကံကောင်းတယ်"

"နှင်းဝေလဲ ကံကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဝေရဲ့မျက်နှာလေးကို ငုံ့မိုးကြည့်ပြီး ချစ်မြတ်နိုးစွာနှင့်ပြောသည်။

"ကိုကိုရယ်. . နှင်းဝေအတွက် ဟန်းနီးမွန်းဆိုတာ တခြားနေရာသွားစရာမလိုပါဘူး"

"ဘာပြုလို့လဲ"

"ဟော့ဒီ ကိုကို့ရဲ့ရင်ခွင်ကြီးက နှင်းဝေအတွက် ထာဝရဟန်းနီးမွန်းနေရာကြီးပါ"

"ဟား. . နားထဲရော. . ရင်ထဲရောစိမ့်ပြီး ချမ်းသာသွားလိုက်တာကွယ်"

"ကိုကို့အပေါ်မှာ နှင်းဝေကလေ ထာဝရ တားဆီးလို့မရတဲ့ သံယောဇဉ်တွေနဲ့ ကိုကို့ကို တစ်သက်လုံး တုပ်နှောင်ထားမှာ. . ကျေနပ်ရဲ့လား"

"သိပ်ကိုကြိုက်. . သိပ်ကိုကျေနပ်. . ပြီးတော့ သိပ်သိပ်ကို ချစ်တယ်"

သက်နှင်းဝေက အလှပဆုံးအပြုံးတွေနှင့် နှစ်ခြိုက်စွာ ပြုံးလိုက်ပါတော့သည်။

ထာဝရ လေးစားချစ်ခင်လျှက်. . .

မိုးဇာလျှန်းဝေ

သိန်းမင်းစာပေ

www.burmeseclassic.com